ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာစဥ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၃၄၆ ) စန်းလော့နယ်မြေမှ သရဲမျက်နှာသုသာန်ဧကရီ။

ဘုရင်ငယ်ဆယ်ပါး၏ ပွဲတော်ကိစ္စက ထာဝရသင်္ချိုင်းမြေတစ်လျှောက် ပျံ့နှံ့သွားခဲ့သည်မှာ သံသယဖြစ်ဖွယ်မရှိပေ။

ဤတစ်ကြိမ်တွင် ထာဝရသင်္ချိုင်းမြေတစ်ခုလုံး

ပေါက်ကွဲသွားပုံရ၏။

သတင်းကို ပထမဆုံးအကြိမ်ကြားသိရသောအခါ သုသဿာန်သတ္တဝါအားလုံးငြိမ်ကျသွားခဲ့သည်။

၎င်းတို့၏ ပထမဆုံး တုံ့ပြန်ချက်က 'မင်းဘာဖြစ်လို့ ငါ့ကို ငါကိုလာနောက်နေတာလဲ' ဟူ၍ပင် ဖြစ်သည်။

နောက်ပိုင်းမှ အခြေအနေမှန်ကို သိလိုက်ရသောအခါ စကားမပြောဘဲ မယုံနိုင်အောင် ဖြစ်သွား၏။

ဘုရင်ငယ်အဆင့် ပါရမီရှင်ဆယ်ပါးတွင် တစ်ယောက်ချင်းစီက ပါရမီရှင်တို့၏ အထွတ်အထိပ်တွင် ရပ်တည်နေကြသူများ ဖြစ်သည်။

ရလဒ်အနေဖြင့် ယခုအချိန်မှာတော့ ဘုရင်အားလုံးက ပူးပေါင်းတိုက်ခိုက်သည့်တိုင် ကျွင်းရှောင်ယောက်ကို အနည်းငယ်မျှ မထိခိုက်စေဘဲ သူတို့ထဲမှ အချို့သည်ပင် အသတ်ခံလိုက်ရချေပြီ။

ဤအရာ သုသာန်သတ္တဝါများကြားတွင် မုံးတစ်လုံး ပေါက်ကွဲသကဲ့သို့ပင် ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က ပြင်ပကမ္ဘာတွင် ထူးကဲပြီး ပြိုင်ဘက်ကင်းလောက်သော ပါရမီရှင်မှန်း သိရပြီးနောက်တွင် စိတ်လှုပ်ရှားမှုများ အနည်းငယ်ငြိမ်သက်သွားခဲ့သည်။

အကယ်၍ ပြင်ပကမ္ဘာ၏ ပါရမီရှင်တိုင်းက ကျွင်းရှောင်ယောက်ကဲ့သို့ မကောင်းဆိုးရွားဆန်နေပါက သုသာန်သတ္တဝါများ

ပို၍ပင် ခံစားကြရပေလိမ့်မည်။

ဘုရင်ဆယ်ပါး၏ပွဲပြီးသောအခါ
ကျွင်းရှောင်ယောက်က လန်ဟွမ်နှင့်အတူ နေခဲ့သည်။

ရက်အနည်းငယ်ကြာလျှင် သူတို့က သင်္ချိုင်းကမ္ဘာရှိ
အက်ကြောင်းနေရာသို့ အတူတကွ
သွားရောက်ကြပေမည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်သည်လည်း
လက်မှတ်ထိုးဝင်ခြင်းလုပ်ငန်းစဉ်ကို
အပြီးသတ်နိုင်သည်။

သဘောကြီး၏ ဗိမ်ခံအခန်းထဲတွင်...

ကျွင်းရှောင်ယောက်က ကုတင်အစွန်းသို့
ပေါ့ပေါ့တန်တန် မှီပြီး ထိုင်နေသည်။

ချင်ရှန်းအာနှင့် လန်ဟွမ်က ကျွင်းရှောင်ယောက်ကို
ပခုံးနှိပ်ပေးနေကြ၏။

မိန်းကလေးနှစ်ယောက်၏ နူးညံ့ပြီး
ကျောက်စိမ်းနှင့်တူသော လက်များက
ကျွင်းရှောင်ယောက်၏ ပုခုံးများကို စည်းချက်ညီညီ
ဆုပ်နယ်ပေးရာ
အလွန်သက်တောင့်သက်သာရှိခြင်းအား
ခံစားရလေသည်။

ယခင်ကဆိုလျှင်တော့ လန်ဟွမ်က
ကျွင်းရှောင်ယောက်ကို သဘောကျလျှင်ပင်
ဤသို့ပြုရန် မဖြစ်နိုင်ပေ။

သို့ရာတွင် ဘုရင်ငယ်ဆယ်ပါး၏ပွဲ၌
ကျွင်းရှောင်ယောက်၏ ကြီးစိုးမှုနှင့် လွှမ်းမိုးမှုတို့ကို
မြင်ရပြီးနောက် သူ့နှလုံးသားဟာ လုံးဝ
အရည်ပျော်သွားခဲ့ပြီ ဖြစ်သည်။

မူလက သူ့ကိုယ်သူ အလွန်သန်မာပြီဟုထင်ကာ
ကျွင်းရှောင်ယောက်အား စီးချင်သည်။

ယခုတော့ ကျွင်းရှောင်ယောက်၏ အစီးခံရခြင်းကို
တစ်ဖန် စိတ်ကူးယဥ်ခဲ့ပြီ။

သူက အရိုင်းဆန်ပြီး ကြမ်းတမ်းလာလေ၊
ပိုကောင်းလေပင်။

သူမကို လုံး၀ ချေမှုန်းနိုင်ရင် အကောင်းဆုံးဖြစ်မည်။

လန်ဟွမ်လည်း သူမ၏ အတွေးအမြင်များ
အဘယ်ကြောင့် သိသိသာသာ ပြောင်းလဲသွားသည်ကို
မသိပါ။

ယခင်က သူတွေ့ဖူးသည့် ယောက်ျားအားလုံးက
သူမအတွက် ကျေးကျွန်များသဖွယ်
နေခဲ့ကြသောကြောင့် ဖြစ်နိုင်သည်။

ကျွင်းရှောင်ယောက်ကတော့ သူ့ရှေ့တွင်
လွှမ်းမိုးနိုင်စွမ်းရှိစွာ ပြုမူခဲ့သည့် ပထမဆုံးလူပင်။

ထို့ကြောင့် လန်ဟွမ်၏ နှလုံးသားထဲတွင်
ထူးဆန်းသော အလေ့အထတစ်ခု နိုးထလာရသည်။

"ကျွင်းသခင်လေး၊ နင့်ကို သင်္ချိုင်းကမ္ဘာထဲ
အန္တရာယ်ကင်းကင်းနဲ့ ဝင်ခွင့်ပြုကြမယ်လို့ ထင်လား"
လန်ဟွမ်က ကျွင်းရှောင်ယောက်၏ ပုခုံးကို
ဆုပ်နယ်ရင်းမှ ပြောလိုက်သည်။

သူမက ကျွင်းရှောင်ယောက်အတွက် ကိစ္စများကိုပင်
စတင်စဉ်းစားနေခဲ့ပြီ။

"ကိစ္စမရှိပါဘူး၊ သူတို့တားချင်ရင်
စိတ်ပျက်အားငယ်မှုက ဘာလဲဆိုတာကို
ငါနားလည်ခွင့်ပေးမယ်"
ကျွင်းရှောင်ယောက်က ပြောသည်။

လက်ရှစ်ဖက်ပင့်ကူနတ်ဆိုးမျိုးနွယ်၊
သွေးနတ်ဆိုးမျိုးနွယ်နှင့် အခြားမျိုးနွယ်များ၏

ပါရမီရှင်များကို သတ်ခဲ့သည့်အတွက် သူ့အား
ဤအတိုင်းထားမည်မဟုတ်ပါ။

ကျွင်းရှောင်ယောက်ကို သင်္ချိုင်းကမ္ဘာထဲသို့
ဝင်ခွင့်ပြုရန် မဆိုထားနှင့်၊ သတ်ဖြတ်ရန်
ကြံနေခြင်းပင် ဖြစ်နိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့
ဂရုမစိုက်ပါ။

ထိုမျိုးနွယ်များက လှုပ်ရှားဝံ့သရွေ့
ကျွင်းရှောင်ယောက်ဟာ နောင်တဟူသည်ကို
နားလည်စေလိမ့်မည် ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ လျစ်လျူရှုပြီး
လွှမ်းမိုးချုပ်ကိုင်နိုင်သော စကာကိုကြားတော့

လန်ပှွမ်ဟာ ပို၍ပင် ရင်တဒိတ်ဒိတ်ခုန်သွားရသည်။

ငုံနေသော ပန်းဖူးလေးမှလည်း ရေစက်လေးများ စီးကျလာလေသည်။

ဟုတ်သည်၊ ယင်းက သဘာဝရှုခင်းကို ဖော်ပြနေခြင်းဖြစ်၍ အခြား ဘာမှမဟုတ်ပေ။

"စိုနေပြီလား"

ကျွင်းရှောင်ယောက်က ငုံ့ကြည့်လိုက်သည်။

"ဟုတ်တယ်"

လန်ပှွမ်၏မျက်နှာက ရှက်ရွံ့ဟန်ဖြင့် နီမြန်းနေပြီး ခြင်တစ်ကောင်အော်သံကဲ့သို့ တိုးညှင်းပြီး ဆိုလေသည်။

"ဒါဆို မြန်မြန်ဆင်းတော့၊ ငါ့ အိပ်ရာကို ရေမစိုစေနဲ့"
ကျွင်းရှောင်ယောက်က သူ့လက်ကိုဝှေ့ယမ်းပြီး
လန်ဟွမ်ကို ဆင်းစေလိုက်သည်။

လန်ဟွမ် : "…"

ဖြောင့်မတ်လိုက်သည့် ရေခဲတုံးကြီး။

ဤလူသားမျိုးနှင့် ရင်ဆိုင်ရချိန်တွင် မိန်းမလှလေး
လန်ဟွမ်သည်ပင် ကျိန်ဆဲချင်စိတ် ဖြစ်သွားခဲ့ရသည်။

သူ့တွင် ချစ်စရာကောင်းသည့် ပါပီလေးကဲ့သို့
အသွင်အပြင်ရှိသော်လည်း ရေခဲတုံးကြီးကဲ့သို့
နှလုံးသားရှိပေသည်။

ဘေးက ချင်ရှန်းအာလည်း မနေနိုင်ဘဲ
ရယ်မောလိုက်မိသည်။

ဤလူငယ်လေးကို မြင်စကလောက် ကြည့်မရ
မဖြစ်တော့မှန်း သူမ ခံစားလာခဲ့ရပေသည်။

ဤလူငယ်လေးဟာ များသောအားဖြင့်
ခပ်ကြမ်းကြမ်းဖြစ်ပြီး စကားသိပ်မပြောသော်လည်း
တစ်ခါတရံတွင် စိတ်ဝင်စားစရာကောင်းပြီး
ချစ်စရာလည်းကောင်းသည်။

...........

ကျွင်းရှောင်ယောက်က သင်္ချိုင်းကမ္ဘာတွင်းသို့
ဝင်ရောက်ရန် အေးအေးဆေးဆေး

စောင့်ဆိုင်းနေစဉ်...

အခြားဘုရင်များဖြစ်သည့် လုံရှန်း၊ မိုလင်း၊
ကျိုးရင်နှင့် သင်္ချိုင်းနယ်မြေမှ အခြား
ပါရမီရှင်အားလုံးက ၎င်းတို့၏ ခွန်အားကို မြှင့်တင်ရန်
အစွမ်းကုန် ကြိုးစားခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ကျွင်းရှောင်ယောက်
မဝင်နိုင်အောင်
မည်သို့ကဖျက်ယဖျက်လုပ်ရမလဲဆိုတာကို တွေးတော
ကြံဆခဲ့ကြသည်။

ယခင်က ဤစည်းမျဉ်းများ မရှိဘူးဆိုလျှင်ကင်
စည်းမျဉ်းများကို ဖန်တီးရပေမည်။

အခြားတစ်ဖက်တွင်၊ သီးခြားတောင်ထွတ်အထက်၊

အမှောင်ဘုရင်နန်းတော်တွင်...

ချူထျန်းပါ့ တင်ပျဉ်ခွေထိုင်နေသည်။

သူပွဲမတက်ရသည့် အကြောင်းရင်းက သူ့ကိုယ်ပိုင် အကြောင်းပြချက်ကြောင့်မဟုတ်ဘဲ တစ်စုံတစ်ယောက်မှ သွားမရအောင် တားဆီးထား၍ ဖြစ်ချေသည်။

သူ့ရှေ့တွင် ထင်ယောင်ထင်မှားကဲ့သို့ တစ်ဝက်တစ်ပျက် ပုံသဏ္ဍာန်တစ်ခု ရှိနေသည်။

၎င်းက ပုံရိပ်တစ်ခုမျှသာဖြစ်သော်လည်း စကြဝဠာကြီးကို ဖြိုခွင်းလိုပုံရသည့် ကြောက်မက်ဖွယ်စွမ်းအားတစ်ခုအား သယ်ဆောင်ထားခဲ့သည်။

ထိုပုံရိပ်ကတော့ တကယ်ကို
အမှောင်ဘုရင်နန်းတော်၏သခင်၊ ထျန်းမင်
သင်္ချိုင်းကောရာဇ်မှတပါး အခြားမဟုတ်ပေ။

ချူထျန်းပါ့သည် အမှောင်ဘုရင်နန်းတော်နှင့်
ထျန်းမင်သင်္ချိုင်းမြေမှ အသန်မာဆုံးပါရမီရှင်ဖြစ်ပြီး
ထျန်းမင်သင်္ချိုင်းကောရာဇ်၏ တပည့်လည်းဖြစ်သည်။

"ဆရာ၊ ခင်ဗျား ကျွန်တော်ကို ဘာဖြစ်လို့ အဲဒီ
ရှေးဟောင်းမြင့်မြတ်ခန္ဓာနဲ့ ယှဉ်ပြိုင်ခွင့်
မပေးတာလဲ

ချူထျန်းပါ့ မကျေမနပ် ဖြစ်နေသည်။

မူလက သူသည် ဘုရင်ငယ်ဆယ်ပါး၏ပွဲ၌
ကျွင်းရှောင်ယောက်နှင့် ယှဉ်ပြိုင်လိုခဲ့သည်။

ထို့ကြောင့်ပင် ထျန်းမင်သင်္ချိုင်းဂေါရာဇ်က သူ့အား တားဆီးခဲ့ခြင်း ဖြစ်ချေသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်မှာ တစ်ခုခု ရှိတယ်။ မင်းက မသိပေမဲ့ အင်မော်တယ်နယ်မြေကြီးရဲ့ မျိုးဆက်သစ်လူငယ်တွေထဲမှာ သူက အကျော်ကြားဆုံးလို့ ပြောနိုင်တယ်။ ရှေးဟောင်းလူထူးဆန်းတွေတောင် သူ့လက်ထဲမှာ ကျဆုံးခဲ့ကြရသေးတယ်"

ထျန်းမင်သင်္ချိုင်းဂေါရာဇ်က ပြောလိုက်သည်။

"ဆရာ၊ ကျွန်တော်ရဲ့ အသျှင်ခန္ဓာက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်လောက် မကောင်းဘူးလို့ ထင်လို့လား"

ချူထျန်းပါ့ အံကြိတ်လိုက်မိသည်။

ယခင်က အသျှင်ခန္ဓာဟာ သင်္ချိုင်းနယ်မြေ၌ အတုမဲ့၍ ပြိုင်ဘက်ကင်းခဲ့သည်။

ထို့ကြောင့် ချူထျန်းပါ့သည် သူက ကျွင်းရှောင်ယောက်ထက် အားနည်းသည့်အချက်ကို လက်မခံလိုပေ။

ယခုတော့ ချူထျန်းပါ့ဟာ ကျွင်းမိသားစု၏ နတ်ဘုရားသားတော်ကိုကြောက်၍ တွေ့ဆုံပွဲသို့ မလာခြင်းဟုပင် ကောလဟာလများပင်ရှိလာခဲ့ချေပြီ။

ဤအရာက ချူထျန်းပါ့ကို လက်မခံနိုင်အောင် ဖြစ်စေသည်။

"ဆရာတစ်ယောက်အနေနဲ့ ငါမင်းကို သဘာဝအတိုင်း ယုံကြည်မှုရှိပါတယ်။ မင်းမှာ ပြည့်စုံတဲ့ ကိုယ်ခန္ဓာရှိတယ်ဆိုရင် ကျွင်းမိသားစုရဲ့ ပါရမီရှင်ကို သဘာဝအတိုင်း ယှဉ်ပြိုင်နိုင်လိမ့်မယ်၊ ဒါပေမယ့် အခု မင်းက မပြည့်စုံသေးဘူး"

"ဒီအတွက် တစ်ခုတည်းသောနည်းလမ်းက သင်္ချိုင်းကမ္ဘာကိုဝင်ပြီး ပြန်လည်ဝင်စားခြင်းကန်ကို ရှာဖို့ပဲ"

"ဒီအခွင့်ကောင်းက မင်းရဲ့အသျှင်ခန္ဓာကို ပြန်ရယူဖို့နဲ့ ဝိညာဉ်ကို နှစ်ခြင်းမင်္ဂလာပြုဖို့တောင် လုံလောက်လိမ့်မယ်"

"ဒီလိုဆိုရင် အချိန်ကျတဲ့အခါ ကျွင်းမိသားစုက

မြင့်မြတ်ခန္ဓာကို အလွယ်တကူ ကိုင်တွယ်နိုင်မယ်"

ထျန်းမင်သင်္ချိုင်းကောရာဇ်၏ စကားကြားကိုကြားမှ ချန်ထျန်းပါ့ အနည်းငယ်
စိတ်သက်သာရာရသွားသည်။

ထျန်းမင်ကောရာဇ်က သူ့အတွက်
နည်းလမ်းရှာပေးနေခြင်း ဖြစ်ချေသည်။

"ဆရာ့ကို ဒီအတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွင်းမိသားစုက ပါရမီရှင်လည်း သင်္ချိုင်းကမ္ဘာထဲကို ဝင်သွားမယ်ဆိုရင်..."

ချူထျန်းပါ့ တုံ့ဆိုင်းသွားသည်။

ကျွင်းရှောင်ယောက်က သူ အခွင့်အရေးမရအောင်

တားဆီလာမည်ဟု ခံစားမိလေသည်။

နောက်ဆုံးတွင် ကံကြမ္မာအရ သူတို့နှစ်ဦးဟာ ဆန့်ကျင်ဘက်များ ဖြစ်ကြသည်။

ကျွင်းရှောင်ယောက်က သူ၏ခန္ဓာ အပြည့်အဝပြန်ရခြင်းကို ထိုင်ကြည့်နေသည်အထိ အလွန်မိုက်မဲရန် မဖြစ်နိုင်ပေ။

ထျန်းမင်ကေရာဇ်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။
"စိတ်မပူပါနဲ့၊ သူ့ကို သတ်လိုက်တာက ကြီးမားတဲ့ လှုပ်ခတ်မှုတွေ ဖြစ်စေနိုင်တယ်"

"ဒါပေမယ့် သူ သင်္ချိုင်းကမ္ဘာထဲ မဝင်နိုင်အောင် တားဆီးထားရုံကတော့ အခက်အခဲတော့ မရှိဘူး။ အမှောင်ဘုရင်နန်းတော်က ဒီကိစ္စကို သဘာဝအတိုင်း

ကိုင်တွယ်ဖြေရှင်းပေးလိမ့်မယ်"

ထျန်းမင်ဧကရာဇ်၏စကားကို နားထောင်ပြီးနောက် ချူထျန်းပါ့လည်း နောက်ဆုံးတွင် လုံး၀ စိတ်သက်သာရာရသွားသည်။

"ကျွင်းမိသားစုရဲ့ မြင့်မြတ်သားတော်၊ ငါ့ရဲ့ခန္ဓာ လုံးလုံးလျားလျား ပြန်ရလာတဲ့အခါ မင်းငါ့ကို ဘယ်လိုတိုက်ခိုက်နိုင်မှာလဲ။ ဒီဘ၀မှာ ငါ့ရဲ့ အသျှင်ခန္ဓာက လောကတစ်ခုလုံး လွှမ်းမိုးသွားလိမ့်မယ်"

ချူထျန်းပါ့က သူ၏ ရည်မှန်းချက်ကို ထုတ်ဖော်ပြောလိုက်သည်။

သူက ရှေးဟောင်းမြင့်မြတ်ခန္ဓာကို နင်းချေကာ ရှေးဟောင်းအသျှင်ခန္ဓာ၏ ဂုဏ်သိက္ခာအား

အမြင့်ဆုံးသို့ ပို့လိုသည်။

ထာဝရသချိုင်းမြေ တစ်ခုလုံးမှာတော့ သင်္ချိုင်းကမ္ဘာ၏ ကိစ္စကြောင့် မုန်တိုင်းများက တဟုန်ထိုး တက်လာခဲ့ချေပြီ။

………

စန်းလော့နယ်မြေရှိ အမှောင်နန်းတော်အတွင်းတွင်…

အနက်ရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည့် ရုပ်သွင်တစ်ခုက အဖြူရောင်အရိုးဖြင့်ပြုလုပ်ထားသော ပလ္လင်ပေါ်တွင် ထိုင်နေသည်။

ထာဝရသခ်ျိုင်းမြေဆယ်ခု၏ ကေရာဇ်ဆယ်ပါးတွင် ဒဏ္ဍာရီဆန်ဆန် တည်ရှိမှုတစ်ခု ရှိခဲ့သည်။

သုသာန်သတ္တဝါအားလုံးကတော့ သူမကို ခေါ်ဝေါ်သမုတ်လေသည်။

ထိုအမည်သည်ကား သရဲမျက်နှာသုသာန်ကေရီ ဖြစ်သတည်း။

--------

အခန်း ( ၃၄၇ ) သရဲမျက်နှာသုသာန်ကေရီ၏ ကံ၊ ကံကြမ္မာရန်သူ မြင့်မြတ်ခန္ဓာနှင့် အသျှင်ခန္ဓာ။

အားလုံးသိကြသည့်အတိုင်း၊ ထာဝရသခ်ျိုင်းတွင်

နယ်မြေကြီးဆယ်ခုရှိပြီး တစ်ခုစီမှာလည်း သင်္ချိုင်းသခင်တစ်ဦး ရှိကြသည်။

ဥပမာအားဖြင့် ယင်မင်နယ်မြေတွင် ကြွေလွင့်ငှက်မွေးမျိုးနွယ်၏ ကြွေလွင့်ငှက်မွေး ကေရာင်။

အဇူရာနယ်မြေတွင် အဇူရာမိစ္ဆာတိုင်းပြည်၏ အဇူရာကေရာင်။

ထျန်းမင်နယ်မြေတွင် အမှောင်ဘုရင်နန်းတော်၏ အမှောင်ဘုရင်သင်္ချိုင်းကေရာင်ဟူ၍။

သို့သော်လည်း အဆိုပါ နယ်မြေဆယ်ခုတွင် နယ်မြေတစ်ခုက အလွန်ထူးခြားသည်။

ယင်းက စန်းလော့နယ်မြေ ဖြစ်ချေသည်။

အခြားနယ်မြေများတွင် နယ်မြေကောရာဇ်တိုင်းက အင်မော်တယ် အင်အားစုများ၏ ခေါင်းဆောင်များ ဖြစ်သည်။

သို့သော်လည်း စန်းလော့နယ်မြေသခင်ကတော့ အထီးကျန်ဆန်ပြီး အင်အားစု မရှိပေ။

အရေးကြီးဆုံးအချက်မှာ စန်းလော့နယ်မြေသခင်က အမျိုးသမီးတစ်ဦး ဖြစ်နေခြင်းဖြစ်သည်။

သူ၏ နာမည်အရင်းကို ဘယ်သူမှမသိဘဲ သူမ၏ မျက်နှာကိုလည်း တစ်ခါမှ မပြသခဲ့ပေ။

အကြောင်းမှာ သူမက ရှုံ့မဲ့နေသော
မျက်နှာဖုံးကြီးတစ်ခုကို အမြဲဝတ်ထား၍ ဖြစ်သည်။

ထို့ကြောင့်ပင် ထာဝရသချိုင်းနယ်မြေ ဆယ်ခုရှိ
သက်ရှိသတ္တဝါအားလုံးတို့က သရဲမျက်နှာ
သုသာန်ဧကရီဟု ခေါ်ဆိုခဲ့ကြသည်။

သို့သော်လည်း သရဲမျက်နှာသုသာန်ဧကရီ၏
ခွန်အားကတော့ စံထားလောက်သည်။

ဟိုးယခင်ကတည်းက သရဲမျက်နှာသုသာန်ဧကရီသည်
စန်းလော့နယ်မြေ၏ အုပ်ချုပ်သူဖြစ်ခဲ့ပြီး
သူ့အဆင့်အတန်းကိုလည်း မည်သူမျှ
ကိုင်မလှုပ်နိုင်ခဲ့ပေ။

အတိတ်တွင် သရဲမျက်နှာသုသာန်ကေရီကို
စိန်ခေါ်လိုသော အခြားသုသာန်ကေရာင်ဇ်များ
ရှိဖူးသော်လည်း အဆုံးတွင် အားလုံးသေဆုံးခဲ့ရသည်။

ထို့ကြောင့် ကေရာင်ဇ်ဆယ်ပါးကို
အဆင့်သတ်မှတ်ရာတွင် သရဲမျက်နှာသုသာန်ကေရီက
အငြင်းပွားဖွယ်မရှိသော ပထမနေရာအား
အပိုင်ရယူထားခဲ့သည်။

အမှောင်ဘုရင်နန်းတော်၏ သုသာန်ကေရာင်ဇ်ပင်လျှင်
ဒုတိယအဆင့်သာရှိပေသည်။

ယင်းမှတစ်ဆင့် ထာဝရသင်္ချိုင်းမြေတွင်
သရဲမျက်နှာသုသာန်ကေရီ၏ ဂုဏ်သိက္ခာနှင့်
အဆင့်အတန်းကို တွေ့မြင်ရနိုင်သည်။

ထိုအချိန်၊ စန်းလော့နယ်မြေရှိ
အမှောင်နန်းတော်ထဲတွင်...

အဖြူရောင်အရိုးပလ္လင်ပေါ်၌
သရဲမျက်နှာသုသာန်ကေရီ ထိုင်နေသည်။

သူမက သွယ်လျပြီး စွဲမက်ဖွယ်ကောင်းသော
သူ့ခန္ဓာကို အနက်ရောင်ဝတ်စုံဖြင့် လွှမ်းထားသည်။

သူ့အသားအရည်က ဖြူစင်ပြီး တောက်ပမှုရှိ၏။

သူမ၏ရှည်လျားသော အနက်ရောင်ဆံပင်များကတော့
သူ့ပခုံးထက်တွင် ပျင်းရိနေဟန်ဖြင့် ပုံကျနေလေသည်။

သူမ၏မျက်နှာတွင် သရဲမျက်နှာဖုံးကို

ဝတ်ထားသော်လည်း စွဲမက်ဖွယ် မိန်းမလှတစ်ဦးမှန်း သိနိုင်သည်။

ယင်းက ထာဝရသင်္ချိုင်းမြေ၏ ရှားပါးအလှစာရင်းဝင် ဖြစ်ချေသည်။

သရဲမျက်နှာသုသာန်ကေရီသည် သူမ၏ မျက်နှာကိုမပြသသော်လည်း အရှိန်အဝါနှင့် ခန္ဓာကိုယ်အချိုးအစားကပင် သတ္တဝါအားလုံးကို စွဲဆောင်ထားရန် လုံလောက်သည်။

ဤသင်္ချိုင်းမြေတွင် အလှဆုံးဖြစ်သည့် လန်ဟွမ်သည်ပင် သရဲမျက်နှာသုသာန်ကေရီပြီးနောက် ဒုတိယအဆင့်သာ ဖြစ်ပေမည်။

ထိုအခိုက်တွင် သရဲမျက်နှာသုသာန်ကေရီက

သွယ်လျသော လက်ချောင်းလေးဖြင့် ပလ္လင်ကို
တစ်ချက်ခေါက်လိုက်သည်။ ထိုသည်မှာ
အင်အားမရှိသော်လည်း တိတ်ဆိတ်ငြိမ်သက်နေသော
ခန်းမအတွင်းဝယ် ကျယ်လောင်စွာ
ထွက်ပေါ်လာသည်။

သင်္ချိုင်းဂေရာဇ်များထဲတွင်
သရဲမျက်နှာသုသာန်ဂေရီက မယုံနိုင်စရာ
ဖြစ်ပေသည်။

သူဟာ နိုးထလာကတည်းက တစ်ယောက်တည်းပဲ
အမြဲနေခဲ့သည်။

ထိုအတွက် သူမသည် ဘယ်သောအခါမှ
အထီးကျန်မှုကို မခံစားခဲ့ရသလို၊
သက်ရှိသတ္တဝါအားလုံးကိုလည်း ဂရုမစိုက်ခဲ့ပေ။

ရံဖန်ရံခါ၌သာ ကစဉ့်ကလျားဖြစ်နေသော အမှတ်တရများ ဖြစ်လာတတ်ပေသည်။

အချို့သော မြင်ကွင်းများက တောက်ပမှု ရှိသည်။

ဥပမာအားဖြင့်၊ သူ့ကိုကျောခိုင်းကာ ကောင်မလေးတစ်ယောက်၏ လက်ကိုဆွဲထားသေယ အဖြူရောင်ဝတ် ကောင်လေးတစ်ယောက်...

ထိုကောင်မလေးကတော့ လက်ထဲတွင် ရှုံ့မဲ့နေသော မျက်နှာဖုံးတစ်ခုကို ကိုင်ဆွဲထားလေသည်။

"ဒါက ဘယ်သူ့ရဲ့ကံလဲ၊ ဒါမှမဟုတ် ငါကိုယ်တိုင်ပဲလား"

သရဲမျက်နှာသုသာန်ကေရီက သူ့ကိုယ်သူ ရေရွတ်လိုက်သည်။

သူမ၏ အသံသည် ဆွဲဆောင်မှုအပြည့်ရှိပြီး အနည်းငယ် အက်ရှရှနိုင်ပုံ ရပေသည်။

"ဒီအတောအတွင်းမှာ ငါဘာဖြစ်လို့ အဆင်မပြေသလို ခံစားနေရတာလဲ၊ ဘာတွေဖြစ်နေတာလဲ"

သရဲမျက်နှာသုသာန်ကေရီက စိတ်ရှုပ်ထွေးစွာဖြင့် ရေရွတ်လိုက်သည်။

သူမ၏ လက်ဝါးထဲမှာတော့ အိတ်တစ်ထုပ်ကို ခပ်ဖွဖွ ဆုပ်ကိုင်ထားလေသည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ ဤနေရာတွင် ရှိနေပါက မမျှော်လင့်ထားသကဲ့သို့ ခံစားရမည်

ဖြစ်သည်။

သရဲမျက်နှာသုသာန်ကေရီ၏ လက်ထဲတွင်ရှိသော အိတ်ကလေးက အောက်ကမ္ဘာတွင် သူရထားခဲ့သော အိတ်နှင့်တူညီသည်။

ထိုအိတ်က လူစွမ်းကောင်းဝိညာဥ်ပလ္လင်ပေါ်ရှိ သရဲမျက်နှာနှင့်မိန်းကလေးတစ်ဦးထံမှ ဖြစ်ချေသည်။

"ခုနစ်ရောင်လီလီပန်းက အနှစ်တစ်ထောင်မှာ အင်မော်တယ်အဖြစ်ကို ရောက်ခဲ့ပြီ။ ဒါက ငါနဲ့သက်ဆိုင်တဲ့ ကံကြမ္မာပဲလား။ ဒီလိုဆိုရင် ဒီလိုမျိုး လုပ်နိုင်တဲ့သူက မကြာသေးခင်ကမှ အကြီးအကျယ် ရုန်းရင်းဆန်ခတ်ဖြစ်စေခဲ့တဲ့ ကျွင်းမိသားစုရဲ့ ပါရမီရှင်ပဲ ဖြစ်လိမ့်မယ်"

သရဲမျက်နှာသုသာန်ကေရီ၏ မျက်နှာဖုံးအောက်မှ

မျက်လုံးများက မှုန်ဝါးလာသည်။

ကျွင်းရှောင်ယောက်က ထာဝရသင်္ချိုင်းမြေဆယ်ခုကို အတော်လေး အနှောက်အယှက်ဖြစ်စေခဲ့ရာ သူသည်လည်း သဘာဝအတိုင်း သိပေသည်။

"ကြည့်ရတာ ငါကိုယ်တိုင် အဲဒီကို ခရီးထွက်ရမယ်ထင်တယ်"

သရဲမျက်နှာသုသာန်ကေရီက ခပ်တိုးတိုးလေး ရေရွတ်သည်။

ထို့နောက်မှာတော့ အမှောင်နန်းတော်တစ်ခုလုံး ပြန်လည် တိတ်ဆိတ်သွားတော့သည်။

………

ရက်အနည်းငယ်ကြာပြီးနောက်…

သုသာန်ကမ္ဘာထဲသို့ ဝင်ရမည့်နေကို
ရောက်လာခဲ့ချေပြီ။

ထာဝရသင်္ချိုင်းတွင်းရှိ သတ္တဝါများစွာတို့လည်း
သင်္ချိုင်းကမ္ဘာ၏အစွန်းသို့သွားရန် ပြင်ဆင်ခဲ့ကြသည်။

အများစုက
ကိုယ်တိုင်ဝင်ရန်အရည်အချင်းမပြည့်မီသော်လည်း၊
ပါဝင်ဆင်နွှဲနိုင်ရုံဖြင့်ပင် အလွန်ကောင်းနေခဲ့ချေပြီ။

ကျွင်းရှောင်ယောက်နှင့် အခြားသူများလည်း
ထွက်ခွာခဲ့ကြသည်။

ခရီးစဉ်ကို စီစဉ်ရန်ကား လန်ဟွမ်နှင့်
အတူသွားမည်ဖြစ်၍ ကျွင်းရှောင်ယောက်ဟာ ဘာမှ
စိတ်ပူစရာမလိုဘဲ ငြိမ်သက်စွာ စောင့်ဆိုင်းနေရုံသာ
ဖြစ်သည်။

သင်္ချိုင်းကမ္ဘာက သင်္ချိုင်းနယ်မြေဆယ်ခု၏
အမြုတေဖြစ်ချေသည်။

ထျန်းမင်နယ်မြေ၏မြောက်ဘက်စွန်းတက
သင်္ချိုင်းကမ္ဘာနှင့် ထိစပ်နေခဲ့သည်။

အက်ကြောင်းကလည်း ထိုနေရာ၌သာ ရှိပေသည်။

ယင်းက သေခြင်းအရှိန်အဝါများ ပြည့်နှက်နေသော

နယ်မြေတစ်ခုပင်။

မြေကြီးက ကြက်သွေးရောင်ဖြစ်ပြီး စစ်ကြီးအပြီး၌ သွေးများဖြင့် စွန်းထင်းနေသကဲ့သို့ ဖြစ်သည်။

အမည်မသိသတ္တဝါမျိုးစုံ၏ အရိုးများကလည်း နေရာအနှံ့ ပြန့်ကျဲလျက်ရှိသည်။

ဤနေရာတွင် သာမန်သတ္တဝါများအတွက် သတ္တိနှင့် ယုံကြည်မှုများ ကင်းမဲ့သွားရမည် ဖြစ်သည်။

လွန်ခဲ့သောဆယ်နှစ်ကျော်က သင်္ချိုင်းကမ္ဘာ ပိတ်ဆို့သွားခဲ့၍လည်း လာရောက်ကြသူများ ပို၍ နည်းပါးခဲ့ပေသည်။

သို့သော်လည်း ယနေ့မှာတော့…

မူလက မြေရိုင်းဒေသကဲ့သို့
တိတ်ဆိတ်နေသောနယ်မြေက
အလွှန်အသက်ဝင်လာသည်။

မြောက်မြားစွာသော သုသန်သတ္တဝါ အင်အားစုများ
စုဝေးခဲ့ပေသည်။

ကောင်းကင်ယံတွင် အရိုးနဂါးများနှင့် အရိုးစုငှက်
အမျိုးမျိုးတို့ဆွဲသော ရထားများဖြင့် လာကြသည်။

ပုရွက်ဆိတ်များကဲ့သို့ မြေပြင်အနှံ့ ပြည့်နှက်နေအောင်
လာရောက်ကြသော သုသာန်သတ္တဝါများလည်း
ရှိသေးသည်။

၎င်းတို့က ဤနေရာသို့ လာရခြင်းမှာ သုသာန်ကမ္ဘာနှင့် ဗဟုတ ရလိုသည့်အပြင်...

ကျွင်းရှောင်ယောက်နှင့် အမှောင်ဘုရင်နန်းတော်ကြားမှ တိုက်ပွဲကလည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်သည်။

ဤတိုက်ပွဲက အတော်ပင် မျက်စိကျစရာ ဖြစ်ချေသည်။

အတိုင်းအတာတစ်ခုအထိ၊ ၎င်းသည် အင်မော်တယ်နယ်မြေကြီးမှ အသန်မာဆုံး ပါရမီရှင်နှင့် အစွမ်းထက်ဆုံး ပါရမီရှင်ကြားမှတိုက်ပွဲကို ကိုယ်စားပြုသည်။

ယင်းက သဘာဝအတိုင်း အံ့သြစရာ ကောင်းပေမည်။

"ဝုန်း"

ကောင်းကင်တွင် ဆူညံသံအမျိုးမျိုး
ထွက်ပေါ်လာသည်။ ဘုရင်ငယ်များ
ရောက်ရှိလာခဲ့ကြချေပြီ။

အလောင်းကောင်နဂါးမျိုးနွယ်မှ လုံရှန်း၊
ကောင်းကင်ဝါးမျို မိစ္ဆာစပါးအုံးမျိုးနွယ်မှ မိုလင်း၊
ကျိုးရင်မျိုးနွယ်၊ သွေးနတ်ဆိုးမျိုးနွယ်နှင့်
အခြားမျိုးနွယ်မှ ပါရမီရှင်အားလုံး
ရောက်လာခဲ့ကြသည်။

၎င်းတို့၏ အရှိန်အဝါများကတော့ ယခင်ကထက်
သိသိသာသာ ပို၍အားကောင်းလာသည်။

ဤအချိန်တိုလေးအတွင်း၌ သူတို့အားလုံး
တစ်နည်းနည်းဖြင့် အားကောင်းလာကြောင်း
သိသာထင်ရှားလှပေသည်။

အထူးသဖြင့် ကျိုးရင်သည် ယခင်
ဘုရင်ငယ်ဆယ်ပါး၏ပွဲ၌ မလှုပ်ရှားခဲ့၍
၎င်း၏အသေးစိတ်အချက်အလက်များကို
သူတို့မသိနိုင်ပေ။

ထို့ပြင် ကျွင်းရှောင်ယောက် သတ်ဖြတ်ခံခဲ့ရသော
လက်ရှစ်ဖက် ပင့်ကူနတ်ဆိုးမျိုးနွယ်နှင့်
အလောင်းသန့်စင်ဂိုဏ်းတို့လည်း ရောက်ရှိလာသည်။

၎င်းတို့၏ ရည်ရွယ်ချက်ကတော့
ကျွင်းရှောင်ယောက်ကို သင်္ချိုင်းကမ္ဘာထဲသို့
မဝင်နိုင်စေရေး တားဆီးကြရန်ပင် ဖြစ်သည်။

ထိုအချိန်တွင် မြေကြီးက ရုတ်တရက် တုန်ခါသွားပြီး အနက်ရောင် ဘီလူးကြီးတစ်ကောင် တောင်ပေါ်သို့ လျှောက်လာသည်။

"ဒါက အမှောင်ဘုရင်နန်းတော်ရဲ့ နတ်ဆိုးရုပ်သေးပဲ၊ နောက်ဆုံးတော့ အမှောင်ဘုရင်နန်းတော် ရောက်လာခဲ့ကြပြီ"

အနက်ရောင် ရောမ ရုပ်သေးကြီးကို တွေ့လိုက်သောအခါ လူအုပ်ကြီးက တုန်လှုပ်သွားကြသည်။

အမှောင်ဘုရင်နန်းတော်က ထာဝရသင်္ချိုင်းမြေတွင် အသန်မာဆုံး အင်အားစုများထဲမှ တစ်ခုဖြစ်သည်။

ထိုအချိန်တွင် လူတစ်စုသည် ရောမနတ်ဆိုး
ရုပ်သေး၏ထိပ်တွင် ရပ်နေလေသည်။

အရှေ့မှ ခေါင်းဆောင်လာသူက အက်ကြောင်းများ
ဖုံးလွှမ်းနေသော ကြေးဝါရောင် ကြွက်သားများဖြင့်
အမျိုးသားဖြစ်သည်။  သူ၏
အနက်ရောင်ဆံပင်များက လေထဲတွင်
တဖျပ်ဖျပ်လှုပ်ရှားနေလေသည်။

သူ့မျက်နှာက ကြမ်းတမ်းပြီး မျက်လုံးထဲမှာလည်း
ကြယ်တာရာပုံရိပ်များက ဖြစ်ပေါ်နေသည်။ သူ့ထံမှ
မာနကြီးပြီး လွှမ်းမိုးနိုင်သော အရှိန်အဝါများလည်း
ထွက်ပေါ်နေလေသည်။

လမ်းကြောင်းအားလုံးကို တွန်းလှန်နိုင်ပုံရသော
ထိုလူငယ်ကတော့ တကယ်ကို ချူထျန်းပါ့ ဖြစ်သည်။

"နောက်ဆုံးတော့ ဘုရင်ငယ်ဆယ်ပါးရဲ့ ခေါင်းဆောင်၊ ရှေးဟောင်းအသျှင်ခန္ဓာ ချူထျန်းပါ့ ရောက်ရှိလာခဲ့ပြီ"

ချူထျန်းပါ့ ရောက်လာသည်အား မြင်ရသောအခါ သုသာန်သတ္တဝါများ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

ဤအတွင် အခြား အကြောင်းပြချက်မရှိပါ။ ချူထျန်းပါ့က ကျွင်းရှောင်ယောက်ကို အနိုင်ယူပြီး ထာဝရသင်္ချိုင်းမြေ၏ဂုဏ်သတင်းအား ပြန်လည်ရယူရန် ဖြစ်နိုင်ခြေအရှိဆုံး ပါရမီရှင် ဖြစ်သောကြောင့်သာ ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ မြင့်မြတ်ခန္ဓာ ဘယ်မှာလဲ"

ချူထျန်းပါ့က ပတ်ဝန်းကျင်ကို စူးရှသော

လင်းယုန်မျက်လုံးများနှင့် အကဲခတ်လိုက်သည်။

ချူထျန်းပါ့၏ လွှမ်းမိုးနိုင်စွမ်းရှိသော အရှိန်အဝါကို မြင်လိုက်ရသောအခါ သုသာန်သတ္တဝါအားလုံး နှလုံးသားများ တုန်လှုပ်သွားသည်အထိ ပို၍ပင် စိတ်လှုပ်ရှားသွားခဲ့သည်။

ရှေးဟောင်းအသျှင်ခန္ဓာက ထာဝရနတ်ဘုရား ဖြစ်ချေသည်။

သုသာန်သတ္တဝါများ၏ စိတ်ဓာတ်တက်ကြွမှုက အထွတ်အထိပ်သို့ ရောက်ရှိနေချိန်တွင်...

အေးစက်ပြီး သရော်သံပါသည့် အသံတစ်ခုကိုည ရယ်မောသောအသံကို ရုတ်တရက် ကြားလိုက်ရသည်။

"ဒုက္ခိတ ခန္ဓာတစ်ခုက သေဖို့
စိတ်အားထက်သန်နေတာလား"

အသံထွက်လာသည်နှင့်အမျှ
ဇိမ်ခံသင်္ဘောကြီးတစ်စင်း ရောက်လာခဲ့၏။

သင်္ဘောထိပ်မှာတော့ အဖြူရောင်ဝတ်
ကောင်းကင်ထက်တွင်ရပ်နေသော နတ်တစ်ပါးကဲ့သို့
တည်ငြိမ်ကာ သပ်သပ်ရပ်ရပ်ရှိသည့် ပုံရိပ်တစ်ခု
ရှိပေသည်။

မြင့်မြတ်ခန္ဓာနှင့် အသျှင်ခန္ဓာ။

ကံကြမ္မာအရ ရန်သူများ။

နောက်ဆုံးတော့ ၎င်းတို့ ဆုံတော့မည်။

--------

အခန်း ( ၃၄၈ ) ကျွင်းရှောင်ယောက်
သနျိုင်းကမ္ဘာထဲသို့ ဝင်ရောက်မည်အား လက်မခံပါ၊
မထင်မှတ်ထားသော အကူအညီ။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ ကျွင်းရှောင်ယောက်။

ကောင်းကင်အသျှင်ခန္ဓာ ချုုထျန်းပါ့။

ဒီလူနှစ်ယောက်ထဲမှာ တစ်ယောက်က
မယုံနိုင်စရာကောင်းတဲ့ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်။

တစ်ယောက်ကတော့ ထာဝရသင်္ချိုင်းမြေဆယ်ခုနဲ့ ဘုရင်ငယ်ဆယ်ပါးတို့အနက် ခေါင်းဆောင်။

ဒီလူနှစ်ဦးကြား ဆုံတွေ့မှုက အခြေအနေအမျိုးမျိုးကို လှုံ့ဆော်ခဲ့ပြီး မရေမတွက်နိုင်တဲ့ သတ္တဝါများရဲ့အာရုံစိုက်မှုကို ခံခဲ့ရပြီလို့ ဆိုနိုင်သည်။

လူများစွာဟာ ချူထျန်းပါ့၏နှုတ်မှ ကျွင်းမိသားစု၏ မြင့်မြတ်ခန္ဓာဟူသော စကားများကိုကြားသောအခါ မျက်နှာအမူအရာများ အေးခဲသွားသည်။

"ငါ... ငါကြားလိုက်တယ်၊ ချူထျန်းပါ့က ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကို မြင့်မြတ်ခန္ဓာလို့ ခေါ်လိုက်တယ်၊ ဒါက တကယ်ကို ရှေးဟောင်းမြင့်မြတ်ခန္ဓာပဲလား"

"ဟုတ်တယ်၊ ဒီအတိုင်းဆိုရင်တော့ ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ ခန္ဓာက အရမ်းအစွမ်းထက်တာ အံ့သြစရာမဟုတ်တော့ပါဘူး။ ဒါက ရှေးဟောင်းမြင့်မြတ်ခန္ဓာပဲ"

"ဒါပေမဲ့ ရှေးဟောင်းမြင့်မြတ်ခန္ဓာက အသုံးမဝင် ဖြစ်သွားခဲ့ပြီ မဟုတ်လား။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဘာလို့ ဒီလောက်သန်မာနေသေးတာလဲ"

"ဒါတော့ ဘယ်သူသိမှာလဲ၊ တချို့မွန်းစတားတွေက သာမန် အသိအမြင်နဲ့ တိုင်းတာလို့မရဘူး။"

ကျွင်းရှောင်ယောက်က ရှေးဟောင်းမြင့်မြတ်ခန္ဓာမှန်း သိသွားသောအခါ အားလုံး ရုတ်ရုတ်သဲသဲ

ဖြစ်ကုန်သည်။

ဤမတိုင်မီက ကျွင်းရှောင်ယောက်ဟာ
ရှေးဟောင်းမြင့်မြတ်ခန္ဓာမှန်း မည်သူမျှမသိခဲ့ပေ။

နောက်ဆုံးတွင်၊ ထာဝရသင်္ချိုင်းမြေနှင့်
အင်မော်တယ်နယ်မြေကြီးမှ သတင်းများက
ဆက်သွယ်မှုမရှိ၍ သိပ်မသိကြပါ။

အမှောင်ဘုရင်နန်းတော်ကဲ့သို့
ထိပ်တန်းအင်အားစုများအပြင် တချို့သော
ပြင်ပကမ္ဘာအကြောင်း သိနိုင်သည်။

သာမာန်အားဖြင့် သုသာန်သတ္တဝါများသည်
အင်မော်တယ်နယ်မြေကြီး၌ ဖြစ်ပျက်ခဲ့သည်များကို
လုံးဝ မသိပါ။

သို့ရာတွင် ၎င်းကိုသိပြီးနောက် နေရာမှ
သုသာန်သတ္တဝါအားလုံး ပို၍ပင်
စိတ်လှုပ်ရှားသွားခဲ့ကြသည်။

ဤသည်မှာ အနှစ်တစ်သောင်းအတွင်း ရှားရှားပါးပါး
တွေ့ဆုံမှုဖြစ်သည့် အသျှင်ခန္ဓာနှင့်
မြင့်မြတ်ခန္ဓာတို့ကြား ထိပ်တိုက်တွေ့မှု ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်၏ မထီမဲ့မြင်ပြုသော
စကားကိုကြားသော် ချူထျန်းပါ့က အေးစက်စက်ဖြင့်
ပြောလိုက်သည်။

"ရှေးဟောင်းအမှိုက်ခန္ဓာ၊ မင်းလို
ရှေးဟောင်းအမှိုက်ခန္ဓာက ငါ့ကို
ဒီလိုစကားမျိုးပြောရအောင်
ဘယ်လိုအရည်အချင်းရှိလဲ "

ချူထျန်းပါ့၏ စကားများက ယုတ္တိမရှိတာတော့ မဟုတ်ပါ။

ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် ကောင်းကင်ခန္ဓာသည် ရှေးကတည်းက ရန်လိုကြသည့် ဆန့်ကျင်ဘက်များ ဖြစ်သည်။

ယခင်သမိုင်းမှတ်တမ်းများအရ နှစ်ဖက်စလုံးတွင် အောင်ပွဲများနှင့် ရှုံးနိမ့်မှုများ ရှိကြ၏။

သို့သော်လည်း ခေတ်ရေစီးကြောင်း ပြောင်းလာသည်နှင့်အမျှ ကောင်းကင်ကြိုးဆယ်ချောင်း ကျဆင်းလာကာ ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ ကြီးထွားမှုကို ကန့်သတ်သွားတော့သည်။

ကောင်းကင်အသျှင်ခန္ဓာက မြင့်မြတ်ခန္ဓာကို ကျော်လွန်သွားတော့မည်ကဲ့သို့ ခံစားချက်များပင် ရှိလာခဲ့သည်။

ယင်းကပင် ချူထျန်းပါ့ ယုံကြည်မှုရှိနေရသည့် အကြောင်းရင်းတစ်ခု ဖြစ်ချေသည်။

မကြာသေးမီက ရှေးဟောင်းမြင့်မြတ်ခန္ဓာများသည် သဘာဝအားဖြင့် ကောင်းကင်အသျှင်ခန္ဓာလောက် ကောင်းမွန်မှုမရှိသည့်အပြင် တိုးတက်ရန်လည်း များစွာ ခက်ခဲခဲ့ရသည်။

ချူထျန်းပါ့၏ စကားကိုကြားတော့ သတ္တဝါအားလုံးလည်း တိတ်တဆိတ် သဘောတူလိုက်လေသည်။

လန်ပွဲဟွမ်၊ ချင်ရှန်းအာနှင့် ကျွင်းရှောင်ယောက်ဘက်မှ
ရပ်တည်နေသော အခြားသူများပင် ဝန်ခံလိုက်ရသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာကို အမှိုက်ခန္ဓာဟု
ခေါ်ကြခြင်းမှာ မမှားပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့
ထိုစကားကိုကြားပြီးနောက် ရယ်ချင်လာမိသည်။

ကျွင်းရှောင်ယောက်က မွေးကတည်းက
အချုပ်အနှောင်များကို ချိုးဖြတ်ခဲ့ပြီမှန်း
သူလုံးဝမသိပေ။

အကယ်၍ မတော်တဆမှုသာမရှိခဲ့လျှင်
ကျွင်းရှောင်ယောက်က အနာဂတ်တွင်

ပြိုင်ဘက်ကင်းသော မြင့်မြတ်ခန္ဓာအဖြစ် ပြောင်းလဲသွားရမည် ဖြစ်သည်။

"ကောင်းပြီ၊ ဖားတွေက ပင်လယ်နဲ့ စကားမပြောတတ်ဘူး၊ နွေပိုးမွှားတွေက ရေခဲနဲ့ စကားမပြောတတ်ဘူး။ မင်းက အမြင်ကျဉ်းမှုတော့ တခြား ဘာပြောနိုင်ဦးမှာလဲ။ ရိုးရိုးသားသားပြောရရင် တွားမသွားဘဲ မင်းရဲ့အခေါင်းထဲမှာပဲ ပြန်အိပ်နေသင့်တယ်"

ကျွင်းရှောင်ယောက်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။ သူ့စကားက ချူထျန်းပါ့၏ တကိုယ်လုံးမှ ကြောက်စရာအငွေ့အသက်များ ထွက်ပေါ်လာစေခဲ့သည်။

ချူထျန်းပါ့က သူ့ခန္ဓာအပေါ် အလွန်ယုံကြည်ပြီး လေးစားမှုရှိသည်။ ထို့ကြောင့် ကျွင်းရှောင်ယောက်၏စကားများကို လုံးဝ

သည်းမခံနိုင်တော့ပေ။

ပုံမှန်အားဖြင့် ကျွင်းရှောင်ယောက်က စကားအများကြီး မပြောတတ်ပါ။ သို့ရာတွင် အဆိပ်ပြင်းသည့် သူ့ပါးစပ်က တစ်ဖက်လူကို ရူးသွပ်သွားစေနိုင်သည်။

ကျွင်းရှောင်ယောက်၏ ရက်စက်မှုကို နားလည်သဘောပေါက်ခဲ့ရသည့် ပါရမီရှင်များစွာ အတိတ်တွင် ရှိခဲ့ဖူးပေသည်။

"မင်း သေချင်နေတာပဲ"

ချူထျန်းပါ့ မထိန်းနိုင်ဘဲ လှူပ်ရှားရန် ဟန်ပြင်လိုက်သည်။

"စိတ်ငြိမ်ငြိမ်ထားပါ၊ အခုချိန်မှာ သင်္ချိုင်းကမ္ဘာ

အခွင့်အလမ်းက အရေးကြီးဆုံးပဲ။ မင်း လုံးဝ ပြန်ကောင်းလာပြီးမှ သူ့ကို ဆက်ဆံမယ်ဆိုရင်လည်း နောက်မကျသေးဘူး"

နံဘေးမှ အမှောင်ဘုရင်နန်းတော်၏ ကျွမ်းကျင်သူက ချူထျန်းပါ့ကို သတိပေးလိုက်သည်။

အမှောင်ဘုရင်ခန်းမမှ လူများသည် ချူထျန်းပါ့ကို အလွန်ယုံကြည်ကြ၏။

သို့သော်လည်း ကျွင်းရှောင်ယောက်ကို လျှော့တွက်၍မရပါ။

သူတို့အဆင့်မှာတော့ ရန်သူကို လျှော့တွက်သည့်အမှားမျိုး သဘာဝအတိုင်း မလုပ်ကြတော့ပေ။

ချူထျန်းပါ့လည်း ဤစကားကိုကြားသည့်အခါ မကျေနပ်သော်လည်း ဘာမှ ထပ်မပြောတော့ပါချေ။

"မင်း မလုပ်ဝံ့ဘူးလား"

ချူထျန်းပါ့ နောက်ဆုတ်သွားတာကိုမြင်သောအခါ ကျွင်းရှောင်ယောက်က ဆက်လက်လှောင်ပြောင်လိုက်သည်။

"မင်း... မဟုတ်ဘူး၊ သင်္ချိုင်းကမ္ဘာထဲမှာ ငါ မင်းကို တိုက်မယ်"

ချူထျန်းပါ့ အမူအရာဟာ အေးစက်သွား၏။

သူနှင့် ကျွင်းရှောင်ယောက်က သဘာဝအတိုင်း တိုက်ခိုက်ရလိမ့်မည်။

ကျွင်းရှောင်ယောက်ကလည်း ဂရုမစိုက်ပါ။

ရိုးရိုးသားသားပြောရလျှင် ကျွင်းရှောင်ယောက်က ဤမပြည့်စုံသော ခန္ဓာမျိုးကို စိတ်မဝင်စားပေ။

သူ့ကို အနိုင်ယူရလျှင်ပင် ကျေနပ်စရာမရှိပေ။

"ကောင်းပြီ၊ ဝင်ဖို့ ပြင်ကြတော့"

အမှောင်ဘုရင်နန်းတော်ရှိ ကျွမ်းကျင်သူက ကျွင်းရှောင်ယောက်ကို အေးစက်စက်ဖြင့်ကြည့်ပြီး ပြန်လှည့်ကာ ပြောလိုက်သည်။

အဝေးမှ လေထဲတွင် ဟင်းလင်းပြင်အက်ကြောင်းတစ်ခု ရှိသည်။

ယင်းက သင်္ချိုင်းကမ္ဘာ၏ အက်ကြောင်း
ဖြစ်ချေသည်။

သာမန်သုသာန်သတ္တဝါများကတော့
သင်္ချိုင်းကမ္ဘာထဲသို့ ဝင်ရောက်ရန် မဖြစ်နိုင်ပေ။

ထိုဟင်းလင်းပြင်အက်ကြောင်းကို မြင်ရသောအခါ
ကျွင်းရှောင်ယောက်စိတ်ထဲ ထူးဆန်းသော
ခံစားချက်အား ခံစားခဲ့ရသည်။

ယင်းမှာ တစ်ခုခုက သူ့ကိုခေါ်နေသကဲ့သို့ပင်
ဖြစ်သည်။

ထို့နောက် ကျွင်းရှောင်ယောက် လှမ်းဝင်ရန်
ဟန်ပြင်လိုက်သောအခါ...

အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူက အေးစက်စက်ဖြင့် ပြောလာသည်။

"မင်းဘာလုပ်မလို့လဲ"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်ကာ အနည်းငယ် အံ့သြသွား၏။

"သင်္ချိုင်းကမ္ဘာထဲကို ဝင်မလို့"

"မင်းက အပြင်လူသားပဲ၊ သင်္ချိုင်းကမ္ဘာထဲကိုဝင်ဖို့ အရည်အချင်းပြည့်မီရဲ့လား"

အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူက လျစ်လျူရှုစွာ ပြောလိုက်သည်။

"အပြင်လူက သင်္ချိုင်းကမ္ဘာထဲကို ဝင်ဖို့ အရည်အချင်း

မရှိဘူး"

လက်ရှစ်ဖက် ပင့်ကူနတ်ဆိုးမျိုးနွယ်၏
ကျွမ်းကျင်သူကလည်း အေးစက်စက်ဖြင့် ပြော၏။

၎င်းတို့ မျိုးနွယ်စု၏ ပါရမီရှင်ကို
ကျွင်းရှောင်ယောက်က ညှဉ်းပန်းနှိပ်စက်
သတ်ဖြတ်ခဲ့ရာ ၎င်းတို့နှလုံးသားထဲတွင်
သဘာဝအတိုင်း တူးတူးခါးခါး မုန်းတီးခဲ့ပေသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ မူလဇစ်မြစ်နှင့်
နောက်ခံအကြောင်းများအရ သူတို့ ဘယ်လောက်ပဲ
မုန်းတီးနေပါစေ တစ်ယောက်တည်း ဘာမျှတော့
မလုပ်ဝံ့ကြပါ။

"ဟုတ်တယ်၊ အပြင်လူတွေက သင်္ချိုင်းကမ္ဘာထဲကို
မဝင်နိုင်သင့်လို့ ငါလည်းထင်တယ်။ သင်္ချိုင်းကမ္ဘာက

သုသာန်သတ္တဝါတွေအတွက် သီးသန့်
အခွင့်အလမ်းတစ်ခုပဲ"

အလောင်းသန့်စင်ဂိုဏ်းမှ ကျွမ်းကျင်သူကလည်း ပြောလိုက်သည်။

အခြားအင်အားစုများကလည်း ကျွင်းရှောင်ယောက်ကို အသီးသီး ကန့်ကွက်ကြ၏။

အဇူရာမိစ္ဆာတိုင်းပြည်မှလွဲ၍ ကျွင်းရှောင်ယောက်ဘက်မှ ရပ်တည်နိုင်သော အင်အားစု မရှိခဲ့ပါချေ။

ယင်းကိုကြည့်လျှင် ကျွင်းရှောင်ယောက်ကို ဤသင်္ချိုင်းသတ္တဝါများ အလွန်စက်ဆုပ်ရွံရှာဆဲဖြစ်ကြောင်း တွေ့မြင်ရနိုင်သည်။

"မင်းတို့မှာ အရင်က
ဒီလိုစည်းမျဉ်းမရှိဘူးလို့ထင်တယ်"
အားလုံးက တညီတညွတ်တည်း
ဆန့်ကျင်နေသည့်ကြားမှ ကျွင်းရှောင်ယောက်၏
အမူအရာမှာ တည်ငြိမ်နေပြီး
ဒေါသအရိပ်အယောင်မတွေ့ရပေ။

"အရင်က မရှိခဲ့ဘူး၊ ဒါပေမယ့် အခု ရှိတယ်"
ကောင်းကင်ဝါးမျိုးမိစ္ဆာစပါးအုံးမျိုးနွယ်၏
ကျွမ်းကျင်သူက ပြောလိုက်သည်။

မိုလင်းကလည်း လက်ပိုက်ကာ
ကျွင်းရှောင်ယောက်အား လှောင်ပြောင်သရော်ဟန်ဖြင့်
ကြည့်၏။

မင်းရှုးသွပ်သွားရင်တောင် အခု မင်းမှာ
အခွင့်အလမ်းမရှိတော့ဘူး။

ကျွင်းရှောင်ယောက်၏ မူလဇစ်မြစ်ကြောင့် သူတို့ဟာ
အလွယ်တကူတော့ မကိုင်တွယ်ဝံ့ပါ။

သို့ရာတွင် သူ့ကို သင်္ချိုင်းကမ္ဘာထဲသို့ မဝင်နိုင်အောင်
တားဆီးထားရုံဆိုရင်တော့ များစွာခက်ခဲမည်
မဟုတ်ပေ။

လုံရှန်း၊ မိုလင်း၊ ကျိုးရင်နှင့်
အခြားပါရမီရှင်အားလုံးက ဘေးတွင်ရပ်ကာ ပြပွဲကို
ကြည့်နေခဲ့ကြသည်။

ကျွင်းရှောင်ယောက် သင်္ချိုင်းကမ္ဘာထဲသို့မဝင်နိုင်ရန်
တားဆီးနိုင်ခြင်းဟာလည်း သူတို့အတွက်

အကျိုးမယုတ်ပေ။

"အရှက်မရှိတဲ့လူတွေကို ငါတွေ့ဖူးပေမယ့်
ဒီလောက်အရှက်မဲ့တာကိုတော့ တစ်ခါမှ မတွေ့ဖူးဘူး"

ကျွင်းရှောင်ယောက် ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်မိသည်။

အနိုင်မရသည်နှင့် ဤသို့ ညစ်ပတ်ကြပေသည်။

"မင်းရဲ့ဇစ်မြစ်က အံ့ဩစရာကောင်းတာကို
ငါဝန်ခံပါတယ်၊ ဒါပေမယ့် ဒါက ထာဝရသင်္ချိုင်းမြေပဲ၊
ဒါကြောင့် ထာဝရသင်္ချိုင်းမြေရဲ့ စည်းမျဉ်းတွေကို
မင်း လိုက်နာသင့်တယ်"

အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူက
ပြတ်ပြတ်သားသား ပြောလိုက်သည်။

ထိုအခါ ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင် အေးစက်စက် အလင်းတစ်ခု လင်းလက်လာသည်။

အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းမြက်သည် သင်္ချိုင်းကမ္ဘာထဲတွင်ဖြစ်နိုင်၍ ကျွင်းရှောင်ယောက်ဟာ သေချာပေါက် ဝင်ရပေလိမ့်မည်။

"ကောင်းကင်နဲ့ မြေပြင်က ကြီးမားတယ်၊ ဒီနတ်ဘုရားသားတော်တွေရဲ့ ခြေလှမ်းတွေကို ဘယ်သူမှ မတားဆီးဝံ့ဘူး။ ဒီအတွက်တန်ကြေးကို မင်း တတ်နိုင်ပါ့မလား"

ကျွင်းရှောင်ယောက်က အေးစက်စက်ဖြင့်ပြောကာ သူ့အင်္ကျီလက်ကို ခါယမ်းလိုက်သည်။

ကျွင်းရှောင်ယောက်၏ အငွေ့အသက်က
အတိုင်းအတာတစ်ခုအထိ သုာန်သတ္တဝါများကို
အသက်ရှူကျပ်သွားစေခဲ့၏။

ကျွင်းရှောင်ယောက်က အဆုံးစွန်သောနည်းလမ်းကို
အသုံးပြုတော့မည့်အချိန်တွင်...

ဟင်းလင်းပြင်က ရုတ်တရက် ကွဲအက်သွားပြီး
သွယ်လျကာ အပြစ်အနာအဆာကင်းသော
လက်တစ်ဖက် ထွက်ပေါ်လာသည်။ လက်က
ဟင်းလင်းပြင်ကို ဖြတ်သွားကာ
အမှောင်ဘုရင်နန်းတော်ရှိ ကျွမ်းကျင်သူအား
လက်ဝါးဖြင့် ရိုက်ချလိုက်၏။

အမှောင်ဘုရင်နန်းတော်ရှိ ကျွမ်းကျင်သူလည်း
တုံ့ပြန်ကာ အော်ဟစ်ရန်ပင် အချိန်ပင်မရှိဘဲ တိုက်ရိုက်

သေဆုံးသွားတော့သည်။

တခဏအတွင်း လေထု အေးခဲသွားကာ လူတိုင်း
အံ့အားသင့်သွားခဲ့ကြသည်။

--------

အခန်း ( ၃၄၉ ) သရဲမျက်နှာသုသာန်ကေရီ
လှုပ်ရှားပြီး အင်အားစုလေးခုကို သတ်ဖြတ်ခြင်း။

ရုတ်တရက်ဆန်သော ဤမြင်ကွင်းက
လူတိုင်း၏မျှော်လင့်ချက်ထက်
ကျော်လွန်သွားခဲ့သည်။

သုသာန်သတ္တဝါအားလုံးလည်း ထုံကျဉ်သွားကာ

မတုံ့ပြန်နိုင်တော့ပေ။

ယခုလေးတင် မာနကြီးခဲ့သော
အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူဟာ
ခဏချင်းမှာပင် သွေးမြူအဖြစ်သို့ တိုက်ရိုက်
ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း လူတိုင်းကို ထိတ်လန့်စေခဲ့သည်က
အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူ၏
သေဆုံးခြင်း မဟုတ်ပေ။

ယင်းက လှုပ်ရှားခဲ့သူကြောင့် ဖြစ်သည်။

ဟင်းလင်းပြင်ကိုဆုပ်ဖြဲကာ ချောမောလှပသော
ရုပ်ပုံလွှာက ဖြည်းညှင်းစွာ ထွက်ပေါ်လာသည်။

သူမက သွယ်လျပြီး လှပသောကိုယ်ဟန်ရှိသော်လည်း ရှုံ့မဲ့နေသော မျက်နှာဖုံးကို ဝတ်ဆင်ထားတာကြောင့် သူမမျက်နှာကို မမြင်ရပေ။

ယခုလေးတင် လှုပ်ရှားခဲ့သူက အမှန်တကယ် စန်းလော့နယ်မြေ၏ သရဲမျက်နှာသုသာန်ကေရီ ဖြစ်သည်။

သူ့ထံမှ အရှိန်အဝါများက အလွန်ကြောက်စရာကောင်းပြီး ကြီးသည့်ဖိအားကို သယ်ဆောင်လာကာ ဟင်းလင်းပြင်တစ်ခုလုံးကိုပင် အဆုံးမဲ့ တုန်ခါသွားစေခဲ့သည်။

သူဟာ မျက်နှာတွင် သရဲမျက်နှာဖုံးကို ဝတ်ထားသော်လည်း သူ့မျက်လုံးများကတော့

ကြောက်စရာ အငွေ့အသက်များ
ထွက်ပေါ်လျက်ရှိသည်။

"ဒါ စန်းလော့နယ်မြေသခင်ပဲ"

"သရဲမျက်နှာသုသာန်ကောရီက ဒီမှာ ဘာကြောင့်
ပေါ်လာတာလဲ"

သရဲမျက်နှာသုသာန်ကောရီ၏ ထွက်ပေါ်လာခြင်းက
ပရိသတ်ကို ပေါက်ကွဲစေကာ အားလုံး ရုတ်ရုတ်သဲသဲ
ဖြစ်သွားခဲ့ကြသည်။

သရဲမျက်နှာသုသာန်ကောရီက သုသာန်သတ္တဝါများ၏
နှလုံးသားထဲတွင် အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး
အေးစက်စက်မှုရှိသည်။

သရဲမျက်နှာသုသာန်ကေရီကို ထာဝရသင်္ချိုင်းမြေတွင်းရှိ သက်ရှိသတ္တဝါအားလုံး ကြားဖူးသော်လည်း အမှန်တကယ်မြင်ဖူးသူမှာ အလွန် နည်းပါး၏။

ထို့ပြင် သရဲမျက်နှာသုသာန်ကေရီတွင် ကိုယ်ပိုင်အင်အားစုရှိသည်ဟု မကြားဖူးသောကြောင့် သင်္ချိုင်းကမ္ဘာသို့လာရန် အခွင့်အလမ်းမှာ ပို၍ပင်နည်းပါးသည်။

ဤနေရာရှိ သုသာန်သတ္တဝါ ကိုးဆယ့်ကိုးရာခိုင်နှုန်းက သရဲမျက်နှာသုသာန်ကေရီကို ပထမဆုံးမြင်တွေ့ခြင်း ဖြစ်ချေသည်။

တစ်ချက်ကြည့်ရုံဖြင့် သူမှန်း မှတ်မိတာက

သဘာဝအတိုင်း ရှုံ့မဲ့နေသော မျက်နှာဖုံးကြောင့် ဖြစ်သည်။

ထာဝရသင်္ချိုင်းမြေတွင် မည်သည့်သတ္တဝါမှ သူမနှင့် တူညီသောမျက်နှာဖုံးကို မတပ်ဆင်ဝတ်ဝံ့ပေ။

အကြောင်းမှာ တစ်ခါက ပါရမီရှင်တစ်ဦးသည် အလားတူမျက်နှာဖုံးကို ဝတ်ဆင်ထားသောကြောင့် သူ၏မိသားစုတစ်ခုလုံး သရဲမျက်နှာသုသာန်ကေရီ၏ အသတ်ခံခဲ့ရသောကြောင့်ဖြစ်သည်။

ထိုအချိန်မှစ၍ ဤမျက်နှာဖုံးကို မည်သည့်သတ္တဝါမျှ ထပ်မံ မဝတ်ဝံ့တော့ပေ။

"ဘုရားရေ၊ သရဲမျက်နှာသုသာန်ကေရီက ဘာဖြစ်လို့ ဒီမှာ ပေါ်လာရတာလဲ"

"အရေးကြီးဆုံးက သူဟာ အမှောင်ဘုရင်နန်းတော်က ကျွမ်းကျင်သူကို သတ်လိုက်တာပဲ"

သုသာန်သတ္တဝါအားလုံး တုန်လှုပ်ကုန်သည်။

သရဲမျက်နှာသုသာန်ကေရီက အမုန်ပင် ပြတ်ပြတ်သားသား ပြုမူခဲ့ပေသည်။ သို့ရာတွင် ထိုမျှနှင့် မရပ်သေးဘဲ လက်ရှစ်ဖက် ပင့်ကူနတ်ဆိုးမျိုးနွယ်၏ ကျွမ်းကျင်သူဘက်သို့ လှည့်သွားသည်။

"နင်လည်း အခုကန့်ကွက်ခဲ့တယ်"

သရဲမျက်နှာသုသာန်ကေရီ၏ အေးစက်စက်အသံက လက်ရှစ်ဖက်ပင့်ကူနတ်ဆိုးမျိုးနွယ်မှ

ကျွမ်းးကျင်သူကို ရေခဲဂူထဲသို့ ကျသွားသည့်နှယ် ခံစားရစေသည်။

သရဲမျက်နှာသုသာန်ကေရီနှင့် ရင်ဆိုင်ရသောအခါ သူတော်စင်အဆင့် ကျွမ်းကျင်သူများက ပုရွက်ဆိတ်များကဲ့သို့ နိမ့်ကျပြီး အရေးမပါတော့ပေ။

"မဟုတ်ဘူး... ငါတို့..."

လက်ရှစ်ဖက် ပင့်ကူနတ်ဆိုးမျိုးနွယ်၏ ကျွမ်းကျင်သူက ရှင်းပြရန် ဟန်ပြင်လိုက်စဉ်မှာပင် သရဲမျက်နှာသုသာန်ကေရီက လက်ညိုးတစ်ချက်ညွှန်လိုက်သည်။

ထိုအခါ ကြောက်မက်ဖွယ်ကောင်းသော သေမင်းတန်အလင်းတန်းသည် ဟင်းလင်းပြင်ကို

ဖြတ်သန်းသွား၏။ ၎င်းက
လက်ရှစ်ဖက်ပင့်ကူနတ်ဆိုးမျိုးနွယ်၏
ကျွမ်းကျင်သူနဖူးတွင် အပေါက်ကြီးတစ်ခု
ဖြစ်ပေါ်လာစေခဲ့တော့သည်။

ခဏချင်းမှာ တစ်ယောက်ပြီးတစ်ယောက်
လဲကျသွားခဲ့သည်။

"ပြီးတော့ နင်..."
သရဲမျက်နှာသုသာန်ကေရီက ယာရှမျိုးနွယ်နှင့်
သေခြင်းဝိညာဉ်မျိုးနွယ်တို့ကို လှည့်ကြည့်လိုက်သည်။

၎င်းတို့၏ ပါရမီရှင်များကို ဘုရင်ငယ်ဆယ်ပါး
တွေ့ဆုံပွဲတွင် ကျွင်းရှောင်ယောက်က
သတ်ဖြတ်ခဲ့ပေသည်။ ထို့ကြောင့် ၎င်းတို့ဟာ
ကျွင်းရှောင်ယောက်ကို ပို၍ မုန်းတီးမှုရှိသည်။

ယခုအချိန်မှာတော့ အားလုံး
အလွန်ထိတ်လန့်တုန်လှုပ်သွားကာ အနောက်ကို
ဆုတ်ခွာသွားရင်း

"သရဲမျက်နှာသုသာန်ကေရီ၊ မင်းဘာဖြစ်လို့
အပြင်လူသားတစ်ယောက်ကို ကူညီနေရတာလဲ"
ဟု အသံကျယ်ကျယ်ဖြင့် အော်ဟစ်လိုက်သည်။

သို့သော်လည်း ၎င်းတို့၏ အော်သံများက
သရဲမျက်နှာသုသာန်ကေရီ၏ သတ်ဖြတ်ခြင်းကို
မတားဆီးနိုင်ပေ။

သူမက လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်နှင့်
လေထဲတွင် သွေးများဖြင့် နီစွေးသွားခဲ့သည်။

တိတ်ဆိတ်သည်။

ဤမြင်ကွင်းကိုကြည့်ကာ သုသာန်သတ္တဝါအားလုံး စကားပင် မပြောနိုင်တော့ပါ။

သေခြင်းတရားသည် ထာဝရသင်္ချိုင်းမြေတွင် အထူးတားမြစ်ထားသည့် အရာမဟုတ်သော်လည်း... ထိုသို့သော အသတ်ခံရခြင်းကို ကိုယ်တိုင်မျက်စိဖြင့် မြင်လိုက်ရသောအခါ အလွန်တုန်လှုပ်နေဆဲပင်။

"ဒါက သရဲမျက်နှာသုသာန်ကောရီရဲ့ ခွန်အားပဲလား"

သူတော်စင်မဆိုထားဘိ၊ အမိပမိတစ်ပိုင်းများပင် တစ်ချက် မခံနိုင်ပေ။

ဟုတ်သည်၊ လူတိုင်း တုန်လှုပ်ရခြင်းမှာ သရဲမျက်နှာသုသာန်ကေရီ၏ ခွန်အားကြောင့်ချည်း မဟုတ်ပါ။

ထိုအစား ကျွင်းရှောင်ယောက်ကို ကူညီနေခြင်းကြောင့် ဖြစ်သည်။

"ဘုရားရေ၊ ကျွင်းပါရမီရှင်ရဲ့ ရုပ်ရည်က သရဲမျက်နှာသုသာန်ကေရီကိုတောင် ဆွဲဆောင်ခဲ့တာလို့တော့ မပြောကြနဲ့နော်"

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ သရဲမျက်နှာသုသာန်ကေရီက ဘယ်လိုလုပ်ပြီး ဒီလောက် အပေါ်ယံကြည့်ကြိုက်ရမှာလဲ"

"ဒါဆိုရင် သရဲမျက်နှာသုသာန်ကေရီက

ကျွင်းမိသားစုရဲ့ ပါရမီရှင်ကို ဘာကြောင့်
ကူညီရတယ်ဆိုတာ မင်းပြောလေ"

"ဒါ... ဒါတော့ ငါလည်းရှင်းမပြတတ်တော့ဘူး"

သရဲမျက်နှာသုသာန်ကေရီ၏ လုပ်ရပ်များကို
နားမလည်နိုင်သောကြောင့် အကုန် ရုတ်ရုတ်သဲသဲ
ဖြစ်ကုန်သည်။

စဉ်းစားကြည့်ပါလေ။ ဒဏ္ဍာရီများတွင်သာ
ကြားသိဖူးသော အမျိုးသမီးတစ်ဦးက
အပြင်လူတစ်ဦးအတွက် ရုတ်တရက် ပေါ်လာပြီး
ကိုယ့်မယ်မြေခံများကို သတ်နေသည်။

ယင်းက လုံးဝ နားလည်နိုင်စရာ မဟုတ်တော့ပေ။

တစ်ချို့ကလည်း 'ကျွင်းမိသားစုရဲ့ ပါရမီရှင်က
သူ့ကိုဆွဲခေါ်ခဲ့တာလား'ဟု တွေးကြသည်။

ယင်းက သူတို့ စဉ်းစားနိုင်သည့် တစ်ခုတည်းသော
အကြောင်းပြချက်ပင် ဖြစ်သည်။

မဟုတ်လျှင် ခွန်အားကြောင့်လား။

ကျွင်းရှောင်ယောက်က
မျိုးဆက်သစ်လူငယ်များကြားတွင်
ပါရမီရှင်တစ်ဦးဖြစ်သော်လည်း
သရဲမျက်နှာသုသာန်ကေရီနှင့်
အခြားကေရာဇ်များကဲ့သို့
ကျွမ်းကျင်သူများအတွက်တော့
အလေးအနက်ထားနိုင်သည့်သူတစ်ယောက်

မပဟုတ်ပေ။

သူ့အတွက် ချီးမွမ်းထိုက်သော တစ်ခုတည်းသော အရာမှာ ရုပ်ရည်၏ကောင်းခြင်း ဖြစ်သည်။

"ဘုရားရေ၊ ဒီလိုမဖြစ်ရဘူးနော်။ သရဲမျက်နှာသုသာန်ကေရီတောင်မှ ဒီကောင်လေးရဲ့ လက်ထဲကို ကျရောက်တော့မှာလား"

"သရဲမျက်နှာသုသာန်ကေရီက ထာဝရသင်္ချိုင်းမှာ နံပါတ်တစ် အလှလေးပဲ၊ လန်ဟွမ်တောင်မှ ဒုတိယနေရာမှာပဲ ရှိတာ"

"ထာရသင်္ချိုင်းမြေရဲ့ ပထမနဲ့ ဒုတိယ အလှလေးတွေက ဒီကောင်လေးအတွက် ရပ်တည်ကြတော့မှာလား"

"ငါ လုံးဝ နာလိုတော့ဘူး၊ မုန်းလိုက်တာကွာ"

အမျိုးသားများမှာလည်း မျက်လုံးများနီရဲကာ
မနာလိုမှုကြောင့် ရှုံးသွပ်သွားမိသည်။

သူမ၏ အလှကြောင့် နာမည်ကြီးသည့်
မင်းသမီးလန်ဟွမ်က ကျွင်းရှောင်ယောက်ကို
ရှုံးသွပ်နေလျှင် နားလည်ပေးနိုင်သည်။

သို့ရာတွင် လျှို့ဝှက်ဆန်းကြယ်ပြီး အစွမ်းထက်သည့်
သချိုင်းဧကရာဇ်၊ ဒဏ္ဍာရီလာ
သရဲမျက်နှာသုသာန်ဧကရီပင်လျှင်
ကျွင်းရှောင်ယောက်ကို ကာကွယ်ရန်
ဝင်ရောက်လာခဲ့၏။

သံပုရာသီးသတ္တဝါများ။

ယနေ့တွင် ထာဝရသင်္ချိုင်းရှိ အမျိုးသားထုအားလုံး
နှလုံးသားထဲတွင် ချဉ်စုပ်သွားကာ
သံပုရာသီးသတ္တဝါများ ဖြစ်လာခဲ့ရသည်။

'မဖြစ်ဘူး၊ ဘယ်လိုမှမဖြစ်ဘူး။
သရဲမျက်နှာသုသာန်ကေရီကလည်း ပါပီလေးအတွက်
ငါနဲ့တိုက်မှာလား'

လန်ဟွမ်လျှင် အလွန်အံ့သြသွားမိသည်။

ချက်ချင်းပင် သူ့နှလုံးသားတွင် ပြင်းထန်သော
သတိနှင့် အကြပ်အတည်းများ မြင့်တက်လာခဲ့၏။

သရဲမျက်နှာသုသာန်ကေရီကဲ့သို့
အမျိုးသမီးတစ်ယောက်က ကျွင်းရှောင်ယောက်လို

လူငယ်တစ်ယောက်အတွက် ဆွဲဆောင်မှုအရှိဆုံးပင်။

သရဲမျက်နှာသုသာန်ကေရီကဲ့သို့ နောက်ခံတစ်ခုကို ပိုင်ဆိုင်ထားလျှင် ကျွင်းရှောင်ယောက်အဖို့ ထာဝရသင်္ချိုင်းမြေတွင် သူအလိုရှိသမျှကို လုပ်ဆောင်နိုင်သည်။

ဤထမင်းပျော့ကို မစားပါက အချည်းနှီးဖြစ်ရပေလိမ့်မည်။

ထို့ကြောင့် လန်ဟွမ်ဟာ ကြီးစွာသောအန္တရာယ်ကို ခံစားခဲ့ရသည်။ သရဲမျက်နှာသုသာန်ကေရီကဲ့သို့ တည်ရှိမှုမျိုးနှင့် ကိုင်တွယ်ရသည်မှာလည်း များစွာခက်ခဲလွန်းပေသည်။

သရဲမျက်နှာသုသာန်ကေရီကဲ့သို့

လျှို့ဝှက်ဆန်းကြယ်ပြီး လှမ်းမိုးနိုင်စွမ်းရှိသော
ဘုရင်မတစ်ပါးက လူငယ်တစ်ယောက်အတွက်
ဆွဲဆောင်မှုအရှိဆုံးအရာ ဖြစ်ကောင်းဖြစ်နိုင်သည်။

အမှန်တော့ လူတိုင်း အထင်မှားနေကြခြင်းပင်။
သရဲမျက်နှာသုသာန်ကေရီ၏ တိုက်ခိုက်မှုက
ကျွင်းရှောင်ယောက်အပေါ် ကွဲပြားသော
သဘောထားကြောင့်ဟု သူတို့အားလုံး
ယုံကြည်သွားလေသည်။

ကျွင်းရှောင်ယောက်သာလျှင်
သရဲမျက်နှာသုသာန်ကေရီ၏ မျက်နှာဖုံးနောက်ကွယ်မှ
မျက်လုံးများကိုကြည့်ကာ တွေးနေမိသည်။

'ဒီသရဲမျက်နှာဖုံးကို ငါမြင်ဖူးတာ
ဒါတတိယမြောက်အကြိမ်ပဲ'

ကျွင်းရှောင်ယောက် တစ်ယောက်တည်း
တွေးနေမိသည်။

မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏ ကောင်းကင်မျှော်စင်
လေးဆယ့်ကိုးလွှာတွင် သရဲမျက်နှာနှင့် မိန်းကလေး
ပထမဆုံးအကြိမ် ထွက်ပေါ်လာခဲ့သည်။ ထို့နောက်
သူ့ကို အစ်ကိုကြီးဟု ခေါ်သွားခဲ့လေသည်။

ဒုတိယ အကြိမ်တွင် အောက်ကမ္ဘာရှိ
လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်ပေါ်၌
သရဲမျက်နှာမိန်းကလေးတစ်ဦး ထပ်မံ
ထွက်ပေါ်လာပြီး ကျွင်းရှောင်ယောက်အတွက်
လမ်းခင်းပေးခဲ့သည်။

ဤသည်ကတော့ တတိယအကြိမ် ဖြစ်သည်။

ယခင်နှစ်ကြိမ်နှင့်မတူဘဲ၊
ယခုတစ်ကြိမ်ပေါ်လာခြင်းမှာ တစ်စုံတစ်ရာမဟုတ်ဘဲ
တကယ့် သက်ရှိ အမျိုးသမီးတစ်ဦး ဖြစ်သည်။

ဆိုရလျှင် ဤသရဲမျက်နှာဖုံးက ဘာလဲ။

သုံးကြိမ်တိုင်တိုင် ပေါ်လာခဲ့သော အမျိုးသမီးတိုင်းက
တူညီသော သူများ ဖြစ်ကြပါသလော။

ယင်းက သူနှင့် မည်သို့ပတ်သက်နေသနည်း။

ကျွင်းရှောင်ယောက်လည်း လေးလေးနက်နက်
စဉ်းစားလိုက်မိသည်။

--------

အခန်း ( ၃၅၀ ) ထျန်းမင်သင်္ချိုင်းကောရာဇ်
ပေါ်လာခြင်း၊ သင်္ချိုင်းကမ္ဘာသို့ ဝင်ရောက်ပြီ၊
မိုးကြိုးစွမ်းရည်ဖြင့် သုသာန်သတ္တဝါများ။

ကျွင်းရှောင်ယောက်က ထိုအကြောင်းများကို
စဉ်းစားနေချိန်...

သရဲမျက်နှာသုသာန်ကေရိကတော့ ယခုထိ
မရပ်တန့်သေးပေ။

လုံလုံလောက်လောက် သတ်ဖြတ်ခြင်းဖြင့်သာ
အရာအားလုံးကို ဟန့်တားနိုင်ပုံရသည်။

ဟုတ်ပေသည်၊ သရဲမျက်နှာသုသာန်ကေရိက

အားလုံးကို သိမ်းကျုံးပြီး မတိုက်ခိုက်ခဲ့ပါ။

ယခင်က ကျွင်းရှောင်ယောက်ကို
တားဆီးခဲ့သူများတွင် သန်မာသူများကိုသာ
သတ်သည်။

ဤသတ်ဖြတ်မှုက အားလုံးကို
ထိတ်လန့်သွားစေခဲ့ပေသည်။

နောက်ဆုံးတွင် သရဲမျက်နှာသုသာန်ကေရီ၏
အကြည့်များက အမှောင်ဘုရင်နန်းတော်မှ
ကျွမ်းကျင်သူများထံ ထပ်မံ ကျရောက်လာသည်။

၎င်းတို့သည် ကျွင်းရှောင်ယောက်အား
သုသာန်ကမ္ဘာထဲသို့မဝင်ရန် အပြင်းအထန်
ပို၍ကြိုးစားသူများ ဖြစ်သည်။

ကျွင်းရှောင်ယောက်သာ သင်္ချိုင်းကမ္ဘာထဲသို့
ဝင်ခဲ့ပါက ချူထျန်းပါ့အား ဒုက္ခပေးမည်မှာ
အသေချာပင် ဖြစ်သည်။

သူ၏အသျှင်ခန္ဓာ အပြည့်အဝ
ပြန်လည်ကောင်းမွန်မလာမီတွင်
ကျွင်းရှောင်ယောက်ကို ရန်ဆိုင်ရန်ကား
ချူထျန်းပါ့အတွက် ခက်ခဲပေလိမ့်မည်။

"သရဲမျက်နှာသုသာန်ကေရီ၊ သိပ်ပြီး လွန်မလာပါနဲ့။
ဒါက ထာဝရသင်္ချိုင်းမြေပဲ၊ ဒါတောင် မင်းက
အပြင်လူသားတစ်ယောက်ကို
ကာကွယ်ပေးချင်နေတယ်။ လူတိုင်းရဲ့
ပြစ်တင်ရှုံ့ချမှုကို မင်းမကြောက်ဘူးလား"

ဝင်တို့ အမှောင်ဘုရင်နန်းတော်ကလည်း
ပထမတန်းစားအင်အားဖြစ်ကာ
ထျန်းမင်သင်္ချိုင်းကောရာဇ်ကဲ့သို့
တန်ခိုးရှင်တစ်ဦးလည်း ရှိသည်။

သရဲမျက်နှာသုသာန်ကောရီက သန်မာသော်လည်း
သင်္ချိုင်းနယ်မြေ ကိုးခုစလုံးကို လုံးလုံးလျားလျား
ဖယ်ရှားပစ်ရန် မဖြစ်နိုင်ပါချေ။

သို့သော်လည်း သရဲမျက်နှာသုသာန်ကောရီက
ဂရုစိုက်ဟန်မရဘဲ လက်ဝါးတစ်ချက်ကို ထပ်မံ
ရိုက်ထုတ်လိုက်၏။

အမှောင်ဘုရင်နန်းတော်ရှိ လူတိုင်း၏
မျက်နှာအမူအရာများလည်း ချက်ချင်း
ပြောင်းလဲသွားတော့သည်။

ထိုအခိုက်တွင် အေးစက်စက်နှာခေါင်းရှုံ့သံ ထွက်ပေါ်လာသည်။

"သရဲမျက်နှာသုသာန်ကေရီ၊ မင်း ရူးနေလား" အေးစက်စက်အသံက ပြောလိုက်၏။

ဤအခိုက်တွင် ကောင်းကင်တစ်ခုလုံး အမှောင်ကျသွားပုံရသည်။

ကြောက်စရာပုံစံရှိသည့် အနက်ရောင် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသော ပုံရိပ်တစ်ခုကလည်း လေထဲတွင် ရုတ်တရက် ထွက်ပေါ်လာတော့သည်။

၎င်း၏ အဓိပ္ပါယ်ရှိန်အဝါများက လောကတခွင်ကို တုန်လှုပ်စေခဲ့သည်။

"နန်းတော်ရှင်"

ပေါ်လာသည့်ပုံရိပ်အား မြင်လိုက်ရသောအခါ အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူအားလုံး ဝမ်းသာသွားကြသည်။

ဤပုံရိပ်က တကယ်ကို ထျန်းမင်သချိုင်းနယ်မြေ ကေရာဇ်၊ အမှောင်ဘုရင်နန်းတော်၏ နန်းတော်သခင် ဖြစ်ချေသည်။

ထာဝရမြှုပ်နှံထားသောကမ္ဘာဆယ်ခုရှိ ဝါရင့်အာဏာစက်များထဲမှတစ်ခုအနေဖြင့်၊ ကောင်းကင်အောက်ကမ္ဘာမြေမြှုပ်ကေရာဇ်သည်

ဒုတိယအဆင့်တွင် ရပ်တည်နေသော်လည်း
သူ၏ခွန်အားသည်
သရဲမျက်နှာရှိမြှုပ်နှံထားသောကေရာဇ်ထက်
များစွာအားနည်းသည်မဟုတ်ပါ။

ထျန်းမင်သင်္ချိုင်းကေရာဇ် ထွက်လာသည်အား
မြင်ရသောအခါ ပရိသတ်အားလုံး ရုတ်ရုတ်သဲသဲ
ဖြစ်သွားသည်။

သင်္ချိုင်းမြေဆယ်ခု၌ ပထမနှင့် ဒုတိယကေရာဇ်များ
ထွက်ပေါ်လာခဲ့ကြချေပြီ။

ယနေ့တွင် ကောင်းကင်ကြီး
အရောင်ပြောင်းလဲတော့မည်လော။

"နင်လည်း ပေါ်လာပြီ၊ ဒါပေမယ့် ဘာဖြစ်လဲ"

ထျန်းမင်သချိုင်းကေရာဇ်ကို မြင်ရသော်လည်း သရဲမျက်နှာသုသာန်ကေရီ၏လေသံမှာ မပြောင်းလဲပါချေ။

"မင်းနဲ့ ဒီကောင်လေးကြား အကြောင်းတရားက ဘာလဲ၊ မင်းဘာလို့ သူ့ကို ကူညီချင်တာလဲ၊ မင်းက သူ့နောက်က မိသားစုကို ကျေနပ်စေချင်လို့လား"

ထျန်းမင်သချိုင်းကေရာဇ်၏ မျက်လုံးများက အနည်းငယ်ကျဉ်းမြောင်းသွားကာ ပြောလိုက်သည်။

သူ့စကားက အဆိပ်ပြင်းပြီး ဆန်းကျယ်သည်ဟု ဆိုရမည်။

သူက သရဲမျက်နှာသုသာန်ကေရီကို ထာဝရသချိုင်းမြေ၏ တစ်ဖက်ခြမ်းသို့ ချက်ချင်း ပို့လိုက်ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း အနည်းငယ်
မျက်မှောင်ကြုတ်သွား၏။

ဤထျန်းမင်သချိုင်းကေရာဇ်က သူ့ကို အနည်းငယ်
စိတ်မချမ်းသာ ဖြစ်စေသည်။

"ဒါက နင်နဲ့ဘာမှမဆိုင်ဘူး"

သရဲမျက်နှာသုသာန်ကေရီ၏ လေသံက
အေးစက်သွားသည်။

သူက ထိုသို့မရည်ရွယ်သော်လည်း ရှင်းပြရန်
စိတ်မဝင်စားပေ။

"အိုး၊ မင်းက ဒီကောင်လေးကို သချိုင်းကမ္ဘာထဲ

ဝင်စေချင်နေတာ မဟုတ်လား။ ဒါက ကိစ္စမရှိပါဘူး၊
တကယ်လို့ သူ့ကို ဝင်ခွင့်ပေးလိုက်ရင်
ဘယ်လိုလုပ်မလဲ"

ထျန်းမင်သင်္ချိုင်းကောရာဇ်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

ကျွင်းရှောင်ယောက်ကို ဝင်ခွင့်မပေးလျှင်
သရဲမျက်နှာသုသာန်ကောရီကလည်း
လက်လျှော့သွားမည် မဟုတ်ပါ။

သရဲမျက်နှာသုသာန်ကောရီနှင့် ရင်ဆိုင်ရချိန်တွင်
ထျန်းမင်သင်္ချိုင်းကောရာဇ်ဖြစ်လျှင်ပင် သတိထား၍
ဆက်ဆံရသည်။

အဆုံးစွန်အခြေအနေ မဟုတ်ပါက
ထျန်းမင်သင်္ချိုင်းကောရာဇ်သည်

သရဲမျက်နှာသုသာန်ကေရီနှင့် ရင်ဆိုင်ကြရန် မလိုလားပါ။

ထို့ပြင် ကျွင်းရှောင်ယောက်က သင်္ချိုင်းကမ္ဘာထဲသို့ ဝင်နိုင်လျှင်ပင် ချူထျန်းပါ့၏အခွင့်အလမ်းကို တားနိုင်မည်ဟု မဆိုလိုပေ။

နောက်ဆုံးတွင် ၎င်းက တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်စွမ်းရည်အပေါ်၌ မူတည်သည်။

"မင်းဝင်ရဲရင် ငါမင်းကို သတ်မယ်"

ချူထျန်းပါ့၏ မျက်လုံးများက အေးစက်သွားခဲ့သ်ည။

သူသည် ကျွင်းရှောင်ယောက်ကို အနိုင်ပိုင်းကာ အသျှင်ခန္ဓာကသာ ဘုရင်ဖြစ်ကြောင်း ကမ္ဘာကြီးအား

သက်သေပြလိုသည်။

"မင်းပြောတဲ့အတိုင်းပဲ"
ကျွင်းရှောင်ယောက်က အများကြီးပြောရန် စိတ်မဝင်စားပါ။

အချိန်တန်ရင် အမှန်တရားက အရာအားလုံးကို သက်သေပြလိမ့်မည်။

ထို့နောက် သင်္ချိုင်းကမ္ဘာထဲသို့ ဝင်ရောက်သူအရေအတွက်ကို သတ်မှတ်ပေးခဲ့သည်။

ကျွင်းရှောင်ယောက်၊ လန်ဟွမ်၊ ချူထျန်းပါ့၊ လုံရှန်း၊ မိုလင်း၊ ကျိုးရင်၊ သွေးနတ်ဆိုးဂိုဏ်းမှ ပါရမီရှင်၊ အလောင်းသန့်စင်ဂိုဏ်းမှ ပါရမီရှင်နှင့်

အခြားသူများလည်း ပါဝင်သည်။

၎င်းတို့အပြင် ကျန်သတ္တဝါများကတော့ အပြင်ဘက်၌သာ ကြည့်ရှုနိုင်လိမ့်မည်။

"ကျေးဇူးတင်ပါတယ်"

သင်္ချိုင်းကမ္ဘာထဲသို့မဝင်မီ ကျွင်းရှောင်ယောက်က သရဲမျက်နှာသုသာန်ကေရီကိုကြည့်ကာ ခပ်တိုးတိုး ပြောလိုက်သည်။

လောလောဆယ်တွင် အကြောင်းတရားနှင့် အကျိုးကို မတွက်ဆနိုင်သေးသော်လည်း နောင်အနာဂတ်မှာ အဖြေရှာရမည်။

"သင်္ချိုင်းကမ္ဘာပြီးသွားတဲ့အခါ ဒီကေရီက

မင်းကိုတွေ့ချင်တယ်"

သရဲမျက်နှာသုသာန်ကေရီကလည်း
ကျွင်းရှောင်ယောက်ကိုကြည့်ကာ ပြောလိုက်သည်။

ထိုမျက်နှာသည် သူမ၏ အထီးကျန်နှလုံးသားကို
လှုပ်ရှားသွားစေခဲ့ပေသည်။

ယင်းက အချစ်ရေးခံစားချက်နှင့်  မသက်ဆိုင်ဘဲ
အလွန်ထူးခြားသည့် ခံစားချက်တစ်ခု ဖြစ်သည်။

သို့သော်လည်း ဤသဘောထားက အခြားသူများ၏
အယူအဆများကို အတည်ပြုသကဲ့သို့
ဖြစ်စေခဲ့ပေသည်။

"သရဲမျက်နှာသုသာန်ကေရီက ဒီကောင်လေးကို

တကယ်တွေးနေတာပဲ"

အမျိုးသား သတ္တဝါအားလုံး
အသည်းကွဲသွားခဲ့ကြသည်။

၎င်းတို့က သရဲမျက်နှာသုသာန်ကေရီ၏
မျက်နှာသာကို မရနိုင်သော်လည်း
အခြားတစ်ယောက်အား မျက်နှာသာပေးခြင်းကို
လက်မခံလိုပေ။

ယင်းက မိမိ၏ တိတ်တခိုးချစ်ရသူ
ကြယ်ပွင့်မိန်းကလေးတစ်ယောက်ကဲ့သို့ ဖြစ်သည်။
ထိုမိန်းကလေးက သူ့ကို မကြိုက်မှန်း
သိနေသော်လည်း အခြားတစ်ယောက်နှင့်
ချစ်သွားပါက မဆီမဆိုင် အသည်းကွဲရပေမည်။

ကျွင်းရှောင်ယောက်က အနည်းငယ်

ခေါင်းညိတ်လိုက်သည်။

သရဲမျက်နှာသုသာန်ကေရီက သူ့အပေါ်တွင် မကောင်းသော ရည်ရွယ်ချက်မရှိဟုလည်း ယုံကြည်သည်။

ထို့နောက်တွင်၊ ကျွင်းရှောင်ယောက်နှင့် အခြားသူများလည်း ဟင်းလင်းပြင်အက်ကြောင်းထဲသို့ တိုက်ရိုက် ဝင်ရောက်လာခဲ့သည်။

ပတ်ဝန်းကျင်က ဖရိုဖရဲဖြစ်ကာ ကမ္ဘာကြီး ချာချာလည်သွားသကဲ့သို့ ခံစားလိုက်ရလေသည်။

ခဏအကြာတွင် ကျွင်းရှောင်ယောက်က တိတ်ဆိတ်သော နေရာတစ်ခုသို့ ရောက်လာသည်။

ကမ္ဘာကြီးသည် သွေးရောင်စွန်းထင်းနေပြီး ကောင်းကင်တွင်လည်း ကြက်သွေးရောင် နေ ခုနစ်စင်း ရှိနေသည်။

၎င်းက ဧရိယာကို နွေးထွေးမှုတစ်စုံတစ်ရာ မဆောင်ကြဉ်းဘဲ သွေးထွက်သံယိုနှင့် သတ်ဖြတ်မှုအရှိန်အဝါများသာ ဖြန့်ကျက်နေသည်။

သေခြင်းတရား၏ အရှိန်ဝါကလည်း လေထဲ၌ စိမ့်ဝင်နေပေသည်။

သုသာန်သတ္တဝါ အများစုပင်လျှင် ဤနေရာ၌ အဆင်မပြေမှုအချို့ရှိမည်ဟု ခန့်မှန်းရသည်။

ကျွင်းရှောင်ယောက်ကတော့

ရေးဟောင်းမြင့်မြတ်ခန္ဓာဖြင့် တွန်းလှန်နိုင်စွမ်း
ရှိထားခဲ့ပေသည်။

သူ့ပတ်ဝန်းကျင်တွင် တခြားသက်ရှိသတ္တဝါများတော့
မရှိပါ။

သူတို့က မရှေ့မနှောင်း ဝင်လာသော်လည်း နေရာက
ဖရိုဖရဲဖြစ်၍ တစ်နေရာတည်းမှာ မဆင်းနိုင်ကြောင်း
ထင်ရှားသည်။

"နောက်ဆုံးတော့ သင်္ချိုင်းကမ္ဘာကိုရောက်လာပြီ"
ကျွင်းရှောင်ယောက်
သက်ပြင်းတစ်ချက်ချလိုက်သည်။

မဝင်ခင်မှာ လန်ဟွမ်က သင်္ချိုင်းကမ္ဘာ၏
အစွန်အဖျားများတွင် စူးစမ်းလေ့လာရုံဖြင့်

အခွင့်အလမ်းအမျိုးမျိုးရှိနိုင်သည်ဟု ပြောခဲ့ဖူးသည်။

သို့သော်လည်း နက်နက်ရှိုင်းရှိုင်း မသွားသင့်ပေ။

သင်္ချိုင်းကမ္ဘာရဲ့ နက်ရှိုင်းသည့်နေရာများတွင် သူတို့ကဲ့သို့ ပါရမီရှင်များ မဆိုထားနှင့်... သတိမပြုမိလျှင် သူတော်စင်များသည်ပင် ကျဆုံးသွားနိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက် သိပ်ဂရုမစိုက်ပါ။ သူက အံ့အဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်း အက်မော်တယ်မြက်ကိုရှာရန် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

'စနစ်က လက်မှတ်မထိုးရသေးဘူး၊ အဲဒါက သင်္ချိုင်းကမ္ဘာရဲ့ အစွန်မှာပဲ ရှိနေသေးလို့လား'

ကျွင်းရှောင်ယောက် စဉ်းစားလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ရှေ့ကို
ဆက်လျှောက်လာခဲ့သည်။

လမ်းတစ်ဝက်တွင် သဲမြေထဲ၌ နစ်မြုပ်နေသော
အရိုးစုတစ်ပိုင်းကို သူတွေ့လိုက်ရသည်။

"သူတော်စင်အရိုးစုလား"
ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

ဤအရိုးစုမျိုးက သာမန် ပါရမီရှင်များအတွက်တော့
ကြီးမားသည့် အခွင့်အလမ်းတစ်ခု ဖြစ်နေခဲ့ချေပြီ။
အရိုးစုမှ ကမ္ပည်းများ၊ နိယာမများကို နားလည်ရုံဖြင့်
ကြီးမားသည် အကျိုးကျေးဇူးကို ရနိုင်ပေလိမ့်မည်။

သို့သော်လည်းကျွင်းရှောင်ယောက်က စိတ်မဝင်စားဘဲ မရပ်တန့်ခဲ့ပါ။

နာရီအနည်းငယ်ကြာပြီးနောက် ကျွင်းရှောင်ယောက်သည် မြေထဲတွင် နစ်မြုပ်နေသော ရှားပါးသတ္တုများ၊ သင်္ချိုင်းကမ္ဘာ၌သာ ပေါက်ရောက်သော သရဲမြက်ပင် အစရှိသည့် ရတနာအချို့ကို အခါအားလျော်စွာ ရှာဖွေတွေ့ရှိခဲ့သည်။

ဆိုရလျှင် ခြေလှမ်းအနည်းငယ်တိုင်းလိုလို၊ ရတနာအချို့ကို တွေ့ရနိုင်ပေသည်။

သင်္ချိုင်းနယ်မြေရှိ သတ္တဝါအားလုံးက သင်္ချိုင်းကမ္ဘာထဲသို့ ဝင်ချင်ကြသည်မှာ

အံ့သြစရာမဟုတ်ပါ၊ ဤနေရာသို့ ဝင်နိုင်သည်နှင့် ရတနာများစွာကို ရနိုင်မည် ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့ ဂရုမစိုက်ပါ။

လမ်းတွင် ကျွင်းရှောင်ယောက်က အရိုးစုသတ္တဝါများကိုလည်း ကြုံတွေ့ခဲ့ရသည်။ သူ ယခင် ထာဝရသင်္ချိုင်းမြေထဲသို့ ဝင်စက မြင်ခဲ့ရသော သတ္တဝါများလည်း ရှိသေးသည်။

သို့သော်လည်း ကံကောင်းထောက်မစွာဖြင့် ဤသတ္တဝါများမှာ မသန်မာသည့်အတွက် ကျွင်းရှောင်ယောက်က အလွယ်တကူ ဖြေရှင်းနိုင်ခဲ့သည်။

ကျွင်းရှောင်ယောက်က နောက်ထပ်
အရိုးစုသတ္တဝါတစ်ကောင်ကို
ထပ်မံတွေ့ရသောအခါ...

အံ့အားသင့်စရာကောင်းအောင် ဤအရိုးစုသတ္တဝါက
မိုးကြိုးလျှပ်စီးကို ထိန်းချုပ်နိုင်ကြောင်း
မြင်လိုက်ရသည်။

"ဒါက... ထူးဆန်းတယ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများပင်
လေးနက်သွားခဲ့သည်။

--------

အခန်း ( ၃၅၁ ) သင်္ချိုင်းကမ္ဘာမှ အခွင့်ကောင်းကြီး၊
ဘုရင်ငယ်များအားလုံး စုဝေးခြင်း၊

ကျွင်းရှောင်ယောက် စတင်သတ်ဖြတ်မည်။

အားလုံးသိကြသည့်အတိုင်း၊ ထာဝရသင်္ချိုင်းမြေသည် အေးစက်ပြီး ဆိုးရွားသော နေရာတစ်ခု ဖြစ်သည်။

သုသာန်သတ္တဝါအားလုံးသည် သေခြင်းမှ ပြန်လည်ရှင်သန်လာကြသူများဖြစ်၍ သဘာဝအတိုင်း မီး၊ မိုးကြိုး စသည်တို့နှင့် ဆန့်ကျင်ဘက်များ ဖြစ်နေခဲ့ကြသည်။

ထို့ကြောင့်၊ ထာဝရသင်္ချိုင်းမြေတွင် မိုးကြိုးနှင့် မီးစွမ်းအားကို ထိန်းချုပ်နိုင်သော မည်သည့် သတ္တဝါကိုမျှ သူမတွေ့ဖူးပါ။

ရှိခဲ့လျှင်ပင် အမှောင်မိုးကြိုးနှင့် သရဲမီးကဲ့သို့ အထူးစွမ်းအင်အချို့သာ ရှိနိုင်မည်။

သို့ရာတွင် ဤအရိုးစုသတ္တဝါကတော့
ကြောက်စရာကောင်းသော မိုးကြိုးလျှပ်စီးကို
ထိန်းချုပ်ထားနိုင်သည်။

ယင်းက နည်းနည်းတော့ အံ့သြစရာကောင်းပေသည်။

ထိုအတွက် တစ်ခုတည်းသော ဖြစ်နိုင်ချေမှာ
ဤမိုးကြိုးက အရိုးစုသတ္တဝါကိုယ်တိုင်၏
စွမ်းအင်မဟုတ်ပေ။

၎င်းမှာ အခြားနေရာမှ ရရှိလာခြင်း ဖြစ်သည်။

ဤအရာက ကြီးမားသောအခွင့်အလမ်းကို
ကိုယ်စားပြုနေခဲ့ပေသည်။

ကျွင်းရှောင်ယောက်က
လက်ဝါးရိုက်ချက်များထုတ်ဖော်ကာ
ထိုအရိုးစုသတ္တဝါများကို သုတ်သင်ပစ်လိုက်သည်။

ထို့နောက် ကျန်အရိုးတစ်ချောင်းကို ကောက်ယူကာ
မိုးခြိမ်းအကစ္ခရာများကို ကြည့်လိုက်၏။

'ဘယ်လောက်တောင် ပြည့်စုံတဲ့
ကမ္ပည်းပုံစံတွေပါလိမ့်၊ ဒါက မဟာနတ်ဘုရားစွမ်းရည်
နီးနီးပဲ"
ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အရောင်လက်သွားသည်။

အစ်အမှန်နဂါး မဟာနတ်ဘုရားစွမ်းရည်၊
နတ်ဖီးနစ်မဟာနတ်ဘုရားစွမ်းရည်၊ စသည်တို့ကဲ့သို့

နတ်ဘုရားစွမ်းရည်များက အလွန်ရှားသည်။

ကျွင်းရှောင်ယောက်၏ အနေအထားဖြင့်ပင်
ဤနတ်ဘုရားစွမ်းရည်မျိုးကို
ပေါ့ပေါ့တန်တန်မထားနိုင်ပေ။ သူ
အလေးအနက်ထားရမည်။

"အဲဒါက ရှေ့မှာပဲ"

ကျွင်းရှောင်ယောက်လည်း ရှေ့ကို
ဆက်လျှောက်သွားခဲ့သည်။

လမ်းတစ်လျှောက်တွင် မိုးကြိုးစွမ်းရည်နှင့်
အရိုးစုသတ္တဝါများက ပိုများလာသည်။

ယင်းကပင် ကျွင်းရှောင်ယောက်၏လမ်းက

မမှားလေကြောင်း ဖော်ပြခဲ့ပေသည်။

.........

သင်္ချိုင်းကမ္ဘာ၏ တစ်နေရာတွင် ငွေရောင်
တောင်တန်းတစ်ခု ရှိသည်။

တောင်တစ်ခုလုံးက ငွေရောင်ဖြစ်ကာ အဆုံးမဲ့
မိုးကြိုးများ၏ နိဗ္ဗာန်ဘုံသကဲ့သို့ ဖြစ်နေခဲ့လေသည်။

တောင်အလယ်မှာတော့ အဆုံးမဲ့မိုးကြိုးများနှင့်
ဂူတစ်လုံးရှိသည်။

တောင်အစွန်အဖျားမှာတော့ မိုးကြိုးကို
ထိန်းချုပ်ထားသည့် အရိုးစုသတ္တဝါ အမျိုးမျိုး

တိုက်ခိုက်နေကြ၏။

၎င်းတို့နှင့် တိုက်ခိုက်နေသူကတော့ ကျိုးရင်အပါအဝင် ထိပ်တန်းဘုရင်ဆယ်ပါးတို့ ဖြစ်သည်။

ချူထျန်းပါ့မှလွဲ၍ လန်ဟွမ်အပါအဝင် ကျန်ဘုရင်ငယ်အားလုံး ဤနေရာတွင် စုရုံးနေခဲ့ကြချေပြီ။

သင်္ချိုင်းကမ္ဘာထဲသို့ ဝင်ရောက်ပြီးနောက် ၎င်းတို့တစ်ဦးစီဟာ အခွင့်အရေးအချို့ကို ရခဲ့ကြပြီးပြီ။ နောက်ဆုံးတွင် မိုးကြိုးစွမ်းအားကို ပြသနိုင်သည့် အရိုးစုသတ္တဝါအချို့ကို တွေ့ဆုံခဲ့ကြ၍ နောက်ဆုံးတွင် ဤနေရာ၌ စုရုံးမိခဲ့ခြင်း ဖြစ်သည်။

'အဲဒီလိုဏ်ဂူထဲမှာ၊ မိုးကြိုးဓာတ်ရဲ့ ရတနာတစ်ခု

ဒါမှမဟုတ် မိုးကြိုးဓာတ်
မဟာနတ်ဘုရားစွမ်းရည်တစ်ခုခု ရှိနေနိုင်ချေရှိတယ်'
လုံရှန်း၏ မျက်လုံးများက ပူလောင်နေသည်။

သုသာန်သတ္တဝါများအတွက် မိုးကြိုးလျှပ်စီး
မဟာနတ်ဘုရားစွမ်းရည်ဟူသည်
လေ့ကျင့်ကောင်းသောအရာ မဟုတ်ပါ။

သို့ရာတွင် ထိပ်တန်းဘုရင်ဆယ်ပါးကဲ့သို့
သူများအတွက်တော့ မိုးကြိုးလျှပ်စီး
နတ်ဘုရားစွမ်းရည်ကိုလေ့ကျင့်ရန် များစွာ
မခက်ခဲလှပေ။

ထို့အပြင်၊ မိုးကြိုးအမျိုးအစား နတ်ဘုရားစွမ်းရည်က
ဤနေရာတွင် အလွန်အစွမ်းထက်သောကြောင့်
တိုက်ခိုက်သတ်ဖြတ်ရန်အတွက် ဂုက်ဖဲအဖြစ်

အသုံးပြုနိုင်သည်။

"ဒီအရိုးစုသတ္တဝါတွေက အတော်ဒုက္ခပေးတာပဲ"
မိုလင်းက ပြောသည်။

စကားပြောနေရင်း ရှံဖန်ရှံခါ သူ့မျက်လုံးထောင့်က
သိမ်မွေ့သော လန်ဟွမ်ခန္ဓာကိုယ်အား
ပူပြင်းသောအကြည့်ဖြင့် ကြည့်၏။

"နင့်အကြည့်တွေကို မဆင်ခြင်ရင် ဒီမင်းသမီးက
နင့်မျက်လုံးတွေကို ဖောက်ထုတ်ပစ်မယ်"

လန်ဟွမ်၏ နူးညံ့သိမ်မွေ့သော မျက်နှာက
ရက်စက်ကြမ်းကြုတ်မှုများ ပြည့်နှက်နေသည်။

ကျွင်းရှောင်ယောက်နှင့် တွေ့ရချိန်တွင် သိမ်မွေ့နေ၍

အတွေးမချော်သင့်ပေ။

အခြားလူများအတွက်ဆိုလျှင် သူ့ပုံစံက ကြမ်းတမ်းသည်။

အထူးသဖြင့် မိုလင်းကဲ့သို့ အရှက်မရှိသော မြွေတစ်ကောင်ကို မြင်လိုက်ရလျှင် သူမ စိတ်မသက်မသာခံစားရပြီး ကြက်သီးမွေးညင်းပင် ထောင်ထသွားမိသည်။

ကျွင်းရှောင်ယောက်၏ အသွင်အပြင်က မျက်စိကျစရာ ကောင်းသည်ဟု ပြောလို့ရပေသည်။

တစ်ဖက်တွင် မိုလင်းက လုံး၀ စိတ်ပျက်စရာ ဖြစ်သည်။

"မင်း...ဟမ့်၊ အဲဒီကောင် သင်္ချိုင်းကမ္ဘာထဲမှာ အသက်ရှင်နေနိုင်မှာ မဟုတ်ဘူး"

မိုလင်းက သူ့မြွေမျက်လုံးများကို အနည်းငယ်မှေးစင်းကာ ပြောလိုက်သည်။

ထိုစဉ် အဝေးမှ အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာခဲ့၏။

"အိုး၊ ဒါပဲလား"

ထိုမသံကိုကြားတော့ မိုလင်း၏ တစ်ကိုယ်လုံး တောင့်တင်းလာပြီး လုံရှန်းကဲ့သို့ အခြားပါရမီရှင်များလည်း ရုတ်တရက် လှည့်ကြည့်လိုက်ကြသည်။

အဝေးတွင် ကျွင်းရှောင်ယောက်က
လက်နှစ်ဖက်ကိုနောက်ပစ်ပြီး လေထဲမှ
လျှောက်လှမ်းလာသည်။

သူက တိုက်ပွဲဖြစ်ပွားရာ ရာနေရာအနှံ့သို့
လှည့်ကြည့်ပြီး နောက်ဆုံးတွင် ဂူထဲသို့
အကြည့်ကျရောက်သွား၏။

"အဲ့ဒါက အခွင့်အရေးပဲလား"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
စိတ်ဝင်စားသည့် အရိပ်အမြွက်ကို လှစ်ဟလာခဲ့သည်။

"သခင်လေး ကျွင်း...."

လန်ဟွမ်က ဝမ်းသာသွားဟန်ဖြင့် ခါးကိုနွဲ့ကာ

ကျွင်းရှောင်ယောက်အနားသို့ ပျံသန်းသွားလိုက်သည်။

မိုလင်းနှင့် အခြားသူများမှာတော့ မျက်နှာများ အလွန်အကြည့်ရဆိုးသွား၏။

ဤအခွင့်အရေးက သုသာန်ကမ္ဘာ အစွန်အဖျားတွင် အကြီးမားဆုံးအခွင့်အရေးတစ်ခု ဖြစ်နိုင်သည်။

ထို့ထက် ဆက်လက်ပြီး နက်ရှိုင်းစွာဝင်သွားပါက အသက်အန္တရာယ်များပင် ကျရောက်ပေလိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက် ရောက်ရှိလာကတည်းက အမှိုက်ကိုပင်မချန်ဘဲ အကုန်သိမ်းကြုံးယူတော့မှာ သေချာနေခဲ့ပြီ ဖြစ်သည်။

"မင်းတို့ ဘာဖြစ်လို့ အဲဒီမှာ ရပ်နေကြတာလဲ၊ ထွက်မသွားသေးဘူးလား" ကျွင်းရှောင်ယောက်က အများကြီးမပြောဘဲ တိုက်ရိုက် မောင်းထုတ်လိုက်သည်။

"ကျွင်းရှောင်ယောက်၊ ငါတို့ ဒီနေရာကို အရင်ရှာတွေ့တာကွ။ အဲဒါကို မင်းတစ်ယောက်တည်း အပိုင်သိမ်းလို့ မရဘူး"

လုံရှန်းက အသံနက်ကြီးဖြင့် ပြော၏။

"ဒါဆိုရင် မင်းတို့မသွားရင် သေရမယ်"

ကျွင်းရှောင်ယောက်က အပိုမပြောဘဲ လုံရှန်းထံ လက်ဝါးရိုက်ထုတ်လေတော့သည်။

"ကျွင်းရှောင်ယောက်၊ မင်း…"

လုံရှန်းဟာ ကျွင်းရှောင်ယောက်က

သဘောမတူသည်နှင့် တိုက်ရိုက်တိုက်ခိုက်မည်ဟု မျှော်လင့်မထားပေ။

၎င်းက လျှို့ဝှက်ပညာကို ထုတ်ဖော်လိုက်ရာ သူ့ခန္ဓာက ဖောင်းကြွလာသည်။ သူ့ကျောရိုးက တုန်ခါသွားကာ အဖြူရောင်အရိုးချပ်ဝတ်တန်ဆာအဖြစ် ပြောင်းလဲသွား၏။ ၎င်းက သူ့အား အလွန်မာကျောသော ခံစားချက်ကို ပေးစွမ်းသည်။

တစ်ချိန်တည်းမှာပင် သေခြင်းနဂါးစွမ်းအင်က သူ့ရှေ့တွင် အရိုးဒိုင်းတစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

သို့သော်လည်း တစ်ဆယ်ဘီလီယံဂျင်ခွန်အားနှင့် လက်ဝါးရိုက်ချက်က အရိုးဒိုင်းကို တိုက်ရိုက်

ဖြို့ခွဲသွား၏။ တစ်ချိန်တည်းမှာပင်
လုံရှုန်း၏ခန္ဓာကိုယ်က မြေပေါ်ကို ပြင်းပြင်းထန်ထန်
ပြုတ်ကျသွားတော့သည်။

"အားလုံးပဲ အတူတူတိုက်ခိုက်မယ်ဟေ့"
မိုလင်းက အသံကျယ်ကျယ်ဖြင့်
အော်ဟစ်လိုက်သည်။

ဤတစ်ခေါက်တွင် ဘုရင်ဆယ်ပါး ပါရမီရှင်များက
တုံ့ဆိုင်းမနေဘဲ အလျင်အမြန် တိုက်ခိုက်ကြ၏။

သွေးနတ်ဆိုးမျိုးနွယ်နှင့် အလောင်းမိစ္ဆာဂိုဏ်း၏
ပါရမီရှင်များက ဦးစွာ တိုက်ခိုက်သည်။

တစ်ဦးစီသည် ကိုယ်ပိုင်နည်းလမ်းကို အသုံးပြု၏။

သွေးနတ်ဆိုးမျိုးနွယ်၏ ပါရမီရှင်က
သွေးပင်လယ်ကြီးကို ထပ်မံထုတ်ဖော်သည်။ ထိုအခါ
ကမ္ဘာကြီးကို ချေမှုန်းတော့မည်ကဲ့သို့
အဆုံးမဲ့သေခြင်းစွမ်းအင်များ ထွက်ပေါ်လာသည်။

အလောင်းသန့်စင်ဂိုဏ်းမှ ပါရမီရှင်က
ခေါင်းတလားတစ်လုံးကို ထုတ်ဖော်လိုက်သည်။

ခေါင်းတလားအတွင်းမှ အနီရောင်ဆံပင်နှင့်
ရှေးဟောင်းအလောင်းကောင် ထွက်ပေါ်လာခဲ့၏။

ဤဆံပင်နီအလောင်းသည် အလောင်းသန့်စင်ဂိုဏ်းမှ
ပေးလိုက်ခြင်းဖြစ်ပြီး အထူးသဖြင့် သင်္ချိုင်းကမ္ဘာတွင်
ကျွင်းရှောင်ယောက်နှင့် ကိုင်တွယ်ရန် ဖြစ်သည်။

၎င်း၏ အစွမ်းကတော့ အစစ်အမှန်နတ်ဘုရားနှင့်ပင်
နှိုင်းယှဉ်လုနီး ဖြစ်နေခဲ့ကြပြီ။

ထိုအထဲတွင် ကျိုးရင်ကတော့
အေးစက်စက်မျက်လုံးများဖြင့် အခွင့်ကောင်းကိုသာ
တိတ်တဆိတ် ရှာဖွေနေသည်။

…………

ဘုရင်အဆင့် ပါရမီရှင်များက ကျွင်းရှောင်ယောက်ကို
တိုက်ခိုက်ကြသည့်အချိန်တွင်…

အပြင်ဘက် ကောင်းကင်ယံမှ
ဟင်းလင်းပြင်အက်ကြောင်းက သချိုင်းကမ္ဘာတွင်းရှိ
တိုက်ပွဲကို ထင်ရှားနေစေသည်။

ဘုရင်ဆယ်ပါးသည် ကျွင်းရှောင်ယောက်ကို ထပ်မံတိုက်ခိုက်နေသည်အား မြင်ရသောအခါ...

သုသာန်သတ္တဝါများလည်း တူညီသောအမှားများကို ထပ်ခါထပ်ခါ ပြုလုပမမိမည်အား စိုးရိမ်သောကြောင့် အလွန်ပင် တုန်လှုပ်သွားကြသည်။

"မဟုတ်တာ၊ ကျိုးရင်လည်း ဒီတစ်ခါတော့ လှုပ်ရှားမယ်လို့ ထင်တယ်၊ နောက်ဆုံးတော့ သူက ချူထျန်းပါ့ကိုတောင် ရင်ဆိုင်နိုင်တဲ့ တည်ရှိမှုပဲ"

"ဟုတ်တယ်၊ ဆံနီနတ်ဆိုးအလောင်းလည်း ရှိသေးတယ်၊ သူက အစစ်အမှန်နတ်ဘုရားအဆင့်ကိုတောင် ချဉ်းကပ်နေခဲ့ပြီ၊ သူ့ကို ဘယ်သူက တားဆီးနိုင်မှာလဲ"

နေရာတွင် ဆူဆူညံညံ ဆွေးနွေးသံများ ထွက်ပေါ်လာသည်။

ထျန်းမင်သချိုင်းဧကရာဇ်ကတော့ လေထဲတွင် တစ်ယောက်တည်း ရပ်နေကာ စကားတစ်ခွန်းမှ မပြောပေ။

.........

ထိုအချိန် သချိုင်းကမ္ဘာ၌ တိုက်ပွဲစတင်လာခဲ့ပြီ ဖြစ်သည်။

ဆံနီနတ်ဆိုးအလောင်းသည် အလွန်တရာ ရက်စက်ကြမ်းကြုတ်သော

မွန်းစတားတစ်ကောင်ကဲ့သို့ ပြေးလာခဲ့၏။

ကျွင်းရှောင်ယောက်က လက်သီးချက် ထုတ်ဖော်လိုက်သည်။ ယင်းက ဆံနီနတ်ဆိုးအလောင်းရင်ဝကို ထိမှန်သွား၏။ သို့သော်လည်း ပြိုကျမသွားခဲ့ပေ။

"နောက်ဆုံးအကြိမ်လိုမျိုး ထပ်ဖြစ်မယ်လို့ မင်းထင်နေတာလား"

အလောင်းသန့်စင်ဂိုဏ်းမှ ပါရမီရှင်က အေးစက်စက်ဖြင့် ပြောသည်။

သူ့မျက်နှာကတော့ အလွန်ဖြူဖျော့ကာ နှုတ်ခမ်းထောင့်မှာလည်း သွေးစများ ရှိ၏။

ဆံနီနတ်ဆိုးအလောင်းက သူ၏ ထိန်းချုပ်နိုင်မှုထက်

ကျော်လွန်သွားခဲ့ပြီ။ သူဟာ ယခုလေးတင်
အတင်းအကြပ် အသက်သွင်းလိုက်သည့်တိုင်
ကြီးကြီးမားမား ထိခိုက်မှုများ ဖြစ်လာစေခဲ့သည်။

သွေးနတ်ဆိုးဂိုဏ်းမှ ပါရမီရှင်နှင့် မိုလင်းက
ဆံနီနတ်ဆိုးအလောင်းဖြင့် ချုပ်နှောင်ခြင်းအား
အခွင့်ကောင်းယူကာ လှုပ်ရှားခဲ့ကြသည်။

လန်ဟွမ်ကတော့ မလှုပ်ရှားပါ။ ထိုအစား သူဟာ
ဝင်ပါရန် မလိုဘူးဟု ထင်သည်။

သူကူညီပါက ကျွင်းရှောင်ယောက်ကို
မယုံကြည်သကဲ့သို့ ဖြစ်နေပေလိမ့်မည်။

"ပုရွက်ဆိတ်တွေ ပေါင်းစည်းလိုက်ရင်တောင်
ပုရွက်ဆိတ်တွေပဲ ဖြစ်လိမ့်မယ်"

ကျွင်းရှောင်ယောက်၏ ချီနှင့် သွေးများက မီးတောင် ပေါက်ကွဲသွားသကဲ့သို့ ထွက်ပေါ်လာသည်။

သူ့ဆံပင်များက တဖျပ်ဖျပ်လူးလွန့်ကာ တစ်ကိုယ်လုံးမှလည်း အင်မော်တယ်အလင်းများဖြင့် ပြည့်နှက်သွား၏။ နောက်ဆုံးမှာတော့ ထာဝရ အင်မော်တယ်အရိုး တစ်ရာ့ခြောက်ဆယ်၏စွမ်းအားကို ထုတ်ဖော်လာခဲ့ပြီ။

တစ်ချိန်တည်းမှာပင်၊ သူ၏ရင်ဘတ်ရှိ အနှိုင်းမဲ့အရိုးက နတ်အလင်းများနှင့်အတူ ကြောက်မက်ဖွယ်ရာ စွမ်းအင်များ စုစည်းလာသည်။

ကျွင်းရှောင်ယောက် လုံး၀ သတ်ဖြတ်ပေတော့မည်။

--------

အခန်း ( ၃၅၂ ) နေမင်းဝါးမျို ကောင်းကင်စပါးအုံး၊
အားလုံးကို ပြောင်စိန်သတ်ဖြတ်သည်။

ကျွင်းရှောင်ယောက်၏ ညာလက်သီးတွင်
ခရမ်းရောင်အလင်းတန်းများ လင်းလက်လာသည်။

သူက သားနို့စ်သူတော်စင်ဘုရင်လက်အိတ်ကို
ဝတ်ဆင်ထားခဲ့ပြီ။

တစ်ရာဘီလီယံဂျင်ခွန်အားနှင့်
ထာဝရအင်မော်တယ်အရိုး စွမ်းအားကလည်း
ပါဝင်သည်။

ကျွင်းရှောင်ယောက်၏ လက်သီးက အရပ်ရပ်ကို

ဖြတ်ကျော်သွားနိုင်ပုံ ရသည်။

သူက ဆံနီနတ်ဆိုးအလောင်းကို လက်သီးဖြင့်
ထပ်မံထိုးလိုက်၏။

"ဝုန်း"
ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ
ဆံနီနတ်ဆိုးအလောင်း၏ရင်ဝဟာ
ကျွင်းရှောင်ယောက်၏ လက်သီးချက်ကြောင့်
ပွင့်ထွက်သွားတော့သည်။

ဟုတ်သည်၊ ဆံနီနတ်ဆိုးအလောင်းကိုယ်တိုင်က
ရုပ်သေးတစ်ပိုင်းဖြစ်၍ တစ်စစီမဖြစ်သရွေ့တော့
ရွေ့လျားနိုင်ဆဲပင် ဖြစ်သည်။

ဆံနီနတ်ဆိုးအလောင်းက ချွန်ထက်သည့်ဆူးများကဲ့သို့

လက်သည်းများဖြင့်
ကျွင်းရှောင်ယောက်၏ဦးခေါင်းကို
ဖမ်းဆုပ်လိုက်သည်။

ကျွင်းရှောင်ယောက်က လက်တစ်ဖက်ဖြင့်
လှုပ်ခါလိုက်ရာ သမုဒ္ဒရာကဲ့သို့
နတ်ဘုရားစွမ်းအားများ ထွက်ပေါ်လာခဲ့၏။

"ဝုန်း"
ဤတစ်ခါတော့ နတ်ဆိုးအလောင်းဟာ တိုက်ရိုက်
ထက်ပိုင်းကွဲထွက်သွားတော့သည်။

အလောင်းသန့်စင်ဂိုဏ်းမှ ပါရမီရှင်လည်း စိတ်ဝိညာဉ်
ပျက်ဆီးသွားသကဲ့သို့
တုန်လှုပ်ခြောက်ခြားသွားခဲ့သည်။

ဤဆံနီနတ်ဆိုးအလောင်း၏ တိုက်ခိုက်နိုင်စွမ်းက အစစ်အမှန်နတ်ဘုရားနှင့်ပင် နီးစပ်နေခဲ့ပြီ။

၎င်းကို အစစ်အမှန်နတ်ဘုရားတစ်ပါးနှင့် နှိုင်းယှဉ်မရသော်လည်း ရုပ်ခန္ဓာပိုင်းတွင် အမှန်တကယ် နီးစပ်နေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်က လက်သီးတစ်ချက်ဖြင့် ထိုးသတ်သွားခဲ့ပြီ။

ကျွင်းရှောင်ယောက်က ဆံနီနတ်ဆိုးအလောင်းကို ဖျက်ဆီးနေချိန်တွင် လုံရှန်း၊ မိုလင်း၊ သွေးနတ်ဆိုးမျိုးနွယ်မှ ပါရမီရှင်နှင့် အခြားသူများ၏ တိုက်ခိုက်မှုတို့က ထွက်ပေါ်လာသည်။

သို့ရာတွင် ကျွင်းရှောင်ယောက် အမူအရာက

မပြောင်းလဲဘဲ ထူးဆန်းသော
အငွေ့အသက်များလည်း ထွက်ပေါ်လာခဲ့၏။

အလွန်အစွမ်းထက်သော တိုက်ခိုက်မှုအားလုံးက
လေထဲတွင် တိုက်ရိုက် ပျောက်ကွယ်သွားတော့သည်။

စွမ်းအင် ခုခံကာကွယ်ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်က အေးစက်စက်မျက်လုံးများဖြင့်
အလောင်းသန့်စင်ဂိုဏ်းမှ ပါရမီရှင်ကို ပထမဆုံး
စိုက်ကြည့်လိုက်သည်။

အလောင်းသန့်စင်ဂိုဏ်းမှ ပါရမီရှင်လည်း စိတ်ထဲတွင်
တုန်လှုပ်လာခဲ့၏။ သူ့တွင် တိုက်ခိုက်လိုစိတ်
မရှိတော့ဘဲ ချက်ချင်း လှည့်ထွက်ပြေးတော့သည်။

အလောင်းသန့်စင်ဂိုဏ်းမှ ပါရမီရှင်၏
တိုက်ခိုက်နိုင်စွမ်းက နတ်ဆိုးအလောင်းပေါ်တွင်
ရှိသည်။ ၎င်းတို့ကိုယ်တိုင်က ဤမျှ မသန်မာပါချေ။

ကျွင်းရှောင်ယောက်က လေထဲသို့ ဖမ်းဆုပ်လိုက်ရာ
စွမ်းအင်များစုစည်းလာပြီး ကောင်းကင်နတ်ဘုရားလှံ
ပေါ်လာသည်။

လှံက အလောင်းသန့်စင်ဂိုဏ်းမှ ပါရမီရှင်ကို
ထိုးဖောက်ပြီးသော် ရုတ်တရက် ပေါက်ကွဲသွား၏။

အလောင်းကိုသန့်စင်ဂိုဏ်းသားလည်း ချက်ချင်းပင်
တစ်စစီ ဖြစ်သည်အထိ ပေါက်ကွဲကာ
သေဆုံးသွားတော့သည်။

သင်္ချိုင်းကမ္ဘာအပြင်ဘက်တွင်
အလောင်းသန့်စင်ဂိုဏ်းမှ ကျွမ်းကျင်သူများ
မျက်နှာသုန်မှုန်သွားကြသည်။

သို့သော်လည်း အဖြစ်အပျက်များမှာ ဤမျှနှင့်
မရပ်သေးပေ။

ကျွင်းရှောင်ယောက်က မိုလင်းကို
လှည့်ကြည့်လိုက်သည်။

မိုလင်းလည်း ရေခဲဂူထဲသို့ ကျသွားသည့်နှယ်
တစ်ကိုယ်လုံး အေးစက်သွားသကဲ့သို့ ခံစားလိုက်ရ၏။

ကျွင်းရှောင်ယောက်၏ ရင်ဘတ်မှ တောက်ပသော
အလင်းများ ထွက်ပေါ်လာသည်။

ယင်းက ဖျက်ဆီးခြင်းအလင်းပင်။

ဤသည်မှာ ကောင်းကင်မှ ပြစ်ဒဏ်တစ်ခုကဲ့သို့ အလင်းဖြတ်သန်းသွားရာ လမ်းတစ်လျှောက်မှ အရာအားလုံး ပျက်သုဉ်းသွားရသည်။

"နေမင်းဝါးမျို ကောင်းကင်စပါးအုံး"

မိုလင်းက ဝမ်းခေါင်းသံဖြင့် အော်ဟစ်လိုက်ရာ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှ သွေးများစီးကျလာသည်။ သူသည် သူ့ကိုယ်သူ စတေးလုနီးပါးထိ ဖြစ်စေသော ကြောက်မက်ဖွယ် နတ်ဘုရားစွမ်းရည်ကို ပြသလိုက်၏။

အပြင်လောကတွင် ကောင်းကင်ဝါးမျို မိစ္ဆာစပါးအုံးမျိုးနွယ်၏ ဘိုးဘေးများက

ကောင်းကင်ရှိ နေမင်းကြီးကိုပင် ဝါးမြိုပြီး
သန့်စင်နိုင်သော နတ်ဘုရားစွမ်းရည်
တီထွင်ဖူးသည်ဟူသော ကောလဟာလများ ရှိသည်။

ဤစွမ်းရည်ကတော့ ထိုဒဏ္ဍာရီမှ ဆင်းသက်လာခဲ့၏။
၎င်းသည် ကောင်းကင်ဝါးမျို မိစ္ဆာစပါးအုံးမျိုးနွယ်၏
နောက်ဆုံးလှုပ်ရှားမှု ဖြစ်သည်။

တိုက်ခိုက်မှု ထုတ်ဖော်သည်နှင့် လေထဲတွင်
မိစ္ဆာစပါးအုံးမြွေကြီးတစ်ကောင် ပေါ်လာသည်။
စပါးအုံးသည် မိုင်ထောင်ချီရှည်သော
တောင်ကြီးတစ်လုံးကဲ့သို့ ဖြစ်နေပုံရ၏။

စပါးအုံးကြီးက ပါးစပ်ကိုဖွင့်ကာ
ကောင်းကင်အလင်းကို မျိုချလိုက်သည်။

သို့သော်လည်း မိုလင်း၏ မျက်နှာမှာ
အောင်နိုင်သူအပြုံးပင် မပြုံးလိုက်ရပေ။

မိစ္ဆာစပါးအုံးမြွေကြီးက ရေလှိုင်းကဲ့သို့ တုန်ခါပြီး
မတည်မငြိမ်ဖြစ်နေသည်ကို တွေ့ရသောကြောင့်
ခေါင်းမွေးထောင်ထသွားမိသည်။

"ချိုးဖြတ်"

ကျွင်းရှောင်ယောက်ထံမှ စကားတစ်ခွန်းနှင့်ပင်
မိစ္ဆာစပါးအုံးမြွေတစ်ကောင်လုံး တိုက်ရိုက်
ပေါက်ကွဲသွား၏။

ကျွင်းရှောင်ယောက်၏ ရင်ဘတ်တွင်ကား
အဖြူအမည်းအလင်းများ ထပ်မံ ထွက်ပေါ်လာသည်။
၎င်းက ဆမ်ဆာရာနီဗားနားအလင်း ဖြစ်သည်။

"မဟုတ်ဘူး"

မိုလင်း တုန်လှုပ်ခြောက်ခြားသွားကာ ငယ်သံပါအောင် အော်ဟစ်လိုက်၏။

နောက်အခိုက်အတန့်မှာတော့ ဆမ်ဆာရာနီဗားနားအလင်းက သူ့ခန္ဓာကိုယ်ကို ဖြတ်သန်းသွားတော့သည်။

မိုလင်း၏ ခန္ဓာကိုယ်က ရာသီဥတု တိုက်စားမှုဒဏ်ခံကို နှစ်ပေါင်းများစွာ ခံခဲ့ရသော ကျောက်ဆောင်တစ်ခုကဲ့သို့ တဖြည်းဖြည်းချင်း ပဲ့ကြွေကျသွားသည်။

နောက်ထပ် ဘုရင်ငယ်အဆင့် ပါရမီရှင်တစ်ယောက် သေသွားပြီ။

"သေစမ်း"

ထိုမြင်ကွင်းများကြောင့် သွေးနတ်ဆိုးမျိုးနွယ်မှ ပါရမီရှင်နှင့် လုံ့ရှုန်တို့၏ မိက်နှာအမူအရာများ တည်ကြည် လေးနက်သွားခဲ့သည်။ ၎င်းတို့ မျက်လုံးများမှာတော့ ကြောက်ရွံ့မှုများ ဖြစ်လာကြ၏။ ကြောက်ရွံ့သည့် အမူအရာများကိုပင် တိတ်တဆိတ် ပြသလာခဲ့ကြချေပြီ။

ဟုတ်သည်။

၎င်းတို့ကဲ့သို့ ဘုရင်ငယ်ဆယ်ပါးအတွက်တော့ ကြောက်ရွံ့မှုဆိုတာ ဖြစ်ခဲသည့်မရာပင်။

သို့ရာတွင် ဤအခိုက်မှာတော့ အမှန်တကယ် ကြောက်ရွံ့နေကြပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က တကယ်ကို
နတ်ဆိုးတစ်ယောက်ပင်။

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်ကာ
ထိုရှိကေရာဇ်မီးလျှံဖြင့် သွေးနတ်ဆိုးမျိုးနွယ်မှ
ပါရမီရှင်အား တိုက်ရိုက်ဝန်းရံလိုက်သည်။

တစ်ချိန်တည်းမှာပင် ဧကရာဇ်တံဆိပ်တော်ဖြင့်
လုံရှန်းကို တိုက်ခိုက်လိုက်၏။

ထိုအချိန်တွင် ငြိမ်သက်နေသော ကျိုးရင်က
ရုတ်တရက် လှုပ်ရှားလာသည်။

သူမလှုပ်ရှားရင်လည်း
ကျွင်းရှောင်ယောက်ကိုရင်ဆိုင်ရန်
သူတစ်ယောက်တည်း ကျန်တော့မှာကို

ကြောက်ရွံ့နေရပြီ။

ကျိုးရင် လှုပ်ရှားလိုက်သည်နှင့် ဖြစ်ပေါ်လာသော အတက်အကျများက
အလွန်ကြောက်စရာကောင်းသည်။

အမြီးကိုးခု၏ အနောက်ဘက်တွင် သားရဲခေါင်းကိုးခု ရှိ၏။

ဤအခိုက်အတန့်တွင် ဦးခေါင်းကိုးလုံးက ပါးစပ်များကို တပြိုင်နက်တည်းဟကာ ကမ္ဘာကြီးကို ခွဲထုတ်နိုင်သကဲ့သို့ ခရမ်းရောင်အလင်းတန်း ကိုးခုအား ထုတ်ဖော်လိုက်ကြသည်။

'အစွမ်းထက်လိုက်တာ'

လန်ဟွမ် အနည်းငယ် ထိတ်လန့်သွား၏။

သို့သော်လည်း သူဟာ ကျွင်းရှောင်ယောက်ကို အလွန်ယုံကြည်သည်။

ကျိုးရင်က ခိုးကြောင်ခိုးဝှက် တိုက်ခိုက်လိုက်သော်လည်း ကျွင်းရှောင်ယောက်ဟာ သတိပြုမိဆဲပင်။

သူ့နောက်ကျောတွင် စွမ်းအင်များ ရုန်းကြွပြီး ရုံတစ်ခု ပေါ်လာသည်။

ဝတ်ရုံပေါ်တွင် မရေတွက်နိုင်သော နတ်ဘုရားအမှတ်အသားများ ရှိနေသည်။ ၎င်းတွင် နတ်ဘုရားအော်သံများပင် ထွက်ပေါ်နေပုံရ၏။

ယင်းက အနိူင်းမဲ့နတ်ဆင်ခွန်အား၏ ခုခံကာကွယ်မှု စွမ်းရည်၊ နတ်ဘုရား၏ ဝတ်ရုံပင်။

ဤလှုပ်ရှားမှုသည် အမှောင်နတ်ဘုရား အကာအကွယ်မှ အသွင်ပြောင်းလာသော စွမ်းရည်တစ်မျိုး ဖြစ်သည်။ ၎င်းက ပို၍အားကောင်းကာ နတ်တစ်ပါးကဲ့သို့ ခုခံအား ပေး၏။

ကျိုးရင် ထုတ်ဖော်လိုက်သော နတ်အလင်းတန်းများက ကြမ်းကြုတ်သော်လည်း နတ်ဘုရားဝတ်စုံကို မထိုးဖောက်နိုင်ခဲ့ပေ။

တစ်ချိန်တည်းမှာပင် သွေးနတ်ဆိုးမျိုးနွယ်မှ ပါရမီရှင်က နာနာကျင်ကျင် အော်ဟစ်ရင်း

ကေရာင်ဇ်မီးလျှံများအောက်တွင် ပြာအဖြစ်သို့
လောင်ကျွမ်းခံလိုက်ရသည်။

လုံရှန်း ခန္ဓာကိုယ်လည်း အလွန်တုန်ခါသွားသည်။ သူ
သွေးအန်ရကာ အရိုးများ ကျိုးသွား၏။
ချပ်ဝတ်တန်ဆာများနှင့် နဂါးအကြေးခွံများလည်း
ကွဲအက်သွားကာ သနားစရာဖြစ်နေတော့သည်။

ကျွင်းရှောင်ယောက်က
အင်မော်တယ်သတ်ဓားသိုင်းဖြင့်
ခုတ်ပိုင်းချလိုက်သည်။ တစ်ချိန်တည်းမှာပင် သူ့
မျက်ခုံးနှစ်ခုံးနှစ်ကြားမှ နတ်အမိန့်ချိန်း
ထွက်ပေါ်လာခဲ့၏။ ၎င်းက မူလတာအို
အုပ်ချုပ်သူဓားဖြစ်သည့် ရွှေရောင် ဓားတိုလေးအဖြစ်
ပြောင်းလဲသွားတော့သည်။

မဟာနတ်ဘုရားသိုင်းငါးခုထဲမှ နှစ်ခုကို
တစ်ပြိုင်နက်တည်း အသုံးပြုခဲ့ရာ ထိုစွမ်းအားကို
စိတ်ကူးကြည့်နိုင်သည်။

လုံရှန်းက စွမ်းအားအကုန် ထုတ်သုံးလျှင်ပင်
ဤတိုက်ခိုက်မှုမျိုးနှင့် ရင်ဆိုင်ရချိန်မှာတော့
ရထားတစ်စီးကို လက်တစ်ဖက်တည်းဖြင့်
တားလိုသူကဲ့သို့ ဖြစ်နေဆဲပင်။

လုံရှန်း၏ ရင်ဘတ်နှင့် ဦးခေါင်းကို ဓားအလင်းနှစ်ခုက
အသီးသီး ထိုးဖောက်သွားခဲ့သည်။

အလောင်းနဂါးမျိုးနွယ်မှ လုံရှန်း သေဆုံးသွားခဲ့ပြီ။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က ကျိုးရင်အား
လျစ်လျူရှုသော မျက်လုံးများဖြင့်

လှည့်ကြည့်လိုက်သည်။

ကျိုးရင်လည်း ဤမြင်ကွင်းများကိုကြည့်ကာ အလွန်
ထိတ်လန့်တုန်လှုပ်သွား၏။

ဘုရင်ငယ်ဆယ်ပါးအနက် ချူထျန်းပါ့နှင့်ပင်
ပြိုင်ဆိုင်သော တည်ရှိမှုမှာ အလွန်
အစွမ်းထက်လှသည်။

ယခုမူကား သူလည်း ကြောက်လန့်နေခဲ့ပြီ။

"သေ"

ကျွင်းရှောင်ယောက်က လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းကို ထုတ်ဖော်လိုက်သည်။
ပြန်လည်ဝင်စားခြင်း လမ်းကြောင်းခြောက်သွယ်
ထွက်ပေါ်လာသကဲ့သို့ ကောင်းကင်ကြီးပင်

တုန်ခါသွား၏။

ကျိုးရင်လည်း အစွမ်းရှိသမျှ ခုခံလေရာ
တကိုယ်လုံးကို ခရမ်းရောင်အလင်းများ
ဖုံးလွှမ်းသွားခဲ့သည်။

ကျိုးရင်က တိုက်ခိုက်မှု အမျိုးမျိုးနှင့် ကျိုးရင်
နတ်ဘုရားစွမ်းရည်ကိုပင် ပြသခဲ့ရာ အလွန်
ကြောက်စရာကောင်း၏။

အကယ်၍ ဤကျိုးရင်သာ သန့်စင်သော ကျိုးရင်သွေး
အမွေခံဖြစ်လျှင် ကျွင်းရှောင်ယောက်ကို
အမှန်တကယ် တိုက်ခိုက်နိုင်လိမ့်မည်။

သို့ရာတွင် ဤကျိုးရင်က
သွေးနှောသတ္တဝါတစ်ကောင်မျှသာ ဖြစ်ခဲ့သည်။

သူက ကျွင်းရှောင်ယောက်ရှေ့တွင် လုံးဝ ခုခံနိုင်စွမ်းမရှိဘဲ တိုက်ရိုက် ပေါက်ကွဲသွားခဲ့သည်။

ဤအခိုက်တွင် အရာအားလုံး တိတ်ဆိတ်သွား၏။

နေရာတွင် ကျွင်းရှောင်ယောက်မှ လွဲ၍ လန်ဟွမ်နှင့် ဂူဝင်ပေါက်မှ အရိုးစုသတ္တဝါတချို့သာ ကျန်တော့သည်။

လန်ဟွမ် အံ့အားသင့်သွားသည်။

ကျွင်းရှောင်ယောက်ကို အဆုံးတွင် အနိုင်ရမည်မှန်း သူမသိသော်လည်း ဤမျှလွယ်လွယ်ဖြင့် အနိုင်ရလိမ့်မည်ဟု ဘယ်တုန်းကမှ

မမျှော်လင့်ထားပေ။

ကျွင်းရှောင်ယောက်က ရက်စက်လွန်းလှသည်။

လန်ဟွမ်၏ လျှို့ဝှက်နယ်မြေလေးလည်း တစ်ဖန်
စိုစွတ်လာခဲ့ပြီ။

ဤအခိုက်တွင် သန်ချိုင်းကမ္ဘာ အပြင်ဘက်၌
အရာအားလုံး တိတ်ဆိတ်သွားခဲ့သည်။
နေရာတစ်ခုလုံးက အအေးဆုံးသော
ဆောင်းရာသီတစ်ခုကို ကျရောက်သွားသကဲ့သို့ လုံးဝ
တိတ်ဆိတ်ငြိမ်သက်သွား၏။ ၎င်းတို့အားလုံး
ရုပ်တုများကဲ့သို့ အေးစက်
တောင့်တင်းသွားတော့သည်။

--------

အခန်း ( ၃၅၃ ) လှိုဏ်ဂူအတွင်းမှ အခွင့်အလမ်း၊
မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်။

အချိန်နှင့်ဟင်းလင်းပြင်က အေးခဲသွားပုံရပြီး
သင်္ချိုင်းကမ္ဘာအပြင်ဘက်ရှိ သတ္တဝါအားလုံး
တုန့်တုန့်ယင်ယင် ဖြစ်သွားခဲ့ကြသည်။

အချို့သတ္တဝါများကတော့
ထင်ယောက်ထင်မှားဖြစ်သည်ဟု မှတ်လိုက်ကြ၏။

သို့သော်လည်း သူတို့ကိုယ်တိုင် မျက်စိနှင့်
မြင်နေရခြင်းဖြစ်သောကြောင့် တုန်ရီနေတော့သည်။

ထာဝရသင်္ချိုင်းမြေတစ်ခုလုံး၏
ဘုရင်ငယ်ဆယ်ပါးတွင်... ချူထျန်းပါ့နှင့်

လန်ဟွမ်မှလွဲ၍ ကျန်ရှစ်ယောက်စလုံး
ကျွင်းရှောင်ယောက်၏ လက်ထဲတွင် ကျဆုံးခဲ့ရသည်။

ထို့ပြင် ၎င်းတို့က ဝန်းရံတိုက်ခိုက်ကြသည့်တိုင်
ကျွင်းရှောင်ယောက် အလွယ်တကူ
တန်ပြန်သတ်ဖြတ်ခံခဲ့ရ၏။

ရှက်စရာကောင်းသည်။

သုသာန်သတ္တဝါအားလုံး၏ နှလုံးသားထဲတွင် ယင်းက
အရှက်ကွဲခြင်းတစ်မျိုးပင်။

အသူရာမိစ္ဆာတိုင်းပြည်မှ ကျွမ်းကျင်သူတချို့သော
သူတို့၏မင်းသမီးလေးက
အမြင်အာရုံကောင်းလှပါဘိဟုတွေးကာ
သက်ပြင်းချလိုက်မိသည်။

ချင်ရှန်းအာလည်း အံ့သြသွား၏။

သူသည် မည်သည့်ယောက်ျားကိုမှ
မကြိုက်ခဲ့သော်လည်း ကျွင်းရှောင်ယောက်ကတော့
သူမအလွန်လေးစားရသည့်
တစ်ဦးတည်းသောယောက်ျားအဖြစ်
ရပ်တည်လာခဲ့ပြီ။

"သေစမ်း၊ ချီးပဲကွာ"
အလောင်းနဂါးမျိုးနွယ်၏ ကျွမ်းကျင်သူက
ဒေါသတကြီးဖြင့် ဟိန်းဟောက်လိုက်သည်။

အလောင်းနဂါးမျိုးနွယ်၊ ကောင်းကင်ဝါးမျိုး
မိစ္ဆာစပါးအုံးမျိုးနွယ်၊ သွေးနတ်ဆိုးမျိုးနွယ်၊
အလောင်းသန့်စင်ဂိုဏ်းနှင့် အခြား

ကျွမ်းကျင်သူများလည်း ကျွင်းရှောင်ယောက်ကို
အမြန်ဖယ်ရှားလိုစိတ်များ တဖွားဖွား
ဖြစ်လာကြတော့သည်။

"ဘိုးဘေးဆီက ဘာမှမထူးခြားသေးဘူးလား"
အလောင်းနဂါးများကြားတွင် ဝိညာဉ်အသိများဖြင့်
ဆက်သွယ်နေသည်။

အလောင်းနဂါးမျိုးနွယ်မှ
အလောင်းသင်္ချိုင်းကေရာဇ်ကလည်း
ထာဝရသင်္ချိုင်းမြေ၏ ထိပ်တန်းတန်ခိုးရှင်တစ်ဦး
ဖြစ်သည်။ ၎င်းသည် ထျန်းမင်သင်္ချိုင်းကေရာဇ်ကဲ့သို့
ကျော်ကြား၏။

"အဲဒီ ကျွင်းမိသားစုက ပါရမီရှင်မှာ
ဒီလိုနောက်ခံရှိတယ်လား..."

အလောင်းနဂါးတစ်ကောင်က
ကြောက်လန့်တကြားဖြင့် ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကျွင်းမိသားစုက သန်မာရင်တောင်
ငါတို့ ထာဝရသင်္ချိုင်းမြေရဲ့ အင်အားစုတွေ
ပေါင်းစပ်အားလောက် သန်မာနိုင်ပါ့မလား"

အလောင်းနဂါးတစ်ကောင်က မကျေမနပ်ဖြင့်
ပြောလိုက်သည်။

ထိုသို့ မလိုလားဘဲ ဖြစ်နေသူများမှာ
အလောင်းနဂါးများချည်း မဟုတ်ပေ။

ကောင်းကင်ဝါးမျို မိစ္ဆာစပါးအုံး၊
သွေးနတ်ဆိုးမျိုးနွယ်နှင့် အလောင်းသန့်စင်ဂိုဏ်းနှင့်
အခြားအင်အားစုများမှာလည်း မျက်လုံး
အရောင်လက်ကာ တစ်စုံတစ်ခုကို

ကြိတ်စီစဉ်နေပုံရသည်။

အကယ်၍ ကျွင်းရှောင်ယောက်က ပါရမီရှင်တစ်ဦး၊ နှစ်ဦးကို သတ်လိုက်လျှင်တော့ ကျွင်းမိသားစု၏ နောက်ခံကြောင့် သူ့ကို ထိစပ်ကြမည်မဟုတ်ပေ။

ယခုမူ ကျွင်းရှောင်ယောက်က ဘုရင်ငယ်ဆယ်ပါးစလုံးကို သတ်လုနီးပါး ဖြစ်နေပြီဖြစ်သည်။

ဆိုလိုသည်မှာ ကျွင်းရှောင်ယောက်က ထာဝရသင်္ချိုင်းမြေမှ အင်အားစု ကိုးဆယ်ရာခိုင်နှုန်းကျော်ကို စော်ကားခဲ့ပေပြီ။

ယင်းက အလွယ်တကူ ဖြေရှင်းနိုင်သည့်အရာ မဟုတ်တော့ပါချေ။

လန်ဟွမ်မှလွဲ၍ ချူထျန်းပါ့သည် ဘုရင်ငယ်ဆယ်ပါး၌ နောက်ဆုံးသော ရှင်သန်ကျန်ရစ်သူ ဖြစ်သည်။

'ငါ့တပည့်၊ မင်း ဒီကိစ္စကို ပြီးအောင်လုပ်ရမယ်…'

ထျန်းမင်သင်္ချိုင်းဧကရာဇ်၏ မျက်လုံးများက အလွန်လေးနက်သွားသည်။

သူသည် ချူထျန်းပါ့ကို သင်္ချိုင်းကမ္ဘာထဲသို့ ဝင်စေခြင်းက…
ပြန်လည်ဝင်စားခြင်းရေကန်ကိုရှာကာ ချူထျန်းပါ့၏ အသွင်ကူးပြောင်းမှုအတွက်ချည်း မဟုတ်ပေ။

ဤအတွင် နောက်တစ်ခုလည်း ရှိသည်။

ထိုအရာသာ အောင်မြင်ပါက
သန်ချိုင်းကမ္ဘာကြီးတစ်ခုလုံး
အပြောင်းအလဲကြီးတစ်ခုကို
ဦးတည်သွားခဲ့ရပေလိမ့်မည်။

အပြင်ဘက်မှ ထာဝရသန်ချိုင်းတစ်ခုလုံးရှိ
သက်ရှိသတ္တဝါများ တုန်လှုပ်ချောက်ချားစွာခြင့်
ဆွေးနွေးနေကြချိန်...

သရဲမျက်နှာ သုသာန်ဧကရီကတော့
အေးစက်စက်မျက်လုံးများဖြင့် မလှုပ်မယှက်
အမြဲရှိနေခဲ့သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုက
သူမကို အနည်းငယ် အံ့အားသင့်စေခဲ့ပေသည်။

ထို့ပြင် သူမကိုကျောပေးထားသော အဖြူရောင်ဝတ်လုံယယ်လေးက ဤလုံယယ်လေးနှင့်လည်း ဆင်တူသကဲ့သို့ ရှိနေသည်။

သင်္ချိုင်းကမ္ဘာထဲတွင်...

ပြင်ပကမ္ဘာမှ ရှုပ်ထွေးပွေလီသော လှုပ်ရှားမှုများနှင့် နှိုင်းယှဉ်လျှင် ကျွင်းရှောင်ယောက်၏ အမူအရာက တည်ငြိမ်အေးဆေးသည်။

ဘုရင်ငယ်ဆယ်ပါးကို သတ်လိုက်သော်လည်း သူဟာ ထိတ်လန့်မှုကို လုံးဝမခံစားရပေ။

ယင်းက ကြက်တချို့ကို သတ်သကဲ့သို့ပင် ဖြစ်သည်။

လန်ဟွမ်ပင်လျှင် အနည်းငယ် တိတ်ဆိတ်နေပြီးနောက် ညည်းညူခဲ့လေသည်။

"သခင်လေး၊ နင်ပိုပြီး လေးနက်ပေးလို့ရမလား"

"ဘာဖြစ်လို့လဲ"

ကျွင်းရှောင်ယောက် ပြန်မေးလိုက်၏။

"ဒီလူအားလုံးက ထာဝရသင်္ချိုင်းမြေရဲ့ အင်အားစုကြီးတွေက အဖိုးတန်ပါရမီရှင်တွေပဲလေ၊ ဒါပေမဲ့ အခုတော့ အားလုံး သေဆုံးသွားခဲ့ပြီ။ ဒါက ထာဝရသင်္ချိုင်းမြေရဲ့ အင်အားစု ကိုးဆယ်ရာခိုင်နှုန်းကို တစ်ခါတည်းနဲ့ စော်ကားလိုက်တာပဲ"

လန်ဟွမ်က ပြောလိုက်သည်။

"ကမ္ဘာကြီးတစ်ခုလုံးက ငါ့ရန်သူဖြစ်နေရင်တောင်

မျက်မှောင်ကြုတ်မိမှာမဟုတ်ဘူး၊ ဒီ ထာဝရသင်္ချိုင်းက ဘာမို့လို့လဲ"

ကျွင်းရှောင်ယောက်က လုံးဝဂရုမစိုက်ဘဲ ရယ်မောလိုက်သည်။

သူ၏ရည်မှန်းချက်မှာ ပစ္စုပ္ပန်၊ အနာဂတ် အရာအားလုံးနှင့် ခေတ်တစ်ခုလုံးကို ဖိနှိပ်ရန်ဖြစ်သည်။

ထာဝရသင်္ချိုင်းလောက်က သူ့ကို ဘာများလုပ်နိုင်ပါမည်နည်း။

"သခင်လေး၊ စကားမပြောနဲ့၊ ငါ နောက်တစ်ခါ စိုစွတ်တော့မယ်"

လန်ဟွမ်၏ သွယ်လျသော ခြေထောက်လေးများက အနည်းငယ်တုန်ခါသွားသည်။

ကျွင်းရှောင်ယောက်၏ လွှမ်းမိုးမှုက အမျိုးသမီးတိုင်းကို မူးဝေသွားစေလောက်ပေသည်။

လူစွမ်းကောင်းကို မိန်းမလှများ မြတ်နိုးတာက ထာဝရ၏ အမှန်တရား ဖြစ်သည်။

ထို့ထက် ကျွင်းရှောင်ယောက်ဟာ သာမန်လူစွမ်းကောင်းတစ်ယောက်အဖြစ် ဖော်ပြ၍ မရနိုင်တော့ပေ။

သူဟာ ပြိုင်ဘက်ကင်းသော ဒဏ္ဍာရီတစ်ခု ဖြစ်နေပြီ ဖြစ်သည်။

"ကောင်းပြီလေ၊ ဒီပြဿနာလေးတွေကို ဖယ်ရှားပြီး

ဂူထဲမှာ ဘာအခွင့်အရေးတွေရှိလဲ ကြည့်ရအောင်"

ကျွင်းရှောင်ယောက်က သူ့လက်ကိုဝှေ့ယမ်းကာ အရိုးစုသတ္တဝါများကို ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်နှင့် လန်ဟွမ်လည်း စတင်လှုပ်ရှားလိုက်လေသည်။

ကျွင်းရှောင်ယောက်၏ ခွန်အားအရ ဤအရိုးစုသတ္တဝါများကို ခဏချင်း သုတ်သင်နိုင်ခဲ့သည်။

ထို့နောက် ဂူထဲသို့ လှမ်းဝင်လာရာ အဝင်ဝမှာပင် သူတော်စင်အဆင့် အရိုးစု သတ္တဝါနှစ်ကောင်အား မြင်လိုက်ရသည်။

ကျွင်းရှောင်ယောက်က

နတ်ဘုရားသတ်ရုပ်သေးများကို တိုက်ရိုက်
ထုတ်ဖော်လိုက်သည်။

နှစ်ကွက်၊ သုံးကွက်အတွင်းမှာပင် တိုက်ပွဲက
ပြီးပြတ်သွား၏။

ထို့နောက်တွင် နှစ်ယောက်သား ဂူထဲသို့
လှမ်းဝင်သွားကြသည်။

ပတ်ဝန်းကျင်ကိုကြည့်လိုက်သောအခါ သမုဒ္ဒရာကဲ့သို့
မိုးကြိုးများပြည့်နှက်နေသည့် နေရာကျယ်တစ်ခုကို
မြင်လိုက်ရလေသည်။

ကျွင်းရှောင်ယောက် အတွက်ကတော့ အခြေအနေ
ကောင်းသည်။ နောက်ဆုံးတွင် သူက မြေကြီးထဲ၌
မြှုပ်နှံထားခံရသော

သုသာန်သတ္တဝါတစ်ကောင်မဟုတ်၍ မိုးကြိုးက သူ့ကို မတားဆီးနိုင်ပေ။

ဆန့်ကျင်ဘက်အနေဖြင့် လန်ဟွမ်မှာ အခက်အခဲကြုံရသည်။ သူဟာ သေခြင်းစွမ်းအင်များဖြင့် မိုးကြိုးစွမ်းအင်ကို တားဆီးထားရ၏။

ယခုအချိန်တွင် သူ့မျက်နှာက ဖြူဖျော့လာရပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က ဘာမှပြန်မပြောဘဲ စွမ်းအင်ဖြင့် လန်ဟွမ်ကို အကာအကွယ်ပေးလိုက်သည်။

လန်ဟွမ်လည်း ကျွင်းရှောင်ယောက်ကို နှုတ်ခမ်းပေါ်မှ

အပြီးချိုချိုဖြင့် ကြည့်လိုက်၏။

အပြင်ပန်းတွင် လျစ်လျူရှုစွာ အမြဲရှိသော်လည်း
ကာကွယ်ရမည့်အချိန်ရောက်သောအခါ
ကာကွယ်ပေးနေဆဲ ဖြစ်သည်။

ဤယောကျ်ားမျိုးကို ဘယ်သူက မချစ်ဘဲနေမှာလဲ။

လန်ဟွမ်လည်း သူမ၏အမြင်က မှန်ကန်သကဲ့သို့ ပို၍
ခံစားလာခဲ့ရသည်။

တစ်ဖက်တွင် ကျွင်းရှောင်ယောက်က
အထူးဂရုစိုက်ခြင်း မဟုတ်ပါ။ သူက သာမန်အတိုင်း
လုပ်ဆောင်လိုက်ခြင်း ဖြစ်သည်။

ယခုအချိန်တွင် သူ့အာရုံက နံရံပေါ်ရှိ မိုးကြိုးတွင်
ရှိနေသည်။

ရတနာအချို့မှလွဲ၍ ဂူနံရံတစ်ခုလုံးတွင်
မိုးကြိုးအက္ခရာများ ရေးထွင်းထား၏။

အက္ခရာတစ်ခုစီက ကောင်းကင်ဘုံ၏
ကြယ်လမ်းကြောင်းများကဲ့သို့ အလွန်ရှုပ်ထွေးကာ
စွမ်းအင်များစွာ လိုအပ်သည်။

သို့ရာတွင် ယခုအခါ မိုးကြိုးအက္ခရာ တစ်သိန်းရှိ၏။

သာမန်ပါရမီရှင်များအတွက်တော့
နားလည်ရန်နေနေသာသာ အလွတ်ကျက်ဖို့ပင်
ခက်ခဲပေလိမ့်မည်။

"ဘယ်လောက်တောင် နက်နဲပါလိမ့်၊
ရှုပ်ထွေးလွန်းလှတယ်"
လန်ပှွမ်လည်း ခဏကြည့်ပြီးနောက် ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။

ဤအက္ခရာအားလုံးကို သေသေချာချာ
အလွတ်ကျက်ရန်က မဖြစ်နိုင်သလောက်ပင်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများမှာတော့
အလင်းတစ်ခု လင်းလက်လာသည်။

သူ၏ အရည်အချင်းက ပြိုင်ဘက်ကင်းကာ
ဘိုးဘေးဆယ့်ရှစ်ပင်လျှင် ငယ်ရွယ်စဉ်ကပင်
ကျွင်းရှောင်ယောက် မတော်ကြောင်း
ချီးမွမ်းပြောဆိုခဲ့ရသည်။

"စိတ်ဝင်စားဖို့ကောင်းလိုက်တာ၊ ဒါက မိုးကြိုးဧကရာဇ်ရဲ့ နတ်ဘုရားစွမ်းရည်ဖြစ်မယ်လို့ မမျှော်လင့်ထားဘူး"

ကျွင်းရှောင်ယောက်လည်း တစ်ချက် စစ်ဆေးပြီးနောက် ပြုံးသွားသည်။

ဤရိုတ်သိမ်းခြင်းကို သူအလွန်ကျေနပ်၏။

"မိုးကြိုးဧကရာဇ်ရဲ့ မဟာနတ်ဘုရားစွမ်းရည်လား"

လန်ဟွမ် အံ့သြသွား၏။ တချိန်တည်းမှာပင် ကျွင်းရှောင်ယောက်က တစ်ချက်ကြည့်ရုံဖြင့် နားလည်မည်ဟု မမျှော်လင့်ထားပေ။

"မိုးကြိုးဧကရာဇ်ရဲ့ အကြောင်းကို ရှေးမှတ်တမ်းတွေထဲမှာ ဖတ်ဖူးတယ်။ သူက

အင်မော်တယ်နယ်မြေကြီးက ထူးကဲတဲ့
တည်ရှိမှုတစ်ခုပဲ။ သူက မိုးကြိုးခန္ဓာကို
ပိုင်ဆိုင်ထားပြီး သူ့ရဲ့ ရည်မှန်းချက်ကလည်း
ကောင်းကင်ထက်ကို မြင့်မားတယ်။ သူက ကိုယ်ပိုင်
မဟာနတ်ဘုရားစွမ်းရည်ကို လေ့ကျင့်ချင်ခဲ့တာ"

"နောက်ဆုံးမှာ သူက
မိုးကြိုးမဟာနတ်ဘုရားစွမ်းရည်ကို တီထွင်နိုင်ခဲ့တယ်။
ဒါက အစစ်အမှန်နဂါး မဟာနတ်ဘုရားစွမ်းရည်၊
နတ်ဖီးနစ် မဟာနတ်ဘုရားစွမ်းရည်နဲ့
ချီလင်မဟာနတ်ဘုရားစွမ်းရည်တွေနဲ့တောင်
နှိုင်းယှဉ်နိုင်တဲ့ မဟာနတ်ဘုရားစွမ်းရည်တစ်ခုပဲ"
ကျွင်းရှောင်ယောက်က သက်ပြင်းချလိုက်သည်။

မမျှော်လင့်ဘဲ မိုးကြိုးကေရာဇ်၏
မဟာနတ်ဘုရားစွမ်းရည် အမွေကို

ထာဝဝရသၨျိုင်းမြေ၌ အမှန်တကယ် ရှာတွေ့ခဲ့ချေပြီ။

ဤမဟာနတ်ဘုရားစွမ်းရည်မျိုးက
အလွန်ရှားပါးသည်။ ကျွင်းလုံခန်းပင်လျှင်
မပြည့်စုံသော ချီလင်မဟာနတ်ဘုရားစွမ်းရည်ကို
ရရှိခဲ့ပေသည်။

ဘိုးဘွားနဂါးသိုက်နှင့်
အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းကလည်း ၎င်းတို့၏
မဟာနတ်ဘုရားစွမ်းရည်များကို အလွယ်တကူ
ပေါက်ကြားစေမည် မဟုတ်ပေ။

မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်က
အထက်ပါ နတ်ဘုရားစွမ်းရည်များနှင့်
နှိုင်းယှဉ်နိုင်သည်။ ယင်းမှ
ဤမဟာနတ်ဘုရားစွမ်းရည်၏ ရှားပါးမှုနှင့်

အစွမ်းထက်မှုကို မြင်နိုင်သည်။

"ကောင်းတယ်၊ မိုးကြိုးကေရာဇ်ရဲ့ မဟာနတ်ဘုရားစွမ်းရည်ကို ကျွမ်းကျင်သွားရင် ငါ့မှာ နည်းလမ်းတွေ ပိုရှိလာပြီ။ ဒါက အနာဂတ် ရှန်းကုကမ္ဘာကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မယ်" ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ရှန်းကုကမ္ဘာတွင်၊ သတ္တဝါအားလုံး ထွက်ပေါ်လာပြီး အိပ်မောကျနေသည့် ရှေးဟောင်းလူထူးဆန်းများပင် ထပ်မံ နိုးထလာလိမ့်မည်။

ကျွင်းရှောင်ယောက်၏ မာနကြီးခြင်းက ခိုင်မာသော တာအိုနှလုံးသားကြောင့်ချည်း မဟုတ်ပါ။

ယခုတော့ မိုးကြိုးကေရာဇ်၏

မဟာနတ်ဘုရားစွမ်းရည်ကြောင့် သူ့ခွန်အားသာ သိသိသာသာ ထပ်မံတိုးတက်လာတော့မည် ဖြစ်သည်။

သို့သော်လည်း ဘေးနားမှ လန်ဟွမ်က အနည်းငယ် ထုံကျဉ်သွားကာ မနေနိုင်ဘဲ ပြောလိုက်သည်။

"ကျွင်းသခင်လေး၊ နင် ဒီဂူထဲမှာ နှစ်အနည်းငယ်ကြာအောင် လေ့ကျင့်နေမယ်လို့တော့ မပြောနဲ့နော်"

--------

အခန်း ( ၃၅၄ ) မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်၊ ကေရာဇ်တစ်ပိုင်း လက်နက်... မရဏခေါင်းလောင်း၊ ဝိညာဉ်သင်္ချိုင်းသို့ ရောက်ရှိပြီ။

ဒီနေရာမှာထိုင်ပြီး ဘယ်လောက်ထိ နားလည်ရမှာလဲ။

ကျွင်းရှောင်ယောက် ခေါင်းခါယမ်းက
ပြုံးလိုက်မိသည်။

အနီလန်ဟွမ်က တကယ့်ကို နုံချာပြီး
ချစ်စရာကောင်းပေသည်။

ဤလောကတွင် သူရူးများဟုခေါ်သော
တည်ရှိမှုမျိုးအကြောင်းကို အမှန်တကယ်
သူမသိပါသလော။

ကျွင်းရှောင်ယောက်က အမှန်ပင် ထိုသူရူးမျိုး
ဖြစ်သည်။

ကျွင်းရှောင်ယောက်က ပြန်မဖြေဘဲ တင်ပျဉ်ထွေထိုင်ကာ နားလည်ဆင်ခြင်လိုက်သည်။

"သခင်လေး၊ နင်က ဒီသချိုင်းကမ္ဘာမှာ နှစ်အနည်းငယ်လောက် နေချင်နေတာ မဟုတ်ဘူး မဟုတ်လား၊ ငါကတော့ ဒါကို သိပ်မကြိုက်ဘူးနော်"

"ဒီဂူထဲမှာ သက်တောင့်သက်သာဖြစ်အောင် အိပ်ရာတောင် မရှိဘူး၊ ဆက်ဆီအတွက်ဆိုရင် အဆင်ပြေမှာ မဟုတ်ဘူးလေ"

ကျွင်းရှောင်ယောက်လည်း လန်ဟွမ်၏ ပွစိပွစိဖြင့် ရေရွတ်နေသော စကားများကို တိုက်ရိုက် လျစ်လျူရှုလိုက်သည်။

ဂူနံရံရှိ မိုးကြိုးအက္ခရာများက သူ့မျက်လုံးများရှေ့တွင်

တစ်ခုပြီးတစ်ခု ပေါက်ပလာခဲ့၏။

သာမန်လူများအတွက်တော့ ကမ္ပည်းများကို မှတ်ထားရန်ပင် မလွယ်ပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်က ငယ်စဉ်ကလေးဘဝကတည်းက ရှေးဦးစိတ်ဝိညာဉ်ပုံရိပ်ဖော်ကျင့်စဉ်ဖြင့် သူ့စိတ်ဝိညာဉ်ကို လေ့ကျင့်ထားခဲ့သူ ဖြစ်သည်။ ထိုအတွက် သူ၏ ဝိညာဉ်စွမ်းအားက အလွန်ခိုင်မာပြီး အဆင့်တူ ပါရမီရှင်များထက် အဆများစွာ သာလွန်ခဲ့ပေသည်။

ယင်းက သူ၏ မျိုးဆက်သုံးခု ရှေးဦးဝိညာဉ်ကို ထည့်မတွက်သေးပေ။

ထိုအတွက် ယခုကဲ့သို့ နားလည်ဆင်ခြင်ရာတွင် စိတ်စွမ်းအားကို သုံးစွဲခြင်းမရှိသလောက်ပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်က နားလည်ဆင်ခြင်ခြင်းတွင် နစ်မြုပ်သွားကြောင်း မြင်ရသောအခါ လန်ဟွမ် နှုတ်ခမ်းစူလိုက်သည်။

ထို့နောက်မှာတော့ စိတ်အနှောက်အယှက်မဖြစ်စေတော့ဘဲ တင်ပျဉ်ခွေထိုင်ကာ နားလည်ဆင်ခြင်နိုင်ရန် ကြိုးစားလိုက်တော့သည်။

ဟုတ်သည်၊ နတ်ဘုရားစွမ်းရည်များကို နားလည်ချင်ရင် အရာအားလုံးက လုံးဝ မရိုးရှင်းပါ။

ထိပ်သီးပါရမီရှင်များအတွက်ပင် ၎င်းတို့ကို နှစ်အနည်းငယ်အတွင်း၌ လုံးဝစတင်နိုင်ရန် ခက်ခဲသည်။

ထို့ကြောင့် လန်ဟွမ်ဟာ ၎င်းကို အပြည့်အဝ နားလည်ရန် စိတ်ကူးမရှိပေ။ ထိုအစား သူတတ်နိုင်သမျှ အကောင်းဆုံးလုပ်ခဲ့သည်။

ကျွင်းရှောင်ယောက်က မိုးကြိုးမဟာနတ်ဘုရားစွမ်းရည်ကို နားလည်ဆင်ခြင်နေသောအချိန်...
အခြားတစ်ဖက်တွင် ချူထျန်းပါ့က သင်္ချိုင်းကမ္ဘာအတွင်းသို့ နက်နက်ရှိုင်းရှိုင်း ဆက်လက် ဝင်ရောက်လာခဲ့သည်။

ချူထျန်းပါ့သည် လမ်းတလျှောက် မြင်ခဲ့ရသော

အခွင့်အလမ်းများကို လုံးဝ ဂရုမစိုက်ပါ။ ယခုအခါ သူလုပ်ရမည့် တစ်ခုတည်းသော အရာက ပြန်လည်ဝင်စားခြင်းရေကန်ကို ရှာဖွေရန် ဖြစ်သည်။

'ပြန်လည်ဝင်စားခြင်းရေကန်က သင်္ချိုင်းကမ္ဘာရဲ့ နက်ရှိုင်းတဲ့နေရာတစ်ခုမှာ တည်ရှိနေတာပဲ။ ငါ့ရဲ့ကိုယ်ပိုင်ခွန်အားနဲ့ ဝင်သွားမယ်ဆိုရင်တော့ ရောက်ရှိနိုင်ဖို့တောင် ခက်ခဲမယ်'

ချူထျန်းပါ၏ မျက်လုံးများက အရောင်လက်သွားသည်။

သူ့လက်ကို မြှောက်လိုက်လိုက်သည်နှင့် အနက်ရောင် ခေါင်းလောင်းကြီး ထွက်ပေါ်လာသည်။ ၎င်းက သူ့ခန္ဓာကိုယ်ကို ကာကွယ်ပေးကာ သင်္ချိုင်းကမ္ဘာအတွင်းသို့ ပျံသန်းသွား၏။

လမ်းတစ်လျှောက်မှ အန္တရာယ်အမျိုးမျိုးတို့သည် ချူထျန်းပါ့ကို မတားဆီးနိုင်ပေ။

အနက်ရောင် ခေါင်းလောင်းကြီးက သူ့ရှေ့မှ အတားအဆီးအားလုံးကို ဖျက်ဆီးပစ်လိုက်သည်။

"အဲဒါ... အမှောင်ဘုရင်နန်းတော်ရဲ့ ကေရာဇ်တစ်ပိုင်း ဝိညာဉ်လက်နက် မဟုတ်လား"

ပြင်ပကမ္ဘာတွင် ချူထျန်းပါ့၏ အမြင်ကိုလည်း ပြသထားသည်။

အနက်ရောင် ခေါင်းလောင်းကြီးကို တွေ့လိုက်သောအခါ သုသာန်သတ္တဝါအားလုံး အလွန်အံ့သြသွား၏။

အမှောင်ဘုရင်နန်းတော်က ချူထျန်းပါ့ကို ဧကရာဇ်တစ်ပိုင်း လက်နက်တစ်ခုပင် ပေးလိုက်မည်ဟု မျှော်လင့်မထားပေ။

ထို့ပြင် ချူထျန်းပါ့က သင်္ချိုင်းကမ္ဘာ အပြင်ဘက်မှ အခွင့်အလမ်းများကို စိတ်ဝင်စားပုံမရပေ။ ၎င်းက သင်္ချိုင်းကမ္ဘာ၏ အတွင်းပိုင်းသို့သာ တန်းတန်းမတ်မတ် သွားနေသည်။

"ဒါ... ဖြစ်နိုင်မလား၊ ချူထျန်းပါ့က ထာဝရသင်္ချိုင်းမှာ ကောလာဟလရှိတဲ့ သင်္ချိုင်းကမ္ဘာရဲ့ ပြန်လည်တင်စားခြင်းရေကန်ကို ရှာဖို့ ကြိုးစားနေတာလား"

"အမှောင်ဘုရင်နန်းတော်မှာ ဒီလိုအစီအစဥ်တွေ

ရှိမယ်လို့ ထင်တယ်၊ ဒါပေမဲ့ အဲဒီနေရာက
တအားအန္တရာယ်များတာနော်။
ဧကရာဇ်တစ်ပိုင်းလက်နက်ရဲ့ အကာအကွယ်နဲ့တောင်
သတိမထားမိရင် သေသွားနိုင်တယ်"

"စည်းစိမ်ဥစ္စာဆိုတာ အန္တရာယ်နဲ့ပတ် လာတတ်တယ်၊
ဒါပေမဲ့ ဝိညာဉ်သင်္ချိုင်းရဲ့ အတွင်းပိုင်းမှ
သင်္ချိုင်းစောင့်တစ်ယောက်ရှိပုံရတယ် မဟုတ်လား"

ချူထျန်းပါ့၏ လုပ်ရပ်က လူတိုင်း၏မျှော်လင့်ချက်ကို
ကျော်လွန်သွားခဲ့ပြီဟု ဆိုနိုင်သည်။

ထို့ပြင် ချူထျန်းပါ့ တစ်ဦးတည်းက
ဤကဲ့သို့လုပ်ဆောင်သူ မဟုတ်ကြောင်းလည်း
ထင်ရှားသည်။ ဤတွင်
အမှောင်ဘုရင်နန်းတော်ကလည်း လျှို့ဝှက်

ပါနင့်ပြုပလိမ့်မည်။

"ဒါက ရှင့်ရဲ့ရည်ရွယ်ချက်ပဲလား"

သရဲမျက်နှာ သုသာန်ဧကရီက
ထျန်းမင်သချိုင်းဧကရာဇ်ကို လေးနက်သော
မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ဟားဟားဟား..."

ထျန်းမင်သချိုင်းဧကရာဇ်က ရယ်မောနေပြီး
ဘာမျှမပြောပေ။

သချိုင်းကမ္ဘာကို တံဆိပ်ခတ်ထားသည်မှာ
ကြာပြီဖြစ်၍ အလင်းပြန်မြင်ရမည့် အချိန်ရောက်ပြီ
ဖြစ်သည်။

ချူထျန်းပါ့က သင်္ချိုင်းကမ္ဘာအတွင်းသို့ တဖြည်းဖြည်း ထိုးဖောက်ဝင်နေချိန်...

လိုဏ်ဂူအတွင်း၌ ကျွင်းရှောင်ယောက်က နားလည်ဆင်ခြင်နေဆဲပင်။

စတင်လေ့ကျင့်ချိန်မှ မှတ်ရလျှင်တော့ တစ်ရက် ကုန်လွန်သွားခဲ့ပြီ ဖြစ်သည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်က မျက်လုံးပွင့်လာပြီး မိုးကြိုးတစ်ခုလည်း လင်းလက်သွားသည်။

သူက ထရပ်ကာ သက်ပြင်းတစ်ချက်ချ၏။

ဘေးနားမှ လန်ဟွမ်လည်း တစ်စုံတစ်ခုကို
ကြားလိုက်ရ၍ မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူမကတော့ အကျိုးအမြတ် အများကြီး မရခဲ့ပါ။
မိုးကြိုးကေရာဇ်၏ နတ်ဘုရားစွမ်းရည်
အလွန်ရှုပ်ထွေးပြီး တစ်ရက်နှစ်ရက်အတွင်း
အလွတ်ကျက်ရန် ရှုပ်ထွေးလွန်းလှသည်။

ကျွင်းရှောင်ယောက်၏ အမူအရာကိုမြင်တော့
မအောင်မြင်ဘူးဟုထင်ကာ လန်ဟွမ်လည်း
နှစ်သိမ့်ပေးလိုက်သည်။

"စိတ်ဓာတ်မကျပါနဲ့ ကျွင်းသခင်လေး၊
မိုးကြိုးကေရာဇ်ရဲ့ မဟာနတ်ဘုရားစွမ်းရည်က
သင်ယူဖို့မပြောနဲ့၊
အလွတ်ကျက်မှတ်ထားချင်ရင်တောင် မလွယ်ဘူး"

"မိုးကြိုးကေရာဖ်ရဲ့ မဟာနတ်ဘုရားစွမ်းရည်က
တကယ်ကို ရှုပိထွေးလွန်းပါတယ်၊
ငါလျှော့တွက်မိသွားတယ်"

ကျွင်းရှောင်ယောက်က အမှန်အတိုင်း
ပြောလိုက်သည်။

"ဒါပေမယ့်၊ သခင်လေးရဲ့ အရည်အချင်းနဲ့ တစ်လ၊
နှစ်လလောက်နေမယ်ဆိုရင် တစ်ခုခုတော့ ရနိုင်မှာပါ"

လန်ဟွမ်က ထပ်မံ နှစ်သိမ့်ပေးလိုက်၏။

ကျွင်းရှောင်ယောက်က ဘာမျှမပြောဘဲ သူ့လက်ကို
ဖြည်းဖြည်းချင်း မြှောက်လိုက်သည်။ အခါ
လက်ငါးချောင်းများမှ မိုးကြိုးလျှပ်စီးများ
ရစ်ပတ်လာတော့သည််

ထို့နောက် ၎င်းတို့သည် သေးငယ်သော

ကြယ်များအဖြစ် ပေါင်းစပ်သွားခဲ့သည်။
ကျွင်းရှောင်ယောက်၏ အနားမှာတော့ မိုးကြိုးလျှပ်စီး အတက်အကျများ ဖြစ်ပေါ်လာတော့သည်။

လန်ဟွမ် - " … "

ကျွင်းရှောင်ယောက်က သူ့လက်ဝါးကို ဝှေ့ယမ်းလိုက်ရာ သူ့လက်ချောင်းများမှ မိုးကြိုးနှင့်ကြယ်များ ပေါက်ကွက်ထွက်လာခဲ့သည်။ ၎င်းတို့က ပေါက်ကွဲသွားရာ မိုးကြိုးများအဖြစ် ပြန့်ကျဲသွား၏။

ကျွင်းရှောင်ယောက်က သူ့လက်ဖဝါးကို နောက်တစ်ကြိမ် လှန်လိုက်ပြန်သည်။ ဤတစ်ခါ လျှပ်စီးကြောင်းက သူ့လက်ဖဝါးတွင် စုရုံးပြီး ကြောက်မက်ဖွယ်ရာ မိုးကြိုးလျှပ်စီး

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်။

"ကျွင်းသခင်လေး၊ ရှင်..."

လန်ဟွမ် ခဏတာ စိတ်ရှုပ်ထွေးသွား၏။

"မိုးကြိုးဧကရာဇ်ရဲ့ မဟာနတ်ဘုရားသိုင်းက တကယ်ကို ရှုပ်ထွေးတယ်။ အဲဒါကို အပြည့်အဝ နားလည်ဖို့ တစ်ရက်လောက် အချိန်ယူခဲ့ရတယ်လေ။ ဒါပေမဲ့ သူ့ရဲ့ လှုပ်ရှားမှုအပိုင်းကို ငါ နားလည်နိုင်ခဲ့ပါတယ်"

ကျွင်းရှောင်ယောက်က သူ့လက်ဖဝါးပေါ်ရှိ လျှပ်စီးကြောင်းနှင့် ကစားနေရင်း ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ လန်ဟွမ် ဆွံ့အသွား၏။ သူ့ဘဝကိုပင် အနည်းငယ်

သံသယဖြစ်လာမိတော့သည်။

"ဒီမင်းသမီးလည်း နတ်ဘုရားစွမ်းရည်ကို နားလည်နိုင်မှာလား"

လန်ဟွမ်က နံရံပေါ်ရှိ မိုးကြိုးအက္ခရာများကို လှည့်ကြည့်လိုက်ပြန်သည်။

သို့ရာတွင် အရာအားလုံးက ယခင်အတိုင်း အလွန်ရှုပ်ထွေးနေဆဲပင်။

သူမ၏ အမြင်က အားမနည်းဘဲ ကျွင်းရှောင်ယောက်ကိုယ်တိုင်က မကောင်းဆိုးရွား ဆန်နေပုံရသည်။

တစ်ရက်တည်းဖြင့် ကျွင်းရှောင်ယောက်သည် မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်ကို

လုံးလုံးလျားလျား မှတ်သားနိုင်ရုံသာမကဘဲ
လှုပ်ရှားမှုအချို့ကိုလည်း
နားလည်သဘောပေါက်ခဲ့သည်။

၎င်းကို သာမန်မွန်းစတားအဖြစ် သတ်မှတ်၍
မရတော့ပါ။

ယင်းမှာ မကောင်းဆိုးရွားတစ်ကောင် ဖြစ်သည်။

ကျွင်းရှောင်ယောက်က တုန်လှုပ်ချောက်ချားနေသော
လန်ဟွမ်ကို လျစ်လျူရှုကာ မိုးကြိုးကေရာဇ်၏
မဟာနတ်ဘုရားစွမ်းရည်အားလုံးကို
မှတ်သားထားလိုက်သည်။ ၎င်း၏စွမ်းအားက သူ့ကို
အမှန်တကယ် စိတ်ပျက်စေခြင်း မရှိပေ။

ကျွင်းရှောင်ယောက် အပြည့်အဝ

ညဏ်အလင်းရရှိပြီးနောက် မိုးကြိုးကေရာဇ်၏
မဟာနတ်ဘုရားစွမ်းရည်က ဝှက်ဖဲတစ်ခု
ဖြစ်လာမည်မှာ သေချာသည်။

ယခုအချိန်မှာတော့ ကျွင်းရှောင်ယောက်ဟာ ၎င်းကို
အပြည့်အဝနားလည်ပြီး အချိန်မဖြုန်းချင်ပေ။

သင်္ချိုင်းသို့လာရောက်ရခြင်း၏
အဓိကရည်ရွယ်ချက်မှာလည်း မပြီးပြတ်သေးပါ။

"သင်္ချိုင်းကမ္ဘာအပြင်ဘက်မှာ အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်းမြက်ရဲ့ သဲလွန်စတောင်
မတွေ့သေးဘူး၊ ဒါက သင်္ချိုင်းကမ္ဘာရဲ့
အနက်ရှိုင်းနေရာကို ရောက်နေပုံရတယ်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ကျွင်းသခင်လေး၊ ရှင် သင်္ချိုင်းကမ္ဘာရဲ့
အတွင်းပိုင်းကို ပေါ့ပေါ့ပါးပါး ဝှင်လို့မရဘူးနော်။
ရှင်က သူတော်စင် ဒါမှမဟုတ် အထက်နယ်ပယ်
ဖြစ်ရင်တောင် သတိမထားမိရင်
ကျဆုံးသွားနိုင်ချေရှိတယ်"

ကျွင်းရှောင်ယောက်၏ စကားကိုကြားတော့ လန်ဟွမ်
မျက်နှာအမူအရာက ပြောင်းလဲသွားသည်။

ကျွင်းရှောင်ယောက်၏ သင်္ချိုင်းကမ္ဘာ
အတွင်းပိုင်းအထိ ဝင်လိုမည်ဟု မျှော်လင့်မထားပေ။

ယင်းက အများအားဖြင့် သေခြင်းတရားကို
ရှာဖွေခြင်းနှင့် မခြားပါချေ။

"ငါ့မှာ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်တဲ့ စွမ်းအားရှိတယ်၊
စိတ်မပူပါနဲ့၊ ဒီမှာပဲနေပြီး ဆက်ပြီး

နားလည်ဆင်ခြင်နေ"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ကျွင်းရှောင်ယောက်၏ ပြတ်သားသည့် သဘောထားကို မြင်ရသောအခါ လန်ဟွမ်လည်း မတားသာတော့ပေ။ ထို့ကြောင့် သတိထားရန်သာ ပြောလိုက်သည◌်

ကျွင်းရှောင်ယောက်လည်း ခေါင်းညိတ်ကာ တိုက်ရိုက်ထွက်သွား၏။

သ၌ျိုင်းကမ္ဘာထဲသို့ ပိုနက်ရှိုင်းလာလေလေ အန္တရာယ်တွေများလေလေမှာ အမှန်ပင် ဖြစ်သည်။

ဥပမာအားဖြင့်၊ မြေပြင်ပေါ်ရှိ ကျပန်းနွံတွင်းတစ်ခုက

သူတော်စင်တစ်ပါးကို အသက်နှုတ်ယူသွားနိုင်သည်။

ကျွင်းရှောင်ယောက်က
ဘီလူးတစ်ကောင်ဖြစ်သော်လည်း
သင်္ချိုင်းကမ္ဘာတွင်းသို့ တစ်ယောက်တည်း
ဝင်သွားလောက်အောင် မသန်မာသေးပါချေ။

ကျွင်းရှောင်ယောက်က အက်ကြောင်းများ၊
မျဉ်းကြောင်းများဖြင့် ပြည့်နှက်နေသော
ထူးထူးဆန်းဆန်း ချပ်ဝတ်တန်ဆာတစ်ခုကို
ထုတ်ဝတ်လိုက်သည်။

ဤရှေးဟောင်းချပ်ဝတ်တန်ဆာသည်
အကာအကွယ်အတွက် ကျန်းတောက်ရှီ၏
လက်ဆောင်ဖြစ်ချေသည်။ ၎င်းက လမ်းကြောင်း
အားသာချက်များကို ရှာဖွေကာ အားနည်းချက်များကို

ရှောင်ရှားသွားနိုင်သည်။ ထို့ပြင် ဝတ်ဆင်သူအတွက် တားမြစ်ချက်လည်း မရှိပါ။

သင်္ချိုင်းကမ္ဘာမှ မပြည့်စုံသော သတ်ဖြတ်ခြင်း အစီရင်များနှင့် အကြွင်းအကျန် ကျိန်စာများကို ဤရှေးဟောင်းချပ်ဝတ်တန်ဆာက ခွဲထုတ်ထားသောကြောင့် ကျွင်းရှောင်ယောက်ဟာ ဘာမျှမဖြစ်ဘဲ ရှေ့ဆက်နိုင်ခဲ့သည်။

ကျွင်းရှောင်ယောက်လည်း အလွန်လျင်မြန်သော အရှိန်ဖြင့် သင်္ချိုင်းတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်သွား၏။

သူပိုပြီး ဝင်ရောက်လာလေ၊ နားမလည်နိုင်မှုကို ခံစားရလေလေပင်။

၎င်းက မသိနားမလည်သော ခံစားချက်တစ်ခု ဖြစ်သည်။

နောက်ဆုံး ကျွင်းရှောင်ယောက်၏ အမြင်အာရုံရှေ့တွင် ရှေးဟောင်းသင်္ချိုင်းကြီးတစ်ခု ပေါ်လာသည်။

သက်ရှိသတ္တဝါအားလုံး၏ နောက်ဆုံး ခေါင်းချရာနေရာကဲ့သို့ ဤနေရာတွင် အလောင်းများနှင့် မှတ်တိုင်များက အရပ်ရပ်ကို ပြန့်ကျဲလျက်ရှိ၏။

နောက်ဆုံးတွင် ဝိညာဉ်သင်္ချိုင်းသို့ သူ ရောက်လာနိုင်ခဲ့ပြီ။

ဤအခိုက်တွင် ကျွင်းရှောင်ယောက်၏ စိတ်ထဲ၌

စနစ်မှ အကြောင်းကြားသံက ထွက်ပေါ်လာသည်။

"ဒင်၊ ဂုဏ်ပြုပါတယ် ပိုင်ရှင်၊
လက်မှတ်ထိုးဝင်တဲ့နေရာကို ရောက်ပါပြီ၊ အခု
လက်မှတ်ထိုးဝင်ချင်ပါသလား"

"ဝင်မယ်"

--------

အခန်း ( ၃၅၅ ) ကြယ်ခုနစ်ပွင့်ဆုလာဘ်...
တားမြစ်အင်မော်တယ် တံဆိပ်တော်ခုနစ်ခု၊
အသက်အားလုံး၏ ပြန်လည်ဝင်စားရာရေကန်၊
ချူထျန်းပါ့၏ ခြိမ်းခြောက်မှု။

"ဒင်၊ ဂုဏ်ပြုပါတယ် ပိုင်ရှင်၊
ကြယ်ခုနစ်ပွင်ဆုလာဘ်... တားမြစ်အင်မော်တယ်
တံဆိပ်တော် ခုနစ်ခုကို ရရှိခဲ့ပါပြီ"

စနစ်၏ စကားသံဆုံးသည်နှင့်
လျှို့ဝှက်ဆန်းကြယ်သော သတင်းအချက်အလတ်
စီးချောင်းတစ်ခုသည် ကျွင်းရှောင်ယောက်၏
စိတ်ထဲသို့ စီးဝင်လာသည်။

"ကြယ်ခုနစ်ပွင့်ဆုလား"

ကျွင်းရှောင်ယောက် အနည်းငယ် အံ့သြသွား၏။

ကြယ်ခုနစ်ပွင့်ဆုက တော်တော်မြင့်နေပြီ ဖြစ်သည်။

ယခုအချိန်အထိ လက်မှတ်ထိုးဝင်ခြင်းအတွက်
အမြင့်ဆုံးဆုပင် ကြယ်ရှစ်ပွင့်တွင် ရှိပေသည်။

ကြယ်ကိုးပွင့်နှင့် ကြယ်ဆယ်ပွင့်ဆုများအတွက်တော့ ကျွင်းရှောင်ယောက် တစ်ခါမျှ မရဖူးသေးပေ။

သူဟာ အနာဂတ်တွင် ကြယ်ကိုးပွင့်နှင့် ကြယ်ဆယ်ပွင့် ဆုလာဘ်များက မည်သို့ဖြစ်လာမည်ကို မျှော်လင့်နေမိသည်။

သို့သော်လည်း ယခုအချိန်ထိတော့ ကြယ်ခုနစ်ပွင့်ဆုလာတ်ဟာ အလွန်မြင့်မားနေခဲ့ပြီ။

ချက်ချင်းပင်၊ ကျွင်းရှောင်ယောက်လည်း သူ၏ လက်မှတ်ထိုးဝင်ခြင်း ဆုလာဘ်များကို စတင်စစ်ဆေးခဲ့သည်။

ထို့နောက် ကျွင်းရှောင်ယောက် မျက်လုံးများတွင်

တောက်ပသော အလင်းရောင်တစ်ခု
လင်းလက်လာခဲ့၏။

ဤတားမြစ်အင်မော်တယ် တံဆိပ်ခုနစ်ခုက
အလွန်တရာ ရှားပါးသော တံဆိပ်တော်
နည်းပညာတစ်ခု ဖြစ်သည်။

တားမြစ်အင်မော်တယ် တံဆိပ်ခုနစ်ခုသည်
ဖိနှိပ်ချုပ်ချယ်နိုင်စွမ်းရှိရုံသာမကဘဲ မိုးနှင့်မြေ၏
စွမ်းအားများကို ပေါင်းစပ်ဖွဲ့စည်းကာ ပို၍
ကြောက်စရာကောင်းပြီး ဆယ်ဆနှင့် အဆတစ်ရာ
အင်အားမျိုးဖြင့် ပေါက်ကွဲစေနိုင်သည်။

ယခင် စွမ်းအင်ခုခံကာကွယ်ခြင်းကဲ့သို့ပင်
ဤသည်ကလည်း ကြောက်စရာကောင်းပြီး
ရှားပါးသော တံဆိပ်ခတ်ခြင်းနည်းလမ်း ဖြစ်သည်။

"တားမြစ်အင်မော်တယ် တံဆိပ်ခုနစ်ခုမှာ စုစုပေါင်း တံဆိပ်ခုနစ်ခု ရှိတယ်။ ဒီတံဆိပ်ခုနစ်ခုကို တစ်ပြိုင်နက်တည်း ထုတ်မယ်ဆိုရင် အင်မော်တယ်တွေတောင် တံဆိပ်ခတ်နိုင်လိမ့်မယ်" ကျွင်းရှောင်ယောက်လည်း သက်ပြင်းချလိုက်မိသည်။

တားမြစ်အင်မော်တယ် တံဆိပ်ခုနစ်ခုက တကယ်ကို ကြယ်ခုနစ်ပွင့်ဆုလာဘ် ဖြစ်ထိုက်သည်။

၎င်းက လက်မှတ်ထိုးဝင်ခြင်းမှရသော ဆုလာဘ်ဖြစ်သောကြောင့် ကျွင်းရှောင်ယောက်ဟာ ၎င်းကို နားလည်ဆင်ခြင်ရန်မလိုဘဲ တိုက်ရိုက် အသုံးပြုနိုင်သည်။

သို့ရာတွင် သူ၏ လက်ရှိနယ်ပယ်နှင့် စွမ်းရည်အရ

ပြီးပြည့်စုံသော တံဆိပ်ခုနစ်ခုကို တိုက်ရိုက်ပြသရန် မဖြစ်နိုင်ပေ။

သို့သော်လည်း တစ်လွှာနှင့် နှစ်လွှာပဲရှိမယ်ဆိုလျှင်ပင် ယင်းက ကြီးကျယ်ခမ်းနားသည့် ကိစ္စတစ်ခု ဖြစ်နေခဲ့ပေပြီ။

နောက်ဆုံးတွင် တားမြစ်အင်မော်တယ် တံဆိပ်ခုနစ်ခုက တံဆိပ်ခတ်နိုင်စွမ်းရှိရုံသာမကဘဲ တိုက်ခိုက်မှု၊ သတ်ဖြတ်မှုနှင့် ဖိနှိပ်မှု စွမ်းအားလည်း ရှိသည်။

"မိုးကြိုးဧကရာဇ်ရဲ့ မဟာနတ်ဘုရားသိုင်း၊ အခု တားမြစ်အင်မော်တယ် တံဆိပ်ခုနစ်ခု... ဒီခရီးစဉ်က တကယ်ကို ထိုက်တန်တယ်"

ကျွင်းရှောင်ယောက်လည်း များစွာ

ကျေနပ်သွားမိသည်။

အနာဂတ်တွင် ရှန်းကုကမ္ဘာ၌ ရင်ဆိုင်ရာ၌
များစွာအထောက်အကူဖြစ်စေမည့် ဝှတ်ဖဲများ
ပို၍ရှိလာပေလိမ့်မည်။

သို့သော်လည်း ယခုအချိန်တွင်၊
ကျွင်းရှောင်ယောက်က တားမြစ်အင်မော်တယ်
တံဆိပ်ခုနစ်ခုကို ဂရုတစိုက်မစူးစမ်းသေးပါ။

ထိုအစား သူသည် ဝိညာဉ်သင်္ချိုင်းဆီသို့
သူ့အကြည့်ကို ရွှေ့လိုက်သည်။

မဝင်ခင်ကတည်းက ကျွင်းရှောင်ယောက်ဟာ
သင်္ချိုင်းကမ္ဘာနှင့်ပတ်သက်သည့် သတင်းတချို့ကို
သိခဲ့ရပြီး ဖြစ်သည်။

ဤသင်္ချိုင်းကမ္ဘာ၏ နက်ရှိုင်းသောနေရာတွင် သက်ရှိတို့၏သင်္ချိုင်းတစ်ခုရှိကြောင်း သူသိခဲ့ပေသည်။

၎င်းတို့တွင် သက်ရှိသတ္တဝါများ ပြန်လည်ဝင်စားသည့် ရေကန်တစ်ခု ရှိသည်။

ကျွင်းရှောင်ယောက်ဟာ အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်း အင်မော်တယ်မြက်က သက်ရှိအားလုံး၏ ပြန်လည်ဝင်စားခြင်း ရေကန်အနီးတွင် ပေါက်ရောက်နိုင်ကြောင်း ခန့်မှန်းထားခဲ့သည်။

ပတ်ပတ်လည်ကိုကြည့်လိုက်တော့လည်း သင်္ချိုင်းတစ်ခုလုံးဟာ အလွန်တရာကျယ်ပြောကာ

အဆုံးမဲ့နီးပါးပင်။

ဤတွင် အရိုးများနှင့် သင်္ချိုင်းဂူများ အမျိုးမျိုးက နေရာအနှံ့တွင် ပြန့်ကျဲနေခဲ့သည်။

ကျွင်းရှောင်ယောက်လည်း ဤနေရာတွင် တားမြစ်ခြင်းချက်များကို ခံစားခဲ့ရသည်။

သင်္ချိုင်းကမ္ဘာတစ်ခုလုံးကဲ့သို့ ဤဝိညာဥ်သချိုင်းကိုလည်း တံဆိပ်ခတ်ထားပုံ ရပေသည်။

ကျွင်းရှောင်ယောက်က ဝိညာဥ်သင်္ချိုင်းတွင်းသို့ ဝင်လိုက်သည်နှင့် မပြည့်စုံသော သတ်ဖြတ်ခြင်းဝင်္ကပါများနှင့် ရှေးဟောင်းကျိန်စာများ အသက်ဝင်လာသည်။

သူတော်စင်နယ်ပယ်နှင့်
အထက်ကျွမ်းကျင်သူများကိုပင် သတ်ဖြတ်နိုင်သော
ရှုံ့မွက်အိုင်များလည်း ရှိ၏။

ကျွင်းရှောင်ယောက်လည်း
ကျန်းတောက်ရှီပေးလိုက်သော
ရှေးဟောင်းချပ်ဝတ်တန်ဆာဖြင့် သူ့ကိုယ်သူ
ကာကွယ်ထားခဲ့သည်။

ဤရှေးချပ်ဝတ်တန်ဆာသည် ရိုးရှင်းပြီး
အက်ကွဲရာများ ပြည့်နှက်နေသော်လည်း
ကျွင်းရှောင်ယောက်အတွက် အန္တရာယ်အားလုံးကို
ပိတ်ဆို့ပေးခဲ့သည်။

ထိုအတွက် ကျွင်းရှောင်ယောက်မှာ အေးအေးလူလူ

လျှောက်နိုင်ခဲ့ပေသည်။

ကျွင်းရှောင်ယောက်လည်း ဝိညာဉ်သင်္ချိုင်းထဲသို့ ဝင်လာခဲ့လိုက်သည်။

.........

ဝိညာဉ်သင်္ချိုင်း၏ အနက်ရှိုင်းဆုံးနေရာမှ ရှေးဟောင်းဂူတစ်ခုတွင် ပုံရိပ်တစ်ခု ထိုင်နေသည်။ ၎င်းက ဤနေရာတွင် ထာဝရထိုင်နေပုံရကာ တည်ငြိမ်လွန်း၏။

"ဒီအရှိန်အဝါက..."

ရုပ်တုတစ်ခုကဲ့သို့ ပုံရိပ်ထံမှ နက်ရှိုင်းပြီး အက်ရှရှ အသံတစ်ခု ထွက်လာသည်။

.........

တစ်ချိန်တည်းမှာပင် သင်္ချိုင်းကမ္ဘာ၏
အပြင်ဘက်တွင်...

ဝိညာဉ်သင်္ချိုင်းအတွင်း၌ အေးအေးလူလူ
လျှောက်လှမ်းနေသော ပုံရိပ်ကိုကြည့်ကာ
သုသာန်သတ္တဝါအားလုံး ထုံကျဉ်သွားခဲ့သည်။

"ခိုင်မာတဲ့နောက်ခံနဲ့ ပါရမီရှင်က
မျှော်လင့်ထားတဲ့အတိုင်းပါပဲလား။
ရှေးဟောင်းချပ်ဝတ်တန်ဆာ တစ်ခုတည်းနဲ့
သင်္ချိုင်းမြေတစ်ခုလုံးက သူ့ကို ဘာမှမလုပ်နိုင်ဘူး"

"ဒါဆို ကျွင်းမိသားစုရဲ့ ပါရမီရှင်က

ဘုရင်ငယ်ဆယ်ပါးကို တိုက်ခိုက်တဲ့အခါ ဘာဖြစ်လို့ မသုံးတာလဲ"

"အဲဒါက အဓိပ္ပာယ်မရှိဘူးလေ၊ ပုရွက်ဆိတ်ကိုသတ်ဖို့ ဓားလိုလို့လား"

"ဒါအမှန်ပဲ၊ ကျွင်းမိသားစုရဲ့ ပါရမီရှင်က အမြဲတည်ငြိမ်နေတာ အံ့သြစရာမရှိပါဘူး။ သူက ဘယ်သူ့ကိုမှ လုံးဝမကြောက်ဘူးဆိုတာ သိသာတယ်"

ကောင်းကင်မှ ကျွင်းရှောင်ယောက်၏ ပုံရိပ်ကိုကြည့်ကာ သုသာန်သတ္တဝါအားလုံး ဆွေးနွေးလိုက်ကြသည်။

ထာဝရသင်္ချိုင်း၏ သတ္တဝါများစွာလည်း စွမ်းအားမရှိကဲ့သို့ ခံစားနေခဲ့ရပေသည်။

ပင်ကိုယ်စွမ်းရည်နှင့် ကျင့်ကြံခြင်းအရ သူတို့ဟာ ကျွင်းရှောင်ယောက်နှင့် မယှဉ်ပေ။

နောက်ခံနှင့် အင်အားမှာလည်း ကျွင်းရှောင်ယောက်ကို မယှဉ်နိုင်သေးပါ။

ကျွင်းရှောင်ယောက်က အလွန်တည်ငြိမ်ပြီး ဝံ့ကြွားနေသည်မှာ အံ့သြစရာမဟုတ်ပေ။

ဆန့်ကျင်ဘက်အားဖြင့် တွေးကြည့်ရလျှင် ၎င်းတို့ဆိုပါက ပို၍ပင် သောင်းကျန်းပြီး မာနကြီးမိမည် ဖြစ်သည်။

အပြင်ဘက်မှ သက်ရှိသတ္တဝါအားလုံး အပြင်းအထန်

ဆွေးနွေးနေချိန်...

သုသာန်သတ္တဝါတစ်ကောင်က ဖန်သားပြင်ကို ရုတ်တရက် ညွှန်ပြပြီး ပြောလိုက်သည်။

"တွေ့ပြီကွ၊ ကျွင်းမိသားစုက ပါရမီရှင်နဲ့ ချူထျန်းပါ့ တွေ့တော့မယ်"

အာမေဋိတ်သံကြောင့် လူတိုင်း၏မျက်လုံးများဟာ ကောင်းကင်မှ ပုံရိပ်များထံ တစ်ဖန် ကျရောက်သွားခဲ့သည်။

သင်္ချိုင်းကမ္ဘာအတွင်းတွင်...

တုန့်ပြန်နိုင်းမရအောင် ကြီးမားကျယ်ပြန့်သော ကန်ကြီးတစ်ကန် ရှိနေသည်။

ကန်တစ်ခုလုံးရှိ ရေများက နဂါးငွေ့တန်းနှင့်
ဂလက်ဆီကဲ့သို့ ဖရိုဖရဲပုံစံမျိုး ရှိ၏။

ဤကန်တွင် အမျိုးမျိုးသော ထင်ယောင်ထင်မှား
ပုံရိပ်များလည်း ရှိနေသည်။

၎င်းက သက်ရှိသတ္တဝါအားလုံး၏
ပြန်လည်ဝင်စားခြင်းရေကန် ဖြစ်ချေသည်။

ထိုသက်ရှိသတ္တဝါများ၏
ပြန်လည်ဝင်စားခြင်းရေကန်မှာတော့ ပုံရိပ်တစ်ခု
ထိုင်နေသည်။

၎င်းက ချူထျန်းပေါ့ပင် ဖြစ်ချေသည်။

သူ့ပတ်ဝန်းကျင်တွင် အဆုံးမဲ့စွမ်းအင်များက
သွန်းလောင်းနေပြီး ချူထျန်းပါ့၏ ခန္ဓာကိုယ်ရှိ
အက်ကွဲကြောင်းများကို ဖြည့်ဆည်းနေသည်။
သာမန်မျက်စိဖြင့် မြင်ရသည့်အမြန်နှုန်းနှင့်
အက်ကြောင်းများသည် လျင်မြန်စွာ
ကောင်းမွန်သွား၏။

ဤအမြန်နှုန်းအရ သူ့ခန္ဓာကိုယ် လုံးဝ
ပြန်လည်ကောင်းမွန်ရန် အချိန်သိပ်လိုမည့်ပုံမရပေ။

"ငါ့ရဲ့ခန္ဓာကို လုံးဝပြန်လည်ပြုပြင်ပြီးနောက်၊
ပထမဆုံးလုပ်ရမှာက ကျွင်းမိသားစုရဲ့
မြင့်မြတ်ခန္ဓာကို ရှာဖွေဖို့ပဲ"
ချူထျန်းပါ့က အေးစက်စက်ဖြင့် ပြောလိုက်သည်။

"အိုး၊ ဒီလိုဆိုရင်တော့ အပင်ပန်းခံစရာ မလိုပါဘူး၊ ငါရောက်လာပြီ"

အသံတစ်ခုနှင့်အတူ ကျွင်းရှောင်ယောက် ပေါ်လာခဲ့၏။

"မင်း..."

ချူထျန်းပါ့၏ မျက်လုံးထဲတွင် မှောင်မိုက်သောအလင်းတစ်ခု လင်းလက်သွားသည်။

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ကာ အေးအေးလူလူ လျှောက်လာခဲ့၏။ သူက ဝိညာဉ်သင်္ချိုင်းကဲ့သို့ အန္တရာယ်ရှိသော နေရာတွင်မဟုတ်ဘဲ သူ့အိမ်နောက်ဖေးတွင် လမ်းလျှောက်ထွက်နေသကဲ့သို့ စိတ်အေးလက်အေး ရှိလှသည်။

"ခန္ဓာကိုယ်ကို ပြန်လည်ထူထောင်ဖို့ ပြန်လည်ဝင်စားခြင်းရေကန်ကို အားကိုးတာက မဆိုးဘူးပဲ"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက ကန်ရေမျက်နှာပြင်ကဲ့သို့ ငြိမ်သက်နေသည်။

"ဘာလဲ၊ မင်းငါ့ကိုတားဆီးဖို့ကြိုးစားနေတာလား"

ချူထျန်းပါ့က အေးစက်စက်ဖြင့် မေးလိုက်၏။

"မင်းဘယ်လိုထင်လဲ"

ကျွင်းရှောင်ယောက်က လုံးဝ ဂရုမစိုက်ဘဲ ပြုံးလိုက်သည်။

"အဟက်... မင်း လှုပ်ရှားရင် ဒီအရာလေး ပျောက်သွားမှာကို ငါကြောက်တယ်"

ချူထျန်းပါ့က လှောင်ပြောင်ပြီး ရောင်စုံမြက်ပင်ကို ထုတ်ယူလိုက်သည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွား၏။

၎င်းက အံ့ဖွယ်ကိုးပါးပြန်လည်ဝင်စားခြင်း အင်မော်တယ်မြက် ဖြစ်သည်။

"ငါ သင်္ချိုင်းကမ္ဘာထဲ လာရတဲ့ ရည်ရွယ်ချက်ကို မင်းသိပုံရတယ်"

ကျွင်းရှောင်ယောက်၏ အမူအရာက တည်ငြိမ်သွားသည်။

"အိုး၊ အမှောင်ဘုရင်နန်းတော်ရဲ့အင်အားနဲ့ ငါသိချင်တဲ့

အချက်အလက်ကို သဘာဝအတိုင်း တွေ့နိုင်တယ်"
ချူထျန်းပါ့က လွှမ်းမိုးနိုင်စွမ်းရှိစွာ ပြောလိုက်သည်။

"ငါ့ကို ဒီလို ခြိမ်းခြောက်ချင်ရင်တော့ မင်း
အမှားကြီးတစ်ခု လုပ်မိပြီ"

"ဒီမြက်ကို ဖျက်ဆီးလိုက်တာနဲ့
ဒီနတ်ဘုရားသားတော်က မင်းနဲ့အတူ
အမှောင်ဘုရင်နန်းတော်တစ်ခုလုံးကိုပါ
မြေမြှုပ်သင်္ဂြိုလ်ပစ်မယ်"
ကျွင်းရှောင်ယောက်က ဘာမှမထူးခြားဟန်ဖြင့်
ပြောလိုက်သည်။

သို့ရာတွင် သတ်ဖြတ်ချင်စိတ်များက မိုးနှင့်မြေကြား၌
ပြည့်နှက်သွား၏။

"စိတ်မပူပါနဲ့၊ ငါ ချူထျန်းပါ့က
ပြီးပြည့်စုံတဲ့အနေအထားနဲ့ မင်းကို တိုက်ခိုက်ချင်တာ။
ငါ့ခန္ဓာကိုယ် ပြန်ကောင်းလာတဲ့အခါ မင်းငါ့ကို
ရိုက်နိုင်သေးသရွေ့ ဒီ အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်း အင်မော်တယ်မြက်ကို
သဘာဝအတိုင်း ရလိမ့်မယ်"

ချူထျန်းပါ့က လွှမ်းမိုးနိုင်စွမ်း ရှိဆဲပင်။

ကောင်းကင်အသျှင်ခန္ဓာအနေဖြင့် သူ့တွင်
ကိုယ်ပိုင်ဂုဏ်သိက္ခာရှိသည်။

ချူထျန်းပါ့အနေဖြင့် အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်း အင်မော်တယ်မြက်နှင့်
ကျွင်းရှောင်ယောက်ကို အရှုံးပေးရန်
အတင်းအကြပ်မလုပ်ချင်ပါ။

ယင်းအစား၊ သူသည် သူ့ခန္ဓာကိုယ်
အသွင်ပြောင်းခြင်းအား စောင့်ဆိုင်းပြီးနောက်
ကျွင်းရှောင်ယောက်ကို ဂုဏ်သိက္ခာရှိစွာ
ထိပ်တိုက်ရင်ဆိုင် သတ်ဖြတ်ချင်ခဲ့သည်။

ထိုသို့မဟုတ်ဘဲ စက်ဆုပ်ဖွယ်နည်းလမ်းများဖြင့်
အောင်ပွဲရယူခဲ့လျှင် ယင်းက
ကောင်းကင်အသျှင်ခန္ဓာကို စော်ကားသကဲ့သို့
ဖြစ်နေပေလိမ့်မည်။

"ငါ့ကိုယုံလိုက်၊ အချိန်တန်ရင် မင်းပိုပြီး
စိတ်ပျက်သွားရလိမ့်မယ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးထဲတွင်
သနားမှုအရိပ်အမြွက်များ ဖြစ်လာသည်။

ကျွင်းရှောင်ယောက်ကဲ့သို့ ပါရမီရှင်တစ်ဦးရှေ့တွင်...

အသွင်ပြောင်းရန် ရှုန်းကန်မှုတိုင်းက အချည်းနှီးသာ ဖြစ်သည်။

ချူထျန်းပါ့၏ လုပ်ရပ်များက ကိုယ့်ကိုယ်ကိုယ် ပို၍ စိတ်ပျက်အားငယ်သွားစေရုံမျှသာ ဖြစ်လိမ့်မည်။

ချူထျန်းပါ့က ယင်းကို မသိသေးတာ သနားစရာပင် ဖြစ်သည်။

--------

အခန်း ( ၃၅၆ ) ချူထျန်းပါ့၏ရုပ်ခန္ဓာ ပြန်လည်ကောင်းမွန်လာပြီ၊

အခြေခံတည်နတ်ဘုရားနယ်ပယ်သို့
ဖြတ်ကျော်သွားခြင်း၊ မြင့်မြတ်ခန္ဓာနှင့် အသျှင်ခန္ဓာ၏
နောက်ဆုံးတိုက်ပွဲ စတင်တော့မည်။

အတုအယောင်ဘုရားသခင်နယ်ပယ်ကိုဖြတ်ကျော်ကာ
သန့်ရှင်းသောကိုယ်ခန္ဓာကိုဖေ
ာ်ညွှန်းသည့်နောက်ဆုံးတိုက်ပွဲ။

"မင်းက ကိုယ့်ကိုကိုယ် ယုံကြည်မှုလွန်ကဲနေပုံရတယ်။
အတိတ်သမိုင်းမှာ ငါ့အသျှင်ခန္ဓာက မြင့်မြတ်ခန္ဓာကို
အကြိမ်ရေတချို့ အနိုင်ယူခဲ့ဘူးတယ်နော်"
ကျွင်းရှောင်ယောက်၏ စကားကိုကြားတော့
ချူထျန်းပါ့ လှောင်ပြောင်ပြောဆိုလိုက်သည်။

အကယ်၍ သူ့တွင် မပြည့်စုံသော အသျှင်ခန္ဓာအတိုင်း
ရှိနေသေးပါက ကျွင်းရှောင်ယောက်ကို

ရင်ဆိုင်ရန်အတွက်ါ မသေချာပါ။

သို့ရာတွင် သူ့ခန္ဓာ လုံးဝပြောင်းလဲသွားပါက ကျွင်းရှောင်ယောက်ကိုဖိနှိပ်နိုင်မည်ဟု ယုံကြည်မှုရှိသည်။

ဤသည်ကား ကောင်းကင်အသျှင်ခန္ဓာ၏ မွေးရာပါ မောက်မာမှုနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပင် ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်လည်း ဘာမျှမပြောတော့ဘဲ ခေါင်းခါယမ်းလိုက်သည်။

အနှီပုဂ္ဂိုလ်မှာ အသွင်ပြောင်းပြီးပါက အစစ်အမှန်နဂါးဖြစ်လာမည်ဟု တွေးတောနေသော ပုရွက်ဆိတ်နှင့် တူသည်။

သို့ရာတွင် သန်မာသူများ၏ အမြင်မှာတော့ ဤသည်မှာ ပုရွက်ဆိတ်မှ မြေပိုးကောင်အဖြစ် ပြောင်းလဲသွားသည်ထက် ဘာမျှမပိုပါချေ။

သို့ဖြစ်ပေရာ ဘာများ ကွာခြားပါမည်နည်း။

"မင်း သိပ်ပြီး ယုံကြည်မှုရှိနေမှတော့ ဒီနတ်ဘုရားသားတော်က မင်းကို ဒီအခွင့်အရေး ပေးမယ်"

ကျွင်းရှောင်ယောက်က အရာအားလုံးကို စတင်ရန်အတွက် အလျင်မလိုပေ။

အသွင်ပြောင်းပြီးလျှင်လည်း အားနည်းသည့်ကြွက်တစ်ကောင် ဖြစ်နေသေးကြောင်း သိရသောအခါ ဖြစ်ပျက်လာမည့် ချူထျန်းပါ့၏

စိတ်ပျက်အားငယ်နေသော အမူအရာကို ရုတ်တရက် မြင်ချင်လာမိသည်။

ကျွင်းရှောင်ယောက်ဟာ သူ့ကိုယ်သူ နတ်ဆိုးတစ်ကောင်ဟု မမြင်ပေ။ သူက သေမျိုး လူသားလေးတို့၏ ဆန္ဒများကို ကြင်နာစွာဖြင့် ဖြည့်ဆည်းပေးရုံသာ ဖြစ်သည်။

"ဟမ့်၊ လူတိုင်းက ဒီအသျှင်ခန္ဓာကို မာနကြီးတယ်လို့ ပြောကြပေမယ့် ဒီမျိုးဆက် မြင့်မြတ်ခန္ဓာက ပိုလို့တောင် ရူးသွပ်နေတာပဲ"

ချူထျန်းပါ့က ကျွင်းရှောင်ယောက်ကို အေးစက်စက်ဖြင့် ကြည့်လိုက်သည်။

သူက ဘာမျှထပ်မပြောတော့ဘဲ ပြန်လည်ဝင်စားခြင်းရေကန်တွင် ဆက်လက်

အသွင်ပြောင်းလိုက်၏။

ကျွင်းရှောင်ယောက်လည်း ထိုနေရာတွင်
ငြိမ်သက်စွာပဲ ရပ်နေခဲ့သည်။

ယခုအချိန်တွင် ဘာမျှလုပ်စရာမရှိ၍
ပြန်လည်ဝင်စားခြင်းရေကန်ကို အကဲခတ်မိပေသည်။

"ချူထျန်းပါ့ရဲ့ပြဿနာကို ဖြေရှင်းပြီးလို့
အံဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်း
အင်မော်တယ်မြက်ကို ရယူပြီးရင်လည်း ငါ
အပြင်ထွက်ဖို့ အလျင်မလိုသင့်ဘူး။ ဒီရေကန်ကို
အသွင်ပြောင်းဖို့ သုံးနိုင်တယ်"

ကျွင်းရှောင်ယောက်လည်း
ပြန်လည်ဝင်စားခြင်းရေကန်၏ ထူးခြားမှုကို

ခံစားရပေသည်။

ဤထာဝရသင်္ချိုင်းနယ်မြေရှိ သက်ရှိအားလုံး၏ အနှစ်သာရအားလုံးကို ဤရေကန်တွင် စုစည်းထားသကဲ့သို့ ၎င်းတွင် သတ္တဝါအားလုံး၏ ကြွယ်ဝသေ ာ

စွမ်းအားများ ရှိသည်။

'ဒီသင်္ချိုင်းကမ္ဘာက ဘယ်လိုဖြစ်တည်မှုမျိုးလဲ၊ ဘယ်သူက တည်ထောင်ခဲ့တာလဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ"

ကျွင်းရှောင်ယောက်လည်း မတွေးတောဘဲ မနေနိုင်တော့ပေ။

ထို့ပြင် ဤဝိညာဉ်သင်္ချိုင်းသည် သင်္ချိုင်းကမ္ဘာ၏အနက်ရှိုင်း

ဆုံးနေရာမဟုတ်ကြောင်းကို သူနားလည်ထားသည်။

အနက်ရှိုင်းဆုံးအပိုင်းတွင် ပို၍
ကြောက်စရာကောင်းသော တည်ရှိမှုများ
ရှိသေးသည်။

သင်္ချိုင်းကမ္ဘာတစ်ခုလုံးတွင် ဝိညာဉ်သင်္ချိုင်းက
အခြားအရာများထက်သာ ပို၍နက်ရှိုင်းသော
နေရာတစ်ခု ဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ သင်္ချိုင်းကမ္ဘာ၏
အနက်ရှိုင်းဆုံးနေရာတွင် ဖုံးကွယ်ထားသော
ကြောက်မက်ဖွယ်ကောင်းသည့် အငွေ့အသက်များစွာ
ရှိနေကြောင်း ဝေဝါးဝါး ခံစားနိုင်သည်။

ထိုနေရာကား ထာဝရသင်္ချိုင်းတစ်ခုလုံး၏

အကြီးမားဆုံး အမွေအနှစ်တစ်ခုပင်
ဖြစ်နိုင်ပေလိမ့်မည်။

သင်္ချိုင်းနယ်မြေဆယ်ခုရှိ
သင်္ချိုင်းကေရာဇ်များအတွက်မူ ၎င်းတို့က
အပေါ်ယံတွင် လူလုံးပြနေသူများ ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း
အများကြီးမစဉ်းစားတော့ဘဲ ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်လေသည်။

'ငါ့မှာ ခွန်အားရှိတဲ့အခါ ကောင်းကင်ကိုးပါးနဲ့
ကမ္ဘာမြေဆယ်ခု၊ ထာဝရသင်္ချိုင်းမြေ၊ အသက်
တားမြစ်နယ်မြေနဲ့ ဒဏ္ဍာရီလာ
မျိုးနွယ်ခြားတွေဆီကိုတောင် လျှောက်သွားပစ်မယ်'
ကျွင်းရှောင်ယောက်လည်း သူ့နှလုံးသားထဲမှ

ပန်းတိုင်တစ်ခုကို ချမှတ်လိုက်သည်။

ကျွင်းရှောင်ယောက်က ငြိမ်သက်စွာ
စောင့်ဆိုင်းနေစဉ်...

သင်္ချိုင်းကမ္ဘာအပြင်ဘက်မှာတော့ ဆွေးနွေးမှုများက
နေရာအနှံ့ပြားတွင် ဖြစ်ပေါ်လာခဲ့သည်။

မူလက ချူထျန်းပါ့နှင့် ကျွင်းရှောင်ယောက် ပထမဆုံး
တွေ့ဆုံခြင်းအား မြင်ရသောအခါ...

ချူထျန်းပါ့၏ ခန္ဓာကိုယ် ပြန်လည်ရယူခြင်းမှ
ကာကွယ်ရန် ကျွင်းရှောင်ယောက်က
တိုက်ရိုက်တိုက်ခိုက်မည်ဟု လူတိုင်း
ထင်ထားခဲ့ကြသည်။

သို့ရာတွင် ထိုနောက်ပိုင်း အပြောင်းအလဲများက လူတိုင်း၏မျှော်လင့်ချက်ကို ကျော်လွန်ခဲ့ပေသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဘာမှမလုပ်ဘူးဟ၊ ဒါက သူ့ပုံစံမျိုး မဟုတ်ဘူး"

"ချူထျန်းပါ့က မြက်တစ်ပင်ကို ထုတ်ယူခဲ့တာ မင်း မမြင်ဘူးလား။ အဲဒါက ဝိညာဉ်သစ်ချိုင်းက ပြန်လည်ဝင်စားခြင်းရေကန်မှာပဲပေါက်ရောက်တဲ့ အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်းရေကန် ဖြစ်သင့်တယ်။ သူက အဲဒါနဲ့ ခြိမ်းခြောက်ထားတဲ့ပုံပဲ"

"ဟင်း၊ ချူထျန်းပါ့ရဲ့ ကောင်းကင်အသျှင်ခန္ဓာက ထာဝရသစ်ချိုင်းရဲ့ ဂုဏ်သိက္ခာကို ပြန်တည်ဆောက်ဖို့ မျှော်လင့်ချက်ပဲ"

"ဟုတ်တယ်၊ ချူထျန်းပါ့ရဲ့
ကောင်းကင်အသျှင်ခန္ဓာသာ
ပြန်ကောင်းမလာဘူးဆိုရင်တော့ ကျွင်းမိသားစုက
နတ်ဘုရားသားတော်ကို ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး"

ဤမြင်ကွင်းကိုမြင်လိုက်ရမှ
သုသာန်သတ္တဝါများလည်း သက်ပြင်းချလိုက်မိသည်။

ယခုအခါ သင်္ချိုင်းနယ်မြေ၏ ဘုရင်ငယ်ဆယ်ပါးတွင်
လန်းဟွမ်မှလွဲ၍ ချူထျန်းပါ့တစ်ဦးသာ ကျန်သည်။

အကယ်၍ ချူထျန်းပါ့လည်း ကျွင်းရှောင်ယောက်ကို
ထပ်မံရှုံးရပါက သုသာန်သတ္တဝါများအတွက်
ကြီးမားသော ထိုးနှက်ချက်တစ်ခု
ဖြစ်လာပေလိမ့်မည်။

အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူများ၏
မျက်နှာအမူအရာများလည်း ပြန်လည်
တည်ငြိမ်မှုရှိလာသည်။

သူတို့အစိုးရိမ်ဆုံးက ကျွင်းရှောင်ယောက်ဟာ
ချူထျန်းပါ့၏ အသွင်ကူးပြောင်းမှုကို
အပြီးမသတ်နိုင်ရန် တားဆီးလိုက်မည်အား ဖြစ်သည်။

ယခုတော့ အားလုံး ပြေလည်သွားပုံရပေသည်။

ထျန်းမင်သချိုင်းကေရာဇ်သည် တစ်စုံတစ်ရာကို
အာရုံခံစားမိသကဲ့သို့ ဟင်းလင်းပြင်တွင်းကို
တစ်ချက်ကြည့်ကာ ပေါ့ပေါ့ပါးပါး ပြုံးလျက်
ပြောလိုက်သည်။

"စိတ်မပူပါနဲ့၊ ငါ့တပည့်က မင်းတို့ မျိုးနွယ်ထဲက

ပါရမီရှင်တွေအတွက် လက်စားချေပေးလိမ့်မယ်"

ဤစကားများ ထွက်လာသည်နှင့်
သုသာန်သတ္တဝါအားလုံး အံ့သြသွားကြသည်။

အလောင်းနဂါးမျိုးနွယ်၏ ခေါင်းဆောင်၊
ကောင်းကင်ဝါးမျိုမိစ္ဆာစပါးအုံးမျိုးနွယ်
ခေါင်းဆောင်နှင့်
အခြားအင်အားစုခေါင်းဆောင်များက
ရောက်ရှိလာပြီဖြစ်သော်လည်း လူလုံးမပြဘဲ
တမင်နေပုံရပေသည်။

ထိုအရာက ဖြစ်နိုင်ကြောင်း တွေးမိသောအခါ
သတ္တဝါအားလုံး ကြက်သီးတဖြန်းဖြန်း
ထသွားခဲ့ကြသည်။

အကယ်၍ ကျွင်းရှောင်ယောက်တွင်သာ
သရဲမျက်နှာသုသာန်ကေရီ၏ ထောက်ခံမှု မရှိပါက
အန္တရာယ်ရှိခဲ့မည် ဖြစ်သည်။

သင်္ချိုင်းကမ္ဘာတွင်းမှ
ပြန်လည်ဝင်စားခြင်းရေကန်ဘေးတွင်...

ချူထျန်းပါ့၏ တစ်ကိုယ်လုံးကို
လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားများက
ဖုံးအုပ်ထားသည်။

အသန့်စင်ဆုံး စွမ်းအားများက ချူထျန်းပါ့၏ခန္ဓာကို
ဆေးကြောသန့်စင်ပေးနေပုံရ၏။ သူ့ခန္ဓာကိုယ်ရှိ
အက်ကြောင်းများက ကောင်းမွန်လာနေသလို
အရှိန်အဝါများကလည်း ပို၍ သန်မာလာတော့သည်။

နောက်ဆုံးတွင် ချူထျန်းပါ့၏ ခန္ဓာကိုယ်ပေါ်မှ
နောက်ဆုံးအက်ကြောင်း ပျောက်ကွယ်သွားခဲ့သည်။

ထိုအခါ သူ၏ ကျင့်ကြံခြင်းအခြေခံကလည်း
နတ်မီးတောက်နယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှုမှ
တိုက်ရိုက် ချိုးဖျက်၍
အခြေတည်နတ်ဘုရားနယ်ပယ်သို့ပင်
ရောက်ရှိသွားခဲ့ပြီ။

မျိုးဆက်သစ်လူငယ်များကြားတွင် ချူထျန်းပါ့၏
ကျင့်ကြံခြင်းအခြေခံက ကမ္ဘာကို
လွှမ်းမိုးနိုင်လောက်အောင်ပင် ဖြစ်သည်။

"ဝုန်း"

ချူထျန်းပါ့၏ ခန္ဓာကိုယ်အတွင်း၌
ကြယ်တာရာနှစ်ခုတိုက်မိကာ ပေါက်ကွဲသွားသကဲ့သို့

အရိုးအက်ကွဲသံများ ထွက်ပေါ်လာသည်။

ကြေးရောင် သူ့အသားရေကလည်း သန့်စင်လာခဲ့၏။

သူ၏ အရေပြားပေါ်မှာလည်း
လျှို့ဝှက်ဆန်းကြယ်သော နတ်အမှတ်အသားများ
ပျံ့နှံ့လာတော့သည်။

ဤသည်မှာ ကောင်းကင်အသျှင်ခန္ဓာ၏ ထူးခြားသော
ပုံစံဖြစ်သည်။ ၎င်းတွင် အမွေခံ
အစိပဓိလျှို့ဝှက်နည်းလမ်းပင် ရှိ၏။

ယခုအချိန်တွင် ချူထျန်းပါ့၏အရှိန်အဝါက
သန်မာလွန်း၍ မျိုးဆက်သစ်လူတိုင်းကို
တိုက်ခိုက်လိုစိတ်များ ဆုံးရှုံးသွားစေနိုင်လောက်သည်။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်လည်း
အနည်းငယ်စိတ်ဝင်စားလာပြီး
မျက်ခုံးပင့်တင်လိုက်မိသည်။

"အောင်ပြီ၊ နောက်ဆုံးတော့ အောင်မြင်ပြီကွ၊ အရင်က
ပြီးပြည့်စုံတဲ့ အဆင့်ကို မရောက်နိုင်ပေမယ့် အခုတော့
လုံလောက်ပြီ"

သူ့ကိုယ်ပိုင်၏ ပြီးပြည့်စုံသော အသွင်ပြောင်းမှုကို
ခံစားလိုက်ရသောအခါ ချူထျန်းပါ့၏ မျက်လုံးများ
တောက်ပသွားခဲ့သည်။

ပြီးပြည့်စုံမှု၏ ခံစားချက်က တကယ်ကို
အံ့သြစရာကောင်းပေသည်။

ထိုခံစားချက်က ချူထျန်းပါ့၏ ယုံကြည်မှုကို

ထိပ်ဆုံးသို့ ရောက်သွားစေခဲ့သည်။

ကျွင်းရှောင်ယောက်က ယခင် ဘုရင်ငယ်အားလုံးကို အောင်မြင်စွာ သုတ်သင်နိုင်ခဲ့လျှင်ပင်...

ယနေ့ချူထျန်းပါ့က လွယ်လွယ်ကူကူ လုပ်ဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။

"စိတ်ဝင်စားစရာပဲ၊ နောက်ဆုံးတော့ သင်္ချိုင်းနယ်မြေမှာ ငါ့ကို နည်းနည်းစိတ်ဝင်စားအောင် လုပ်နိုင်တဲ့ ပြိုင်ဘက်တစ်ယောက် ရှိလာပြီ"

ကျွင်းရှောင်ယောက်၏ မျက်နှာသည် ရေကဲ့သို့ တည်ငြိမ်နေဆဲပင်။

ချူထျန်းပါ့၏ခန္ဓာက ပြန်လည်ကောင်းမွန်လာပြီး ကျင့်ကြံခြင်းအခြေခံကလည်း အခြေတည်

နတ်ဘုရားနယ်ပယ်သို့ ရောက်ရှိသွားခဲ့သည့်တိုင်...

ကျွင်းရှောင်ယောက်၏ အမူအရာက နှစ်ထောင်ချီကာ မပြောင်းလဲသော လှိုင်းကင်းမဲ့သည့် ရေတွင်းဟောင်းကြီးကဲ့သို့ ဖြစ်နေဆဲပင်။

"တည်ငြိမ်ချင်ဟန် ဆောင်နေသေးတာလား၊ ငါမင်းကို နည်းနည်းတော့ လေးစားပါတယ်"

ချူထျန်းပါ့က လှောင်ပြောင်ပြောဆိုကာ အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်း အင်မော်တယ်မြက်ကို ရေကန်ဘေးသို့ ပစ်ချလိုက်သည်။

"မင်းငါ့ကိုအနိုင်ယူရင် သဘာဝအတိုင်း အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်း အင်မော်တယ်မြက်ကို ရနိုင်လိမ့်မယ်၊ ဒါပေမယ့် အခုတော့

မင်းမှာအခွင့်အရေးမရှိဘူးထင်တယ်"
ချူထျန်းပါ့က မထီမဲ့မြင်ဟန်ဖြင့် ကြည့်လိုက်သည်။

"ဒီစကားက မင်းကိုယ်မင်းပဲ ပြန်ပြောသင့်တာ"
ကျွင်းရှောင်ယောက်လည်း သူ၏ အရှိန်အဝါများကို ထုတ်ဖော်လိုက်သည်။ သို့ရာတွင် သူကတော့ နတ်မီးတောက်နယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှု၏ အရှိန်အဝါ ဖြစ်သည်။

သို့ရာတွင် အရှိန်အဝါအရ
အခြေတည်နတ်ဘုရားနယ်ပယ် ချူထျန်းပါ့ထက် အားနည်းသည်မဟုတ်ပေ။

ကျွင်းရှောင်ယောက်တွင် အနှိုင်းမဲ့နတ်ဆင်ခွန်အား၊ ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် ထာဝရအင်မော်တယ်အရိုးများ ရှိ၏။

ဤအင်အားသုံးခုကို တပြိုင်နက်တည်း
ထုတ်ဖော်သောအခါ အိပ်စက်နေသော
အစစ်အမှန်နဂါးကြီးတစ်ကောင် နိုးထလာသကဲ့သို
ဖြစ်လာတော့သည်။

ကျွင်းရှောင်ယောက် အလေးအနက် ထားနေပြီ။

ချူထျန်းပါ့ပင်လျှင် ကြောက်စရာကောင်းသည့်
ဤအရှိန်အဝါများကြောင့်
အံ့အားသင့်မှုအရိပ်အမြွက်များကို လှစ်ဟလာခဲ့သည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏
အငွေ့အသက်က တကယ်ကို အန္တရာယ်များသကဲ့သို့
ခံစားရစေသည်။

'မဖြစ်နိုင်ဘူး၊ နတ်မီးတောက်နယ်ပယ် ပြီးပြည့်စုံမှုက အခြေတည်နတ်ဘုရားနယ်ပယ်နဲ့ နည်းနည်းပဲ ကွာဟပေမဲ့ ကွာခြားမှုကတော့ မိုးနဲ့မြေပဲ"

'နောက်ပြီး သူ့မှာ ရှေးဟောင်းမြင့်မြတ်ခန္ဓာရှိရင်တောင် ငါ့မှာလည်း ကောင်းကင်အသျှင်ခန္ဓာရှိတယ်၊ တူညီတဲ့အဆင့်မှာဆိုရင်တောင် ငါက သူ့ထက် အားမနည်းဘူး'

ချူထျန်းပါ့လည်း စိတ်ထဲမှာ တွေးလိုက်မိသည်။

"ကျွင်းမိသားစုရဲ့ မြင့်မြတ်ခန္ဓာ၊ လာတိုက်ခိုက်စမ်း"

ချူထျန်းပါ့ စတင်လှုပ်ရှားလိုက်သည်။ သူ၏ ကောင်းကင်အသျှင်ခန္ဓာက သမိုင်းတစ်လျှောက်တွင် အစွမ်းထက်ဆုံးသော ခန္ဓာကိုယ်ဖြစ်ကြောင်း သက်သေပြတော့မည်။

---------

အခန်း ( ၃၅၇ ) စိတ်ပျက်အားငယ်မှုက ဘာလဲဆိုတာ
မင်းသိအောင်လို့ ငါပြမယ်။

ချူထျန်းပါ့၏ အရှိန်အဝါနှင့် အနေအထားက အခြား
ဘုရင်ငယ်များနှင့် မတူပါ။

ဤအခိုက်တွင် သူ၏ တိုက်ခိုက်မှုမှ
စွမ်းအင်အတက်အကျများက အခြားသူများထက်
အဆများစွာ သန်မာသည်။

လက်သီးတစ်ချက်မှ ဖြာထွက်လာသော
စွမ်းအင်လှိုင်းက စကြာဝဠာတစ်ခု

ပေါက်ကွဲသကဲ့သို့ပင် ဖြစ်စေခဲ့၏။

သင်္ချိုင်းကမ္ဘာအပြင်ဘက်ရှိ သတ္တဝါများက
စွမ်းအင်အတက်အကျများကို ကိုယ်တိုင်ကိုယ်ကျ
မခံစားရသော်လည်း မြင်တွေ့နိုင်ဆဲပင်။

အသွင်ပြောင်းပြီးနောက် ချူထျန်းပါ့၏အင်အားက
အလွန်တိုးတက်လာပုံရသည်။

"အစွမ်းထက်လိုက်တာ၊ ငါက အပြင်မှာ
ရှိနေပေမဲ့လည်း အသက်ရှူကြပ်သလို ခံစားရတယ်"

"ဟုတ်တယ်၊ ဒီတစ်ခါမှာတော့ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်မှာ ပြိုင်ဘက် ရှိလာခဲ့ပြီပေါ့။
နောက်ဆုံးတော့ သင်္ချိုင်းနယ်မြေမှာလည်း သူ့ကို
တွန်းလှန်နိုင်တဲ့ ပါရမီရှင်တစ်ယောက်ရှိတယ်"

ဆွေးနွေးသံများ ထွက်လာခဲ့ကြသည်။

ဤတိုက်ပွဲက ထာဝရသခ်ျိုင်းမြေ၏ ဂုဏ်သတင်းနှင့် ဆက်စပ်နေသည့်တိုင်
အလွန်မျက်စိကျစရာဖြစ်နေကြောင်း ထင်ရှားသည်။

အကယ်၍ ဤတိုက်ပွဲတွင် ကျွင်းရှောင်ယောက်က နိုင်မြဲနိုင်ခဲ့လျှင်... ကျွင်းမိသားစု၏
နတ်ဘုရားသားတော်က ထာဝရသခ်ျိုင်းမြေမှ
လူငယ်ပါရမီရှင်အားလုံးကို ဖယ်ရှားနိုင်မည်ဟု
မဆိုလိုပါသလော။

သို့ဆိုပါက ထာဝရသခ်ျိုင်း၏မျက်နှာကို
ဘယ်မှာထားရပါမည်နည်း။

သို့သော်လည်း ချူထျန်းပါ့၏ လက်ရှိ စွမ်းအားကို မြင်ရပြီးနောက် အားလုံးစိတ်သက်သာရာ ရသွားခဲ့သည်။

နောက်ဆုံးမှာတော့ ပြန်လည်ဝင်စားခြင်းရေကန်တွင် မြင့်မြတ်ခန္ဓာနှင့် အသျှင်ခန္ဓာတို့ကြားမှ တိုက်ပွဲတစ်ခု စတင်ခဲ့ချေပြီ။

ချူထျန်းပါ့ ထုတ်ဖော်လိုက်သည်မှာ သတ်ဖြတ်ခြင်း ဘုရင်လက်သီး ဖြစ်သည်။

လက်သီးချက် ထုတ်ဖော်သည်နှင့် လက်သီးအလင်းက ကောင်းကင်ကို လင်းထိန်သွားကာ သတ်ဖြတ်လိုစိတ်လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာစေခဲ့သည်။

ဤလက်သီးသိုင်းသည် အလွန်အစွမ်းထက်၏။
တစ်ခါတစ်ရံ လက်သီးချက် မကျရောက်မီမှာပင်
ပြင်းထန်သော သတ်ဖြတ်လိုစိတ်ကြောင့်
အသိစိတ်များ ကွဲကြေသွားသည်လည်း ရှိသည်။

ကျွင်းရှောင်ယောက်လည်း ဤသတ်ဖြတ်လိုစိတ်က
သူ့ကို ထိန်းချုပ်လာသကဲ့သို့ ခံစားလိုက်ရသည်။ သူက
အပြောင်းအလဲမရှိသော မျက်နှာအမူအရာဖြင့်
ချူထျန်းပါ့ကို ပြန်လည် ထိုးနှက်လိုက်၏။

"ငတုံး"
ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုကိုမြင်တော့
ချူထျန်းပါ့က အေးစက်စက်ဖြင့်
လှောင်ပြောင်လိုက်သည်။

သူက ကျွင်းရှောင်ယောက်ကို လုံးလုံးလျားလျား

ဖိနိုမ်ရန် လုံလောက်သော
အခြေတည်နတ်ဘုရားနယ်ပယ်တွင် ရှိ၏။

ကျွင်းရှောင်ယောက်က သူ့ကို မရှောင်တိမ်းဘဲ
ထိပ်တိုက်ရင်ဆိုင်ဝံ့နေသည်။

ယင်းက မိုက်မဲလွန်းရာ ကျသည်မဟုတ်လော။

ကျွင်းရှောင်ယောက်ကတော့ အမှန်တကယ်
ဂရုမစိုက်ပါ။ သူဟာ ရှေးဟောင်းမြင့်မြတ်ခန္ဓာ၊
အနှိုင်းမဲ့နတ်ဆင်ခွန်အားနှင့်
ထာဝရအင်မော်တယ်အရိုးအားလုံးကို ပေါင်းစပ်
ထုတ်ဖော်ထားခဲ့ပြီး ဖြစ်သည်။

ထိုစွမ်းအားကြီးက ကောင်းကင်ကြီးကိုပင်
တုန်ခါစေနိုင်စွမ်းရှိသည်။

"ဝုန်း"

လက်သီးနှစ်လုံး ထိပ်တိုက်တွေ့ဆုံသောအခါ
စွမ်းအင်လှိုင်းများက နေရာအနှံ့သို့ ဖြာထွက်သွား၏။
၎င်းက မြေပြင်ကို အက်ကွဲကာ
အခြေအနေအရပ်ရပ်ကို ပြောင်းလဲစေခဲ့သည်။

ဤလက်သီးချက်က ချူထျန်းပါ့၏
မျက်နှာအမူအရာကို ချက်ချင်းပြောင်းသွားစေသည်။

ဤလက်သီးချက်ဟာ မူလ သူမျှော်လင့်ထားသကဲ့သို့
ဖိနှိပ်လိုက်ခြင်းမျိုး မရှိပေ။

ချူထျန်းပါ့ဟာ ကျွင်းရှောင်ယောက်၏ လက်သီးမှ
စီးဝင်လာသော ကြောက်မက်ဖွယ်ရာ
နတ်ဘုရားစွမ်းအားကိုပင် ခံစားရသည်။

အသျှင်ခန္ဓာက ရုပ်ခန္ဓာပိုင်းတွင်လည်း အလွန်ထူးကဲသည်။ ၎င်းက အစစ်အမှန်နဂါးများကို တိုက်ထုတ်ကာ နတ်ဖီးနစ်များကိုပင် ရိုက်နိုင်စွမ်း ရှိ၏။

သို့သော်လည်း ဤအခိုက်တွင် ချူထျန်းပါ့၏ခန္ဓာက ရုတ်တရက် တုန်လှုပ်သွားပြီး လက်သီးမှ သွေးများဖြာဆင်းကာ ချက်ချင်း နောက်ပြန်ဆုတ်သွားရတော့သည်။

ချူထျန်းပါ့ ဒဏ်ရာရသွားသည်။

ဤတစ်ချက်တည်းဖြင့် သန်းချီ၍ ကမ္ဘာအပြင်ဘက်ရှိ သုသာန်သတ္တဝါအားလုံး  ဘာမျှမပြောနိုင်တော့ပေ။

၎င်းတို့အားလုံး ထင်ယောင်ထင်မှားဟုထင်ကာ
မျက်လုံးများကိုပင် ပွတ်သပ်ကြည့်လိုက်မိကြသည်။

ဤသည်မှာ ယခင်က
မပြည့်စုံသောခန္ဓာအခြေအနေနှင့်
ချူထျန်းပါ့မဟုတ်ပေ။ ၎င်း၏ အနေအထားက လုံးဝ
ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

သို့တိုင်… ကျွင်းရှောင်ယောက်က တိုက်ရိုက်
ဖိနှိပ်နေဆဲပင်။

တုန်လှုပ်သည်။

အားလုံး တုန်တုန်ယင်ယင် ဖြစ်သွားရ၏။

ကျောင်းရှောင်ယောက်၏ လှုပ်ရှားမှုက ၎င်းတို့ အတွေးအမြင်များကို တိုက်ရိုက် ဖျက်ဆီးပစ်လိုက်ပြီ ဖြစ်သည်။

နတ်မီးတောက်နယ်ပယ်က အခြေတည်နတ်ဘုရားကို နောက်ပြန်ဆုတ်သွားစေသည်မှာ တကယ်ကို မယုံနိုင်စရာပင်။

"သခင်လေး၊ နင်က အရမ်းသန်မာတာပဲလား"

ချင်ရှန်းအာလည်း သူမ၏ အနီရောင် နှုတ်ခမ်းများကို လက်နဲ့အုပ်လိုက်ကာ မျက်လုံးများလည်း ပြူးကျယ်သွားရသည်။

အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူများ၏ မျက်နှာပေါ်ရှိ အပြုံးများကလည်း တဖြည်းဖြည်း အေးခဲသွားသည်။

တစ်ဖက်တွင် ထျန်းမင်သင်္ချိုင်းဧကရာဇ်၏
မျက်နှာအမူအရာက မပြောင်းလဲပေ။

မည်သို့ဆိုစေ ကျွင်းရှောင်ယောက်၏
စွမ်းဆောင်ရည်က ထာဝရသင်္ချိုင်းတွင်းရှိ
သတ္တဝါအားလုံးကို စိတ်မသက်မသာဖြစ်စေခဲ့ကြောင်း
ထင်ရှားသည်။

သင်္ချိုင်းကမ္ဘာအတွင်း၌ ချူထျန်းပါ
နောက်ပြန်ဆုတ်သွားကာ အတော်လည်း
တုန်လှုပ်သွား၏။

ကျွင်းရှောင်ယောက်လည်း အံ့သြသွားကာ
ပြောလိုက်သည်။
"ဒဏ်ရာနည်းနည်းပဲ ရသွားခဲ့တာပဲ၊

ကောင်းကင်အသျှင်ခန္ဓာက မျှော်လင့်ထားသလို
တစ်ခုခုတော့ ရှိတယ်"

ကျွင်းရှောင်ယောက် တကယ်ကို အံ့ဩသွားမိသည်။

တော်ရုံပါရမီရှင်များဆိုလျှင်
ဤလက်သီးချက်အောက်တွင် တိုက်ရိုက်
အမှုန့်ချေခံလိုက်ရပြီ ဖြစ်သည်။

ချူထျန်းပါ့ကတော့ ဒဏ်ရာဒဏ်ချက်မျှသာဖြစ်၍
အတော်လေး ကောင်းမွန်ခဲ့ပေသည်။

အမှန်ပင် ကောင်းကင်အသျှင်ခန္ဓာ ဖြစ်ထိုက်သည်။

သူ့စကားကြောင့် ချူထျန်းပါ့စိတ်ထဲတွင် အနည်းငယ်

ကသိကအောက် ဖြစ်သွားမိသည်။

ဒီစကားမျိုး ပြောသင့်သူက ငါမဟုတ်ဘူးလား။

ကျွင်းရှောင်ယောက်က နယ်ပယ်ပိုမြင့်မားပြီး သူ့ကို
လမ်းညွှန်ပေးသင့်သူလို့ ဘာကြောင့် ခံစားနေရတာလဲ။

"ငါမယုံဘူးကွ"

ချူထျန်းပါ့ ဟိန်းဟောက်ကာ ထပ်မံ
တိုက်ခိုက်လိုက်သည်။

သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာခဲ့၏။

ပြန်လည်ဝင်စားခြင်းရေကန်တွင် ဗတ္တိဇံနှစ်ခြင်းမင်္ဂလာ
ပြုလုပ်ပြီးနောက် သူ၏ သေခြင်းအရှိန်အဝါဟာ

ဖျတ်လတ် တက်ကြွမှုစွမ်းအားအဖြစ်
တစ်ဖန်ပြောင်းလဲသွားခဲ့သည်။

သူ့ညာဘက်လက်မှ ဒဏ်ရာကလည်း လျင်မြန်စွာ
ပျောက်ကင်းသွား၏။

ကောင်းကင်အသျှင်ခန္ဓာ၏
ပြန်လည်ကောင်းမွန်နှုန်းကလည်း
ရှေးဟောင်းမြင့်မြတ်ခန္ဓာကြောင့် အားမနည်းကြောင်း
သိမြင်ရနိုင်သည်။

ကျွင်းရှောင်ယောက်လည်း ထပ်မံ
တိုက်ခိုက်လိုက်သည်။

"ရှေးဟောင်းကျောက်စာ ကောင်းကင်ခွင်းလက်ဝါး"

ချူထျန်းပါ့က နောက်ထပ် စွမ်းရည်တစ်ခုကို

ထပ်မံထုတ်ဖော်လိုက်သည်။

သူက သူ့လက်သီးကို လက်ဝါးအဖြစ်ပြောင်းပြီး ရိုက်ချလိုက်၏။ ၎င်းက ရှေးဟောင်းကျောက်စာချပ်ကြီးတစ်ခု ထွက်ပေါ်လာကာ ကောင်းကင်ကိုပင် ဖြိုခွင်းတော့မည်ကဲ့သို့ ဖြစ်သည်။

ကျွင်းရှောင်ယောက်က လက်တစ်ဖက်ဖြင့် ကေရာဇ်၏ တံဆိပ်တော်ကို ထုတ်ဖော်လိုက်သည်။ နောက်လက်တစ်ဖက်က လက်နက်တစ်သောင်း မုန်တိုင်းသိုင်းကို ထုတ်ဖော်လိုက်၏။ ကျွင်းရှောင်ယောက်က နတ်ဘုရားသိုင်းနှစ်ခုကို တပြိုင်နက်တည်း ထုတ်ဖော်ကာ ချူထျန်းပါ့နှင့် ရင်ဆိုင်လိုက်သည်။

ကျွင်းရှောင်ယောက်က အဖြူရောင်အဝတ်စားများဖြင့် အင်မော်တယ်နတ်ဘုရင်ကဲ့သို့ နတ်အလင်းများ တောက်ပနေသည်။

ချူထျန်းပါ့ကတော့ စကြဝဠာကြီးကို ချုပ်ကိုင်ကာ စစ်နတ်ဘုရားကဲ့သို့ မာနကြီးပြီး လွှမ်းမိုး၏။

ဤလူနှစ်ယောက်စလုံးက ကြီးမားသော စွမ်းအားများရှိကာ ကြောက်စရာကောင်းလှသည်။ ယခုအခါ သူတို့က အပြင်းအထန် တိုက်ခိုက်နေကြ၏။ ၎င်းတို့ထံမှ ဖြာထွက်လာသော စွမ်းအင်လှိုင်းများကပင် သာမန်ပါရမီရှင်များကို ချေမှုန်းပစ်ရန် လုံလောက်သည်။

"ဝုန်း ဝုန်း..."

၎င်းတို့က အပြင်းအထန် တိုက်ခိုက်ကြရာ

ကြောက်မက်ဖွယ် စွမ်းအင်လှိုင်းများ ဖြာထွက်လာပြီး
အုတ်ဂူများလည်း လွင့်စဉ်သွားကြသည်။

အကြိမ်ရေအနည်းငယ် တိုက်ခိုက်ပြီးနောက်
ချူထျန်းပါ့ သွေးအန်ကာ ထပ်မံ ဆုတ်သွားရ၏။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ၊ မင်းရဲ့ မြင့်မြတ်ခန္ဓာ..."
ချူထျန်းပါ့၏ မျက်လုံးများ လုံးဝ
ငြိမ်သက်ခြင်းမရှိတော့ပေ။

ကျွင်းရှောင်ယောက်၏ ရှေးဟောင်းမြင့်မြတ်ခန္ဓာက
ကောင်းကင်ကြိုးများဖြင့် ချည်နှောင်ထားခြင်း
မရှိလေကြောင်း သူ ခံစားရသည်။

သို့ရာတွင် ယင်းက မည်သို့ ဖြစ်နိုင်ပါမည်နည်း။

သူ့နောက်ကွယ်မှ ကျွင်းမိသားစုတွင်
မရေမတွက်နိုင်သည့် အရင်းအမြစ်များ ရှိထားလျှင်ပင်
အချုပ်အားလုံးကို လုံးလုံးလျားလျား ဖြိုခွဲပစ်ရန်
မဖြစ်နိုင်ပါချေ။

ကောင်းကင်တာအိုအချုပ်ဆိုသည်မှာ
ရှေးဟောင်းမြင့်မြတ်ခန္ဓာအတွက် ဖယ်ရှားမရနိုင်သော
အချုပ်အနှောင်တစ်ခု ဖြစ်သည်။

ယခုအချိန်မှာတော့ ကျွင်းရှောင်ယောက်၏
စွမ်းဆောင်ရည်ကို ကန့်သတ်ထားပုံမရပေ။

"အိုး၊ မင်း သတိထားမိပြီလား"

ချူထျန်းပါ့၏ မျက်လုံးများမှ အံ့အားသင့်နေသည့်
အကြည့်များကို မြင်ရသောအခါ

ကျွင်းရှောင်ယောက်က နှုတ်ခမ်းကိုတွန့်ကွေးကာ ပြုံးလိုက်သည်။

"မဖြစ်နိုင်ဘူး၊ မင်း အထူးကျင့်စဉ်တစ်ခုကို လေ့ကျင့်ထားတာပဲ ဖြစ်ရမယ်"

ချူထျန်းပါ့ ခါးခါးသီးသီး ငြင်းလိုက်သည်။ ဤမျှ အဓိပ္ပာယ်မဲ့သောအရာများ ဖြစ်လာခြင်းကို သူ လုံးဝမယုံပေ။

ချူထျန်းပါ့၏ မျက်လုံးများက အေးစက်သွားကာ ခုခံကာကွယ်ရေးနည်းလမ်းကို ပထမဆုံး စတင်ပြသခဲ့သည်။

သူ့ခန္ဓာကိုယ်ပေါ်တွင် စွမ်းအင်စီးကြောင်းတစ်ခု ဖြစ်လာခဲ့ပြီး နောက်ဆုံးတွင် ချပ်ဝတ်တန်ဆာတစ်ခုအဖြစ်သို့ ပေါင်းစပ်သွား၏။

၎င်းက မဟာတောရိုင်းစွမ်းအင် နတ်ဘုရားချပ်ဝတ်
ဖြစ်သည်။

ဤစွမ်းအင်ချပ်ဝတ်သည် သူ့ထက်
အဆင့်တစ်ဆင့်နိမ့်သော
ကျွင်းရှောင်ယောက်မဆိုထားနှင့် တူညီသောအဆင့်မှ
လူများသည်ပင် ထိုးဖောက်လာရန် ခက်ခဲသည်။

ထို့နောက် ချူထျန်းပါ့သည် နောက်ထပ် အစွမ်းထက်
တိုက်ခိုက်မှုအား ထပ်မံ ထုတ်ဖော်လိုက်၏။

"တရားစီရင်ချက် ပုံစံခုနစ်ခု"
ချူထျန်းပါ့က သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။
ထိုအခါ ကြယ်တံခွန်များ၊ ဓားအလင်းများနှင့်
ရှေးဟောင်းတံဆိပ်တော်များသည် အသီးသီး

ပေါ်လာခဲ့၏။

၎င်းက သတ္တဝါအားလုံးကို စီရင်နိုင်သည့် စွမ်းအားခုနစ်ခုဟု လူသိများသော လှုပ်ရှားမှုတစ်ခုဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း သူ့ပြိုင်ဘက်ကို လျှော့မတွက်ခဲ့ပေ။ သူက ကောင်းကင်ပြာဘိုးဘေးနဂါးချပ်ဝတ်နှင့် အနှိုင်းမဲ့နတ်ဆင်ခွန်အား၏ ခံစစ်နည်းလမ်းဖြစ်သော နတ်ဘုရား၏ဝတ်ရုံကို ထုတ်ဖော်လိုက်သည်။

ဤအခိုက်တွင် တဖျတ်ဖျတ်လက်နေသည့် နဂါးချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသော ကျွင်းရှောင်ယောက်က အင်မော်တယ် စစ်နတ်ဘုရားအဖြစ်သို့ ပြောင်းလဲသွားသည့်ပုံ

ရသည်။

"ချူထျန်းပါ့၊ စိတ်ပျက်အားငယ်မှုက ဘာလဲဆိုတာ ငါမင်းကိုပြမယ်"

ကျွင်းရှောင်ယောက်က ပုရွက်ဆိတ်တစ်ကောင်ကို ငုံ့ကြည့်နေသော နတ်ဘုရားကဲ့သို့ ကြည့်လိုက်သည်။

ချူထျန်းပါ့၏ အသျှင်ခန္ဓာက ပြီးပြည့်စုံစွာ ပြောင်းသွားလျှင်ပင် ဘာဖြစ်သေးသနည်း။ သူက လုံးဝ ဂရုမစိုက်သေးပေ။

ကျွင်းရှောင်ယောက်က သူ့လက်ကို ဆန့်ထုတ်လိုက်ရာ သူ့လက်ဝါးများကြား၌ လျှပ်စီးကြောင်းများနှင့် မိုးကြိုးများ ရောယှက်ပြီး ထွက်ပေါ်လာသည်။

မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်ကို စတင်

ထုတ်လွှတ်လိုက်ချေပြီ။

--------

အခန်း ( ၃၅၈ ) လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးနှင့် အာဏာရှင်လက်သီး၊
ပြိုင်ဘက်ကင်းမြဲ ကင်းဆဲပင်၊
ကောင်းကင်အသျှင်ခန္ဓာ၏ နောက်ဆုံးဝှက်ဖဲ။

ကျွင်းရှောင်ယောက်သည် မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်ကို လုံးဝသဘောမပေါက်သေးသော်လည်း... အချို့သော လှုပ်ရှားမှုများကို အပြည့်အဝ ပြသနိုင်နေပြီ ဖြစ်သည်။

ဥပမာအားဖြင့်၊ ဤပုံစံသည် မိုးကြိုးကို

ကြယ်များအဖြစ်သို့ ပြောင်းလဲနိုင်စွမ်း ရှိ၏။

ကျွင်းရှောင်ယောက်၏ လက်ဝါးမှ မိုးကြိုးများ
လင်းလက်လာခဲ့သည်။ တချိန်တည်းမှာပင်
ကြယ်များအဖြစ်သို့ ပေါင်းစပ်သွား၏။

ကြယ်ပွင့်တိုင်းတွင်လည်း ကြောက်မက်ဖွယ်ရာ
မိုးကြိုးစွမ်းအားများ ပေါင်းစပ်ပါဝင်နေတော့သည်။

ယခုအချိန်တွင် ကြယ်များ ဝန်းရံထားသည့်
ကျွင်းရှောင်ယောက်က အရာအားလုံးကို
ဖိနှိပ်နိုင်စွမ်းရှိသော နတ်ဘုရင်နှင့် တူသည်။

မိုးကြိုးနှင့် ကြယ်များအားလုံးက ချူထျန်းပါ့ကို
အတူတကွ ဖိနှိပ်ခဲ့ကြသည်။

"ဒါက… မဟာနတ်ဘုရားစွမ်းရည်ပဲ"

ချူထျန်းပါ့လည်း မျက်နှာအမူရာ လေးနက်သွား၏။

သူ၏ တရားစီရင်ချက် ပုံစံခုနစ်ခုက
မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်နှင့်
တိုက်မိသွားခဲ့သည်။

ထိုအခါ ကြမ်းတမ်းသော မိုးကြိုးနှင့်
စွမ်းအင်လှိုင်းများသည် ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွား၏။

ကျွင်းရှောင်ယောက်က မိုးကြိုးနတ်တစ်ပါးနှင့်တူပြီး
သူ၏ လှုပ်ရှားမှုတစ်ခုဖြင့် သန်းချီသောမိုးကြိုးများ
ပစ်ခွင်း ကျဆင်းလာခဲ့ရသည်။

ချူထျုန်းပါ့ကလည်း အလျှော့မပေးဘဲ
စစ်နတ်ဘုရားတစ်ပါးကဲ့သို့
ကြမ်းတမ်းခက်ထန်လွန်းလှသည်။

၎င်းတို့နှစ်ဦးက ကမ္ဘာမြေကို ရိုက်ခတ်လာသော
ဥက္ကာခဲများကဲ့သို့ဖြစ်ကာ အဆုံးမဲ့ မီးပွားများသည်ပင်
ပေါက်ကွဲထွက်လာခဲ့ရသည်။

ဤတိုက်ပွဲမျိုးသည် အလွန်အံ့အားသင့်စရာကောင်း၍
သင်္ချိုင်းကမ္ဘာအပြင်ဘက်မှ သတ္တဝါများလည်း
ဘာမျှမပြောနိုင်ကြတော့ပေ။

ဤသည်မှာ မျိုးဆက်သစ်လူငယ်များ၏ တိုက်ပွဲနှင့်
လုံးဝမတူဘဲ မျိုးဆက်ဟောင်းများကြားမှ
တိုက်ပွဲကြီးကဲ့သို့ ပြင်းထန်လွန်းလှသည်။

"ဝုန်း"

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ ချူထျန်းပါ့
နောက်တစ်ကြိမ် ပြန်လဲသွား၏။

ချူထျန်းပါ့သည် အခြေတည်နတ်ဘုရားနယ်ပယ်
ဖြစ်ခဲ့သော်လည်း ရုပ်ခန္ဓာကြံ့ခိုင်မှုနှင့်
နတ်ဘုရားသိုင်းများတွင် ကျွင်းရှောင်ယောက်ထက်
အဆပေါင်းများစွာ နိမ့်ကျသည်။

ကျွင်းရှောင်ယောက်၏ နတ်ဘုရားစွမ်းရည်က
တစ်ဆယ်ဘီလီယံဖြစ်ပြီး ကန့်သတ်ချက်တစ်ခုသို့
ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။ ဤအနေအထားတွင်
ကောင်းကင်အသျှင်ခန္ဓာကို ပိုင်ဆိုင်ထားသည့်
ချူထျန်းပါ့ပင်လျှင် လုံး၀ လိုက်မမီနိုင်ပေ။

"မင်းရဲ့လိပ်ခွံက တော်တော်မာတာပဲ၊ ဒါပေမယ့်

မင်းကို လုံးဝ မကာကွယ်နိုင်သေးဘူး"

ကျွင်းရှောင်ယောက်၏ ရင်ဘတ်မှ အနှိုင်းမဲ့အရိုးဟာ အလင်းရောင်များ တောက်ပလာသည်။

ကြီးကျယ်ခမ်းနားသော ကောင်းကင်ကပ်ဘေးအလင်းသည် ချူထျန်းပါ့ထံသို့ တိုက်ရိုက် တိုးဝင်သွား၏။

"သေစမ်း"

ချူထျန်းပါ့၏မျက်လုံးများ အေးစက်သွားခဲ့သည်။

အကယ်၍ ကျွင်းရှောင်ယောက်တွင် ရှေးဟောင်းမြင့်မြတ်ခန္ဓာ တစ်ခုတည်းသာ ရှိခဲ့ပါက ချူထျန်းပါ့ဟာ ဤမျှ ဘဝပျက်မည်မဟုတ်ပေ။

နောက်ဆုံးတွင် ဤခန္ဓာနှစ်ခုက ရှေးကတည်းက အောင်ပွဲများနှင့် ဆုံးရှုံးမှုများ ရှိခဲ့ကာ အခြားတစ်ခုကို လုံးလုံးလျားလျား လွှမ်းမိုးနိုင်မည် မဟုတ်ပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်မှာက ရှေးဟောင်းမြင့်မြတ်ခန္ဓာကို ပိုင်ဆိုင်ထားရုံသာမကဘဲ...

အနှိုင်းမဲ့အရိုးပင် ရှိနေသည်။

တာအိုခန္ဓာသုံးထောင်တွင် ထိပ်တန်းသုံးဆယ်ထဲသို့ ဝင်နိုင်စွမ်းရှိသော တာအိုခန္ဓာတစ်ခုအနေဖြင့် အနှိုင်းမဲ့အရိုးသည် ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် ကောင်းကင်အသျှင်ခန္ဓာတို့ထက် များစွာ အားမနည်းပါချေ။

ဤအထူးခန္ဓာနှစ်ခုကို ပိုင်ဆိုင်ထားခြင်းက ချူထျန်းပါ့၏ နယ်ပယ်အားသာချက်ကို လုံးဝ ချေဖျက်သွားခဲ့သည်။

ကောင်းကင်ကပ်ဘေးအလင်းသည် ချူထျန်းပါ့ကို ထိမှန်သွား၏။

သူ၏ကိုယ်ပေါ်တွင် မဟာတောရိုင်းနတ်ဘုရားချပ်ဝတ်ကို ဝတ်ဆင်ထားသော်လည်း အက်ကြောင်းများဖြင့် ဖုံးလွှမ်းသွားကာ နောက်ဆုံးတွင် ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ လုံးဝ ပြိုကျသွားတော့သည်။

ချူထျန်းပါ့လည်း သွေးတစ်လုတ်ကို ထွေးထုတ်လိုက်ရပြန်သည်။

လုံးဝ ချေမှုန်းခြင်းက အဘယ်နည်းဟု မေးပါလျှင်...

ဤသည်ကပင် လုံးဝ ချေမှုန်းခြင်း ဖြစ်သည်။

တစ်ဖက်တွင် ကျွင်းရှောင်ယောက်က ဒဏ်ရာရရန်
မဆိုထားနှင့် ဖုန်မှုန့် အမှုန်အမွှားလေးများပင်
ကပ်ညိနေခြင်း မရှိပေ။

တစ်ဖက်တွင်ကား ချူထျန်းပါ့ဟာ ကြိမ်ဖန်များစွာ
ရိုက်နှက်ခံရပြီး ရှေ့ဆင့်နောက်ဆင့် ရှုံးသွားခဲ့သည်။

ဤမျှလောက်ဆိုလျှင် သူတို့နှစ်ယောက်ကြားမှ
ကွာဟချက်ကို သိနိုင်ကြလောက်ပြီ ဖြစ်သည်။

"မဟုတ်ဘူး၊ ဒါ လုံးဝ မဖြစ်နိုင်ဘူး။ ငါ့ရဲ့

အသွင်ပြောင်းပြီးတဲ့ ခန္ဓာကိုယ်က မင်းထက်
ဘယ်လိုနည်းနဲ့ အားနည်းနိုင်မှာလဲ"
ချူထျန်းပါ့လည်း ဤရလဒ်ကို လုံးဝ လက်မခံနိုင်ဘဲ
အော်ဟစ်လိုက်သည်။

အကယ်၍ သူဟာ မူလက
မပြည့်စုံသောအသျှင်ခန္ဓာဖြစ်၍
ကျွင်းရှောင်ယောက်ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါက
ကျိုးကြောင်းဆီလျော်သည်။

သို့သော်လည်း ပြဿနာမှာ၊ ယခုအခါ သူ၏
ကောင်းကင်အသျှင်ခန္ဓာက အပြည့်အဝ
ပြန်လည်ရရှိထားခဲ့ပြီ။ ၎င်းသည် ယခင်ဘဝ၏
ပြီးပြည့်စုံမှုသို့ ပြန်လည်ရောက်ရှိရန်
မဖြစ်နိုင်သေးသော်လည်း အပြစ်ကင်းစင်နေပြီ
ဖြစ်သည်။

သို့သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်၏
ဖိနှိပ်ခြင်းအား ခံနေရဆဲပင်။

သို့ဖြစ်ပေရာ ချူထျန်းပါ့ သူ့ဘဝကို
သံသယဝင်သွားသည်မှာ အံ့ဩစရာ မရှိတော့ပါချေ။

ချူထျန်းပါ့၏ အနည်းငယ်
လက်မခံနိုင်သောအမူအရာကို မြင်လိုက်ရတော့
ကျွင်းရှောင်ယောက်က ခေါင်းကို
အနည်းငယ်ခါယမ်းကာ ပြောလိုက်သည်။

"မင်းကို ပိုပြီး စိတ်ပျက်အားငယ်သွားစေလိမ့်မယ်လို့
ငါကြိုပြောထားသားပဲ၊မင်းမှ မယုံတာ။ အခု
မင်းနဲ့ငါကြားက ကွာခြားချက်ကို
နားလည်သွားပြီလား"

"ကောင်းကင်အသျှင်ခန္ဓာတဲ့၊ အမှိုက်ပဲ"

ကျွင်းရှောင်ယောက်၏ မညှာမတာ ပြောဆိုလိုက်သော စကားများကြောင့် ချူထျန်းပါ့ ဒေါသချောင်းချောင်းထွက်သွားသည်။

သူ၏ မာနကြီးသော သဘာဝအရ ဤသို့အရှက်ခွဲခြင်းကို မည်သို့ခံရပ်နိုင်မည်နည်း။

"အတင့်ရဲလိုက်တာ၊ ငါမရှုံးသေးဘူးကွ"

ချူထျန်းပါ့က ဟိန်းဟောက်လိုက်သည်။ သူ့ခန္ဓာကိုယ်ပေါ်ရှိ နတ်အမှတ်အသားများကလည်း တောက်ပလာခဲ့၏။

၎င်းက ကောင်းကင်အသျှင်ခန္ဓာ၏ လလျှို့ဝှက်စွမ်းအားများ ပါဝင်သော နတ်အက္ခရာများ

ဖြစ်သည်။

ချူထျပန်းပါ့က ညာလက်သီးဖြင့် ထိုးထုတ်လိုက်ရာ လက်တစ်ဘက်လုံးက အလွန်လှပသော နတ်အမှတ်အသားများဖြင့် ပြည့်နှက်သွားသည်။

တစ်ချိန်တည်းမှာပင် ကောင်းကင်ကို ပေါက်ကွဲစေနိုင်သော စွမ်းအင်လှိုင်းလုံးကြီးတစ်ခု ထွက်ပေါ်လာခဲ့၏။

ဤသည်ကား ကောင်းကင်အသျှင်ခန္ဓာမှ အမွေဆက်ခံခဲ့သော အာဏာရှင်လက်သီးပင် ဖြစ်တော့သည်။

အာဏာရှင်လက်သီး ထွက်လာသည်နှင့်တပြိုင်နက် သတ်ဖြတ်ခြင်းတို့သည် အရပ်ရပ်သို့

လွှမ်းမိုးသွားခဲ့သည်။

သမိုင်းမှတ်တမ်းများအရ အတိတ်တွင်...
ရှေးဟောင်းမြင့်မြတ်ခန္ဓာကို လက်သီးတစ်ချက်ဖြင့်
အနိုင်ယူခဲ့သော ကောင်းကင်အသျှင်ခန္ဓာအကြောင်း
ကောလဟာလများ ရှိသည်။

ယခု ပြန်လည်ပေါ်လာပြီးချိန်တွင် ၎င်း၏ စွမ်းအားက
အံ့မခန်းဖြစ်နေဆဲပင်။

"ကျွင်းရှောင်ယောက်၊ ငါ့လက်သီး
တစ်ချက်မြည်းကြည့်စမ်းကွ"

ချူထျန်းပါ့က ဟိန်းဟောက်လိုက်ရာ အနက်ရောင်
သူ့ဆံပင်များကလည်း အရိုင်းဆန်စွာ
ကခုန်လှုပ်ရှားလာသည်။ သူ့တစ်ကိုယ်လုံးတွင်
စွမ်းအားများ ပြည့်နှက်လာပြီး အကန့်အသတ်အထိ

ထုတ်ဖော်လိုက်၏။

ကျွင်းရှောင်ယောက်၏ မျက်လုံးများလည်း
အနည်းငယ် ကျဉ်းမြောင်းသွားတော့သည်။

ဤတိုက်ခိုက်မှုက အနည်းငယ်
စိတ်ဝင်စားစရာကောင်းသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က မရှောင်လွှဲဘဲ
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းဖြင့် ထိုးနှက်လိုက်၏။

ကျွင်းရှောင်ယောက်၏ လက်သီးအလင်းက လူတို့ကို
အဆုံးမဲ့သံသရာစက်ဝိုင်းထဲသို့ ဆွဲငင်နိုင်သကဲ့သို့
လမ်းကြောင်းခြောက်ခု ရေဝဲကြီးများကို
ပေါက်ကွဲထွက်လာစေခဲ့သည်။

လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီသိုင်းက
ကောင်းကင်အသျှင်ခန္ဓာထက် အားမနည်းသော
အဓိပဓိသိုင်းပညာတစ်ခု ဖြစ်သည်။

လက်သီးချင်း ထိပ်တိုက်တွေ့သောအခါ
ထွက်ပေါ်လာသော အရိုးကျိုးသံများကို
ရှင်းရှင်းလင်းလင်း ကြားလိုက်ရ၏။

ပြန်လည်ဝင်စားခြင်း စွမ်းအားပါသော
လက်သီးကြီးသည် ချူထျန်းပါ့၏
ညာလက်မောင်းတစ်ခုလုံးရှိ ကြွက်သားများနှင့်
အရိုးများကို ကွဲအက်ကာ သွေးများဖြင့်
ဖြာရဲသွားစေခဲ့သည်။

"အား..."

ချူထျန်းပါ့ လုံးဝ မထိန်းနိုင်တော့ဘဲ အော်ဟစ်လိုက်သည်။ သူ့ညာလက်တစ်ဖက်လုံး ဒဏ်ရာအပြင်းအထန်ရသွားခဲ့၏။ တစ်ချိန်တည်းမှာပင် လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးကြောင့် သူ့ပါးစပ်မှ သွေးများ အန်ထွက်လာတော့သည်။

ကျွင်းရှောင်ယောက်က ချူထျန်းပါ့၏ခန္ဓာကို ထပ်မံ လှမ်းရိုက်လိုက်သည်။

တစ်ဆယ်ဘီလီယံဂျင်ခွန်အားက ပေါက်ကွဲထွက်ပေါ်လာရာ ချူထျန်းပါ့ သွေးအန်ပြီး ထပ်မံ လွင့်စဉ်သွား၏။ သူ့ပါးစပ်အတွင်းမှ အတွင်းအင်္ဂါများ ရောနှောနေသည့် သွေးများ ထပ်မံအန်ထွက်လာတော့သည်။

သူ့တစ်ကိုယ်လုံးက အမြောက်ကျည်ဆန်ကဲ့သို့လွင့်ကာ
မြေပြင်ကို ပြင်းပြင်းထန်ထန် ပြုတ်ကျသွားခဲ့သည်။

ကျွင်းရှောင်ယောက်က ထူးကဲသော
ကိုယ်နေဟန်ထားကို ထိန်းသိမ်းထားကာ
ချူထျန်းပါ့ကို နောက်တစ်ကြိမ်
ထပ်မံဖိနှိပ်လိုက်သည်။

သင်္ချိုင်းကမ္ဘာ အပြင်ဘက်တွင်... ဤမြင်ကွင်းကို
မြင်လိုက်ရသော သုသာန်သတ္တဝါအားလုံး၏
မျက်လုံးများ၌ ထိတ်လန့်တုန်လှုပ်မှုနှင့် အံ့သြမှုများ
ပြည့်နှက်သွားခဲ့သည်။

အမှောင်ဘုရင်နန်းတော်မှ ကျွမ်းကျင်သူများဆိုလျှင်
ပို၍ပင် အံ့သြသွား၏။

ချူထျန်းပါ့က သူ့အစွမ်းရှိသမျှ ထုတ်ဖော်လုနီး ဖြစ်ခဲ့သော်လည်း ကျွင်းရှောင်ယောက်၏ ဖိနှိပ်ခြင်းကို ခံနေရဆဲပင်။

ယင်းကို ဘယ်သူက ယုံကြည်နိုင်မှာလဲ။

ထျန်းမင်သချိုင်းဧကရာဇ်၏ မျက်နှာလည်း နောက်ဆုံးတွင် လုံးဝ အုံ့မှိုင်းသွားခဲ့သည်။

"ရလဒ်က ငါတို့ထင်ထားတာနဲ့ ဆန့်ကျင်ဘက် ဖြစ်သွားတော့မှာလား"

သုသာန်သတ္တဝါတချို့လည်း မအီမသာဖြစ်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ဤတစ်ခါ ကျွင်းရှောင်ယောက်က
ထာဝရသင်္ချိုင်းမြေ၏ ပါရမီရှင်အားလုံးကို
သုတ်သင်တော့မှာလား။

သင်္ချိုင်းကမ္ဘာအတွင်းရှိ ဝိညာဉ်သင်္ချိုင်းဘေးတွင်...

ချူထျန်းပါ့က ခက်ခက်ခဲခဲထရပ်လိုက်သည်။
သူ့ခန္ဓာကိုယ်အနှံ့အပြားမှလည်း အရိုးအဆစ်များသည်
တဂျွတ်ဂျွတ် မြည်လာခဲ့၏။

သူ့ခန္ဓာကိုယ်ထဲမှ သွေးများ တဟုန်းဟုန်းတောက်ကာ
ဒဏ်ရာများလည်း ပြန်လည် သက်သာလာခဲ့သည်။

ကောင်းကင်အသျှင်ခန္ဓာက အမှန်တကယ်ကြံ့ခိုင်ကာ
ယခုအချိန်အထိ ကျဆုံးခြင်းမရှိဟု ဆိုရမည်
ဖြစ်သည်။

"တကယ်ကို သဲအိတ်ကောင်းလေးပါလား။ ဒီအချိန်ထိ ထိန်းထားနိုင်တာနဲ့ပတင် မင်းဂုဏ်ယူလို့ ရနေပြီ"

ကျွင်းရှောင်ယောက်က အမှန်အတိုင်း
ပြောလိုက်သည်။

သူက ရွဲ့ပြောနေခြင်းမဟုတ်ပါ။ အမှန်တကယ်
ချီးကျူးခြင်း ဖြစ်သည်။

အခြား ပါရမီရှင်အများစုဆိုလျှင်
ကျွင်းရှောင်ယောက်၏ တိုက်ခိုက်မှုကို ဤမျှ
ခံယူရပါက စေ့စေ့ညက်ညက် ကြေသွားရလောက်ပြီ
ဖြစ်သည်။

ချူထျန်းပါ့ကတော့ ဒဏ်ရာအပြင်းအထန်ပဲ
ရသေးပေရာ အလွန်ရှားလှသည်။

"ကျွင်းရှောင်ယောက်၊ သိပ်လွန်မလာနဲ့ကွ။ ငါ့ရဲ့ ကောင်းကင်အသျှင်ခန္ဓာမှာလည်း ဝှက်ဖဲတစ်ခု ရှိသေးတာကို မင်းမေ့နေပြီလား"

ချူထျန်းပါ၏ မျက်လုံးများတွင် ပြတ်သားသော ဆုံးဖြတ်ချက်နှင့် ရူးသွပ်မှုတို့ လောင်ကျွမ်းသွားခဲ့သည်။

'ဟမ်… ဒါ ဖြစ်နိုင်မလား…'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အရောင်လက်သွားသည်။

--------

အခန်း ( ၃၅၉ ) မြင့်မြတ်ခန္ဓာ အာရုံနှစ်ခုနှင့် အသျှင်ခန္ဓာ နတ်လေးပါး ပြင်းထန်သောတိုက်ပွဲ၊

အနိုင်နှင့်အရှုံး အဆုံးအဖြတ်။

၎င်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ အာရုံခြောက်ပါး ကဲ့သို့ပင်။

ကောင်းကင်အသျှင်ခန္ဓာမှာလည်း ကိုယ်ပိုင်ဝှက်ဖဲ ရှိသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာက အာရုံခြောက်ပါးစလုံး နိုးထစေလျှင် ပြန်လည်ဝင်စားခြင်း လမ်းခြောက်ခုကို ဖန်ဆင်းပြီး ရန်သူအားလုံးကို တွန်းလှန်ပစ်နိုင်သည်။

ကောင်းကင်အသျှင်ခန္ဓာသည်လည်း နတ်ဘုရားကိုးပါး ပေါ်လာခဲ့လျှင် အရာအားလုံးကို ချေမှုန်းပစ်နိုင်စွမ်း ရှိ၏။

ဤအခိုက်အတန့်တွင် ချူထျန်းပေါ့၏ သွေးများက တစ်ကိုယ်လုံးတွင် လျှံတက်လာသည်။
နောက်ဆုံးတိုက်ပွဲတစ်ခုကို သူ စတင်တော့မည်။

ချူထျန်းပေါ့က မြေပြင်ကို ခြေတစ်ချက်ဆောင့်ပြီး လေထဲသို့ ခုန်တက်သွားသည်။

သူ့နောက်တွင် ကြီးမားသော လှိုင်းလုံးကြီးတစ်ခု ထွက်ပေါ်လာခဲ့၏။

သူ့ပုံစံက ကောင်းကင်သို့ ပျံတက်နေသော ကွန်ငါးတစ်ကောင်ကဲ့သို့ပင် ဖြစ်သည်။

ထို့နောက်၊ ကွန်ငါးသည် ဂဠုန်ငှက်အဖြစ်သို့ ပြောင်းလဲသွား၏။ ၎င်း၏အတောင်များက

ကောင်းကင်မှ တွဲလောင်းကျနေသော
တိမ်တိမ်များကဲ့သို့ဖြစ်ကာ အရှိန်အဝါကလည်း
ကောင်းကင်ကို မိုင်ထောင်ပေါင်းများစွာထိ
လွှမ်းယမ်းသွားစေခဲ့တော့သည်။

၎င်းက အသျှင်ခန္ဓာ၏ နတ်ဘုရားကိုးပါးအနက် ခွန်ပန်
ဖြစ်သည်။

ချူထျန်းပါ့က အသျှင်ခန္ဓာ၏
ထိပ်တန်းဝှက်ဖဲကိုသုံးကာ ကျွင်းရှောင်ယောက်ထံသို့
တိုက်ရိုက် ပြေးသွားသည်။

ဤလှုပ်ရှားမှုက လူတိုင်းကို အမှန်တကယ်
ထိတ်လန့်စေခဲ့၏။

သင်္ချိုင်းကမ္ဘာအပြင်ဘက်မှ သတ္တဝါအားလုံးလည်း

ချူထျန်းပါ့၏ တန်ပြန်သတ်ဖြတ်ခြင်းကို
စောင့်မျှော်ကြည့်ရင်း
အလွန်စိတ်လှုပ်ရှားနေတော့သည်။

တစ်ဖက်တွင် ချူထျန်းပါ့၏ လှုပ်ရှားမှုကို
ရင်ဆိုင်နေရသော ကျွင်းရှောင်ယောက်က
ဘာမှမထူးခြားပေ။

"ဒီလိုဆိုမှတော့ မြင့်မြတ်ခန္ဓာအာရုံနဲ့ မင်းကို
လိုက်ပါပေးရသေးတာပေါ့"

ကျွင်းရှောင်ယောက်က လေထဲသို့ ခြေလှမ်းလိုက်ရာ
ပတ်ဝန်းကျင်က ရုတ်တရက် ထက်မြလာသည်။

သူ့နောက်တွင် သူတော်စင်ပုံရိပ်များ တစ်ခုပြီးတစ်ခု
ထွက်ပေါ်လာခဲ့၏။

ယင်းက သူတော်စင်တစ်သောင်း
အရိုအသေပေးခြင်းပင် ဖြစ်သည်။

သဘာဝအောရုံ ထွက်လာသည်နှင့်တပြိုင်နက်
ချူထျန်းပါ၏ စွမ်းအား သုံးဆယ်ရာခိုင်နှုန်းနီးပါး
ဖိနှိပ်ခံခဲ့ရသည်။

သို့သော်လည်း ချူထျန်းပါက မကြောက်ရွံ့ဘဲ
သံရှည်ဆွဲ၍ ဟိန်းဟောက်လိုက်ဆဲပင်။
နတ်ခွန်ပန်ပုံရိပ်က ကျွင်းရှောင်ယောက်၏
မြင့်မြတ်ခန္ဓာ သဘာဝအောရုံနှင့် ထိပ်တိုက်
တွေ့ဆုံသွားခဲ့သည်။

"ဝုန်း"
မရေမတွက်နိုင်သော ကြယ်များ
ကွဲကြေသွားသကဲ့သို့ပင်။

ချူထျန်းပါ့ တကိုယ်လုံးက ခွန်ပန်အဖြစ်သို့ ပြောင်းလဲသွားပုံရကာ သူတော်စင်ပုံရိပ်များကို ဝင်ဆောင့်လိုက်သည်။

ကောင်းကင်အသျှင်ခန္ဓာ၏ နတ်ဘုရားပုံစံကိုးခုက ၎င်း၏ဂုဏ်အသရေနှင့်ထိုက်တန်သည်ဟု ဆိုရမည်။ ဤခွန်ပန် ပုံစံတစ်ခုတည်းက ပါရမီရှင်အများစုကို ချက်ချင်းသတ်ရန် လုံလောက်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက် အတွက်ကတော့ မလုံလောက်သေးပါ။

ကျွင်းရှောင်ယောက်က ချူထျန်းပါ့ကို သူတော်စင်တစ်သောင်း အရိုသေပေးခြင်းဖြင့် ဖိနှိပ်ထားစဉ် မိုးကြိုးများဖြင့် သူ့လက်ဝါးကို

ဆန့်ထုတ်လိုက်သည်။

ကောင်းကင်ထက်တွင် တိမ်မည်းများစုဝေးပြီး
နဂါးကြီးများကဲ့သို့ မိုးကြိုးများကလည်း
ချူထျန်းပါ့ထံ တိုက်ရိုက် ကျဆင်းလာခဲ့၏။

ဤသည်မှာ မိုးကြိုးကေရာဇ်၏
မဟာနတ်ဘုရားစွမ်းရည်ထဲမှ တစ်ခုဖြစ်သော
ကောင်းကင်ပြစ်ဒဏ်မိုးကြိုး ဖြစ်သည်။

ကောင်းကင်ပြစ်ဒဏ်မိုးကြိုး
ကျဆင်းလာသောအခါတွင် ချူထျန်းပါ့က
သူ့လက်ကိုမြှောက်လိုက်၏။ အတော်များကဲ့သို့
နတ်ဘုရားစွမ်းရည်ကလည်း အရှိန်ပြင်းပြင်းဖြင့်
ထွက်ပေါ်လာတော့သည်။

ပေါက်ကွဲသံများက နေရာတိုင်းတွင်
ပဲ့တင်ထပ်နေပြီးနောက် ချူထျန်းပါ့
နောက်ပြန်ဆုတ်သွားခဲ့ရသည်။
သူ့တစ်ကိုယ်လုံးမှာလည်း မည်းနက်၍
မီးလောင်ကျွမ်းနေသော အနံ့များပင် ထွက်ပေါ်နေခဲ့ပြီ။

သို့ရာတွင် ချူထျန်းပါ့က မတုန်လှုပ်ဘဲ
ကောင်းကင်ပေါ်သို့ ခေါင်းမော့၍
ဟိန်းဟောက်လိုက်သည်။ နတ်ဘုရားပုံစံကလည်း
တစ်ဖန် ပြောင်းလဲသွား၏။

သူ့ခန္ဓာကိုယ် အပေါ်ယံတွင် ရိုးရှင်းပြီး
လေးလံပုံရသော ခေါင်းလောင်းကြီးတစ်ခုလည်း
ထွက်ပေါ်လာတော့သည်။

ခေါင်းလောင်းကြီး ထွက်ပေါ်လာသည်နှင့် လေထုပင်

ပြောင်းလဲသွားခဲ့ပုံရသည်။

ဤမဟာတာအို ခေါင်းလောင်းခန္ဓာက ကောင်းကင်အသျှင်ခန္ဓာ၏ အခြားပုံစံတစ်မျိုး ဖြစ်သည်။

မဟာတာအို ခေါင်းလောင်းခန္ဓာ ထွက်ပေါ်လာသောအခါ မိုးကြိုးများ ဝင်ရောက်၍မရတော့ပေ။

ချူထျန်းပါ့က မဟာတာအိုခေါင်းလောင်းခန္ဓာကို အသက်သွင်းလိုက်ပြီးနောက် မမြင်နိုင်သော အသံလှိုင်းများ ဖြန့်ကျက်ကာ ပတ်ဝန်းကျင်တစ်ခုလုံးရှိ မိုးကြိုးများကို ဖြိုခွဲသွားခဲ့သည်။

"ဒီမြင့်မြတ်ခန္ဓာက
တော်တော်စိတ်ဝင်စားဖို့ကောင်းတာပဲ"
ကျွင်းရှောင်ယောက် ရယ်မောလိုက်၏။

ချူထျန်းပါ့က အလွန်အစွမ်းထက်မှန်း
သိနေသော်လည်း သူဟာစိုးရိမ်နေမည့်အစား
စိတ်ဝင်စားစရာကောင်းကဲ့သို ခံစားလာခဲ့ရသည်။

နောက်ဆုံးမှာတော့ သူ့ကို ဤမျှအထိ
ရင်ဆိုင်နိုင်သောသူဟာ များများစားစား မရှိပေ။

"ထပ်လာပြီ"
ကျွင်းရှောင်ယောက်က သူ့လက်ကို
ဖမ်းဆုပ်လိုက်သည်နှင့် မိုးကြိုးစွမ်းအားများ
ထွက်ပေါ်လာသည်။ နောက်ဆုံးတွင် ၎င်းက
ကျွင်းရှောင်ယောက်လက်ဝါးထဲတွင် စုစည်းသွားကာ

အနှိုင်းမဲ့ မိုးကြိုးအဖြစ်သို့ ပြောင်းလဲသွား၏။

ထိုမိုးကြိုးက ကောင်းကင်ကိုးပါးကိုဖြတ်သန်း၍
လူတိုင်းကို မျက်လုံးအရောင်လက်သွားစေခဲ့သည်။

"ကပ်ဘေးကိုးခု မိုးကြိုးသတ်နတ်ဆိုး"
ကျွင်းရှောင်ယောက်က လက်တစ်ဖက်တည်းဖြင့်
ထုတ်ဖော်လိုက်ရာ မဟာတာအို ခေါင်းလောင်းခန္ဓာကို
ထိုးဖောက်သွားသည့် မိုးကြိုးလှံအဖြစ်
ပြောင်းလဲသွားခဲ့သည်။

ဤသည်ကား မိုးကြိုးကေရာဇ်၏
မဟာနတ်ဘုရားစွမ်းရည်မှ တစ်ခုဖြစ်သော
သတ်ကွက်တစ်ခု ဖြစ်ချေသည်။

"ဝုန်း..."

ကပ်ဘေးကိုးခု မိုးကြိုးသတ်နတ်ဆိုးက
ခေါင်းလောင်းကြီးကို ချက်ချင်း ဖုံးလွှမ်းသွားခဲ့သည်။
ချူထျန်းပါ့လည်း သွေးအန်ကာ ချောင်းဆိုးလာခဲ့၏။

ချူထျန်းပါ့ကိုယ်တိုင်က ရှုံးသွပ်နေပြီဖြစ်က
အစ်အမှန်နဂါးတစ်ကောင် ပေါ်လာသကဲ့သို့ သူ့ပုံစံကို
ပြန်ပြောင်းလိုက်သည်။

၎င်းက နတ်ဘုရားကိုးထဲမှ
အစစ်အမှန်နဂါးဖြစ်ချေသည်။

ချူထျန်းပါ့က နဂါးအမြီးကြီး လှုပ်ရှားလာသကဲ့သို့
ခြေကန်ချက်ကိုထုတ်ဖော်လိုက်သည်။

ဤကန်ချက်က အလွန်အစွမ်းထက်ကာ

အခြေတည်နတ်ဘုရားအောက်မှ ပါရမီရှင်တိုင်းကို
အံ့ဖွယ်ကောင်းအောင် ဖိနှိပ်ပစ်နိုင်သည်။

ထိုအချိန် ကျွင်းရှောင်ယောက်၏ ရင်ဘတ်ရှိ
အနှိုင်းမဲ့အရိုးကလည်း တစ်ဖန် လှုပ်ရှားလာသည်။

ကောင်းကင်တွင် အဆုံးမဲ့ ရောမလက်ကြီးတစ်ဖက်
ထွက်ပေါ်လာကာ ချူထျန်းပါ့အား ဖိနှိပ်သွား၏။

ချူထျန်းပါ့က အစစ်အမှန်နဂါးအသွင်
ပြောင်းလဲသွားသော်လည်း
ကောင်းကင်နတ်ဘုရားလက်၏ ဖိနှိပ်မှုအောက်တွင်...
သွေးအန်ကာ ဖမ်းမိခံထားရသော
မြေကြွက်တစ်ကောင်ကဲ့သို့ ရုန်းကန်နေရဆဲ ဖြစ်သည်။

"အား... ငါမယုံဘူးကွ၊ ငါက

ဟိုးရှေးခေတ်ကတည်းက ပြိုင်ဘက်မရှိတဲ့ ကောင်းကင်အသျှင်ခန္ဓာပဲ၊ ဘယ်သူမှ ငါ့ကို အနိုင်ယူလို့မရဘူး"

ချူထျန်းပါ့က ရူးသွပ်စွာဖြင့် ဟိန်းဟောက်လိုက်သည်။

နောက်အခိုက်အတန့်မှာတော့ သူ့ပတ်ဝန်းကျင်တွင် ပုံရိပ်လေးခု တပြိုင်နက်တည်း ထွက်ပေါ်လာခဲ့၏။

ခွန်ပန်၊ ခေါင်းလောင်း၊ အစစ်အမှန်နဂါးနှင့် နတ်ဖီးနစ်။

နတ်ဘုရားလေးပါးက တစ်ပြိုင်နက်တည်း အသက်ဝင်လာသောအခါ ထိုတန်ခိုးစွမ်းအားက ကမ္ဘာကြီးကို ဖျက်ဆီးနိုင်လောက်သည်။

၎င်းက ကောင်းကင်နတ်ဘုရားလက်ကိုပင်

တုန်လှုပ်သွားစေခဲ့သည်။

"မင်းက အများဆုံး နတ်ပုံရိပ်လေးခုကိုပဲ သုံးနိုင်ပုံရတယ်"

ဒါကိုမြင်သောအခါ ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ၑင်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ သဘာဝရအာရုံခြောက်မျိုးကဲ့သို့ ကိုယ်တိုင် နားလည်ဆင်ခြင်ရလေသည်။

ချူထျန်းပါ့က နတ်ဘုရားပုံစံ လေးမျိုးကိုသာ နားလည်ထားသော်လည်း အလွန်တော်နေပြီဟု ဆိုနိုင်သည်။

"လေးခုဆိုရင်တောင် မင်းကို သတ်နိုင်တုန်းပဲကွ"

ချူထျန်းပါ့က ဟိန်းဟောက်ကာ

ကျွင်းရှောင်ယောက်ကို ဆက်လက်

တိုက်ခိုက်လိုက်သည်။

"ကောင်းပြီ၊ ဒါဆိုရင် ရှေးဟောင်းမြင့်မြတ်ခန္ဓာနဲ့

အသျှင်ခန္ဓာရဲ့ တိုက်ပွဲကို ငါတို့

ဖြေရှင်းလိုက်ကြရအောင်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

သူတော်စင်တစ်သောင်း အရိုအသေပေးခြင်း

သဘာဝအာရုံကို ထုတ်ဖော်ထားစဉ် သူ့နောက်ကွယ်မှ

ပုံရိပ်ကြီးတစ်ခု ထွက်ပေါ်လာသည်။

ထိုပုံရိပ်က ကောင်းကင်နှင့် မြေပြင်ကြားတွင်

ကြီးကျယ်ခမ်းနားသော ဘုန်းအာနုဘော်တို့ဖြင့်

ရပ်နေခဲ့၏

နဂါးငွေ့တန်းဂလက်ဆီက သူ့ခါးကိုဝန်းရံထားပုံရပြီး ရှေးဟောင်းကြယ်များကလည်း သူ့ပတ်ဝန်းကျင်တွင် ချိတ်ဆွဲ၍ အလှဆင်ထားပုံရပေသည်။

၎င်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ သဘာဝအာရုံ၊ အင်မော်တယ်ဘုရင် လင်းကျိုးထျန်း ဖြစ်သည်။

ယခုအခါ ကျွင်းရှောင်ယောက်အနီးတဝိုက်တွင် သူတော်စင်တစ်သောင်း အရိုအသေပေးခြင်းရှိပြီး သူ့အနောက်တွင်ကား အင်မော်တယ်ဘုရင်တစ်ပါး ထွက်ပေါ်လာသည်။

ဤကြောက်မက်ဖွယ်ကောင်းသော သဘာဝအာရုံက ကောင်းကင်နှင့်မြေပြင်၏ နတ်ဘုရားတစ်ပါးကဲ့သို့

ကျွင်းရှောင်ယောက်ကို ဖြစ်စေခဲ့သည်။

"ပြီးသွားပြီ"

ကျွင်းရှောင်ယောက်က လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးသိုင်းကို အနှိုင်းမဲ့နတ်ဆင်ခွန်အား၊ ထာဝရအင်မော်တယ် အရိုးစွမ်းအားတို့ဖြင့် ထုတ်ဖော်လိုက်သည်။

ထို့နောက် သဘာဝအာရုံနှစ်ခု စွမ်းအားကို ပေါင်းထည့်လိုက်၏။

သူတော်စင်တစ်သောင်း အရိုအသေပေးခြင်းက ရန်သူ၏ တိုက်ခိုက်နိုင်စွမ်းကို အားနည်းစေသော စွမ်းအား ရှိသည်။

အင်မော်တယ်ဘုရင် လင်းကျိုးထျန်းက

ကျွင်းရှောင်ယောက်ကို အမျိုးမျိုးသော နတ်ဘုရားစွမ်းရည်များအတွက် ကောင်းချီးများကို ဆောင်ကြဉ်းပေးနိုင်သော တာအိုနည်းလမ်းတစ်ခု ဖြစ်၏။

ဥပမာအားဖြင့် ယခုအခါ ကျွင်းရှောင်ယောက်၏ လမ်းကြောင်းခြောက်သွယ် ဆံမ်ဆာရာလက်သီးသိုင်းက အင်မော်တယ်ဘုရင် လင်းကျိုးထျန်း၏ ကောင်းချီးအောက်တွင် အဆများစွာ ပို၍အစွမ်းထက်လာတော့သည်။

ကျွင်းရှောင်ယောက်က တိုက်ခိုက်သောအခါ နောက်ကွယ်မှ အင်မော်တယ်ဘုရင် လင်းကျိုးထျန်းကလည်း သူနှင့်အတူ ထိုးနှက်လိုက်သကဲ့သို့ပင် ရှိနေသည်။

"ဝုန်း"

ကြောက်မက်ဖွယ်ရာ စွမ်းအားများကြောင့် ကမ္ဘာကြီး တုန်ခါသွားရသည်။

မြင့်မြတ်ခန္ဓာ အာရုံနှစ်ခုသည် အသျှင်ခန္ဓာ နတ်သဏ္ဍာန်လေးပါးနှင့် ထိပ်တိုက်တွေ့သွား၏။

ထိုကဲ့သို့ စွမ်းအင်အတက်အကျမျိုးက ဖော်ပြ၍မရတော့ဘဲ ဝိညာဉ်သင်္ချိုင်းတစ်ခုလုံး မြေပြင်ပေါ်သို့ ပြိုကျသွားခဲ့ပုံရသည်။

ကောင်းကင်ကြီး တုန်ခါကာ မြေပြင် ပြိုကျသွား၏။

သင်္ချိုင်းကမ္ဘာ၏ အပြင်ဘက် ကောင်းကင်ယံမှ မြင်ကွင်းမှာလည်း အဆုံးမဲ့မြူခိုး၊ ဖုန်မှုန့်များဖြင့်

ဖုံးလွှမ်းထား၍ သေချာပင် မမြင်ရတော့ပေ။

သို့တိုင် သုသာန်သတ္တဝါအားလုံးက
အလင်းကန့်လန့်ကာကို စိုက်ကြည့်နေကြဆဲ ဖြစ်သည်။

မြင့်မြတ်ခန္ဓာနှင့် အသျှင်ခန္ဓာကြားမှ
တိုက်ပွဲ၏ရလဒ်က မည်သို့ဖြစ်လိမ့်ပါမည်နည်း။

--------

အခန်း ( ၃၆၀ ) ငါက ဒီကမ္ဘာမှာ ခေတ်အဆက်ဆက်
ပြိုင်ဘက်ကင်းလို့ ပြောနိုင်တဲ့
တစ်ဦးတည်းသောသူပဲ။

ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် ကောင်းကင်အသျှင်ခန္ဓာ၊

ရှေးခေတ်ကတည်းက အချင်းချင်း
ရန်ဘက်ဖြစ်ခဲ့သည့် တာအိုခန္ဓာနှစ်ခု။

အတိတ်သမိုင်းတွင် ထိပ်တိုက်တွေ့ဆုံမှုတွေ
အများအပြားရှိခဲ့ပြီး အသီးသီးအနိုင်၊ အရှုံးများလည်း
ရှိခဲ့သည်။

ယခုအခါ ဤခေတ်မှာလည်း ခန္ဓာနှစ်ခုကြားမှ
ပြိုင်ဆိုင်မှုတို့ စတင်ခဲ့ချေပြီ။ ဤတစ်ခါ
နောက်ဆုံးတွင်ကား ဘယ်သူ အနိုင်ရမည်နည်း။

အပြင်ဘက်မှ သုသာန်သတ္တဝါအားလုံး
ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေခဲ့ကြသည်။

ပုဂ္ဂိုလ်ရေးရှုထောင့်မှ ကြည့်ရလျှင်တော့ ချူထျန်းပေါ့
အနိုင်ရမည်ဟု အားလုံးကိုယ်စီ မျှော်လင့်မိကြသည်။

"အဟွတ် အဟွတ်..."

ပြင်းထန်သော ချောင်းဆိုးသံသည်
မြူခိုးငွေ့များကြားမှ ချောင်းဆိုးသံ
ထွက်ပေါ်လာသည်။

လေအဟှေ့တွင် အခိုးအငွေ့များနှင့် ဖုန်မှုန့်များ
ရှင်းလင်းသွားသောအခါ...

ပြန်လည်ဝင်စားခြင်း ရေကန်ဘေးတွင် ချူထျန်းပါ့က
ဒူးတစ်ဖက်ထောက်ကာ ထိုင်နေသည်။ သူ၏
ကြေးခန္ဓာကိုယ်ကတော့ အက်ကွဲသွား၍
သွေးများလည်း အဆက်မပြတ် စီးကျနေခဲ့ပြီ။

ထိုအချိန်တွင်၊ ချူထျန်းပါ့က အက်ကွဲနေသော
ကြေးထည်များနှင့်တူပြီး လက်ဖျားဖြင့်

ထိုလိုက်လျှင်ပင် ကွဲကြေသွားတော့မည်ဖြစ်သည်။

တစ်ဖက်တွင်၊ ကျွင်းရှောင်ယောက်က တည်ငြိမ်သောမျက်နှာထားဖြင့် လေထဲတွင် ရပ်နေဆဲပင်။

"ဂျွတ်"

သတ္တုကွဲအက်သံမျိုး အသံများ ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက် ခန္ဓာကိုယ်ပေါ်ရှိ ကောင်းကင်ပြာဘိုးဘေးနဂါးချပ်ဝတ်မှာ ကွဲအက်သွား၏။

ထို့နောက်မှာတော့ ကောင်းကင်ပြာဘိုးဘေးနဂါးချပ်ဝတ်ဟာ အပြာရောင်အလင်းတန်းများအဖြစ်သို့ လုံးဝ

ကွဲအက်သွားတော့သည်။

သူ့အနောက်မှ နတ်ဘုရားဝတ်ရုံလည်း
ကွယ်ပျောက်သွားခဲ့သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကိုယ်တိုင်ကတော့
ဒဏ်ရာလက္ခဏာမရှိဘဲ အရှိန်အဝါများပင်
အနည်းငယ်မျှ မပြောင်းလဲခဲ့ပါ။

တစ်ချက်ကြည့်ရုံဖြင့် အနိုင်၊ အရှုံးက ရှင်းနေပြီ
ဖြစ်သည်။

ကျွင်းရှောင်ယောက်က ချူထျန်းပါ့ကို လုံးဝ
အနိုင်ယူခဲ့သည်။

ဟူးလားလား။

သင်္ချိုင်းကမ္ဘာအပြင်ဘက်တွင်
တုန်လှုပ်ချောက်ချားမှုများက ဒီရေလှိုင်းလုံးကြီးကဲ့သို့
အရပ်ရပ်ကို ပျံ့နှံ့သွားခဲ့သည်။

အဆုံးတွင် ဤရလဒ်မျိုး ဖြစ်လာမည်ဟု မည်သူမျှ
မမျှော်လင့်ထားပေ။

အသွင်ပြောင်းပြီးနောက်၊ ပြီးပြည့်စုံသော
ခန္ဓာကိုယ်ဖြင့် အခြေတည်နတ်ဘုရားနယ်ပယ်သို့
ရောက်ရှိခဲ့သော ချူထျန်းပါ့သည်ပင်
ကျွင်းရှောင်ယောက်နှင့် မယှဉ်နိုင်သေးပါ။

၎င်းက နတ်ဘုရားကိုးပါး၏ ခန္ဓာများကိုပင်
ပြသခဲ့သော်လည်း ကျွင်းရှောင်ယောက်ကို

ထိခိုက်မှုအနည်းငယ်ပင် မဖြစ်စေခဲ့ပါချေ။

စိတ်ပျက်အားငယ်ခြင်းဆိုသည်မှာ အဘယ်နည်း။

ဤသည်က စိတ်ပျက်အားငယ်ခြင်း ဖြစ်သည်။

သုသာန်သတ္တဝါအားလုံး လက်မခံနိုင်ဘဲ
ငိုကြွေးမြည်တမ်းကြကုန်သည်။ မျက်နှာများ
မည်းမှောင်သွားကြ၏။

ကျွင်းရှောင်ယောက် တစ်ယောက်တည်းက
သင်္ချိုင်းမြေ၏ ဘုရင်ဆယ်ပါးကို သုတ်သင်ခဲ့သည်...
သူ့ကိုကျ ဘယ်သူမှ မရိုက်နိုင်ခဲ့ပေ။

အမှောင်ဘုရင်နန်းတော်ရှိ ကျွမ်းကျင်သူများလည်း

မယုံနိုင်ဖြစ်ပြီး လျှော့ရိုက်ခံရသကဲ့သို့ အေးခဲသွားကြသည်။

ထျန်းမင်သချိုင်းကေရာဇ်သည်ပင် တစ်ကိုယ်လုံး အနည်းငယ် မတည်မငြိမ် ဖြစ်သွား၏။

သူ မျှော်လင့်ချက်ကြီးကြီးမားမားထားခဲ့ရသော ချူထျန်းပါ့လည်း ဤမျှဆိုးရွားသောရှုံးနိမ့်မှုကို ခံစားခဲ့ရပြီ ဖြစ်သည်။

"ကျွင်းသခင်လေး မလုပ်နိုင်တဲ့အရာ ဒီကမ္ဘာမှာ ရှိသေးရဲ့လား"

ချင်ရှန်အာလည်း မိန်းမောနေကာ ရေရွတ်လိုက်မိသည်။ ကျွင်းရှောင်ယောက်က သူ့ကို အကြိမ်ကြိမ် အမြင်ကျယ်စေခဲ့ပေသည်။

သူသည်ကား ဤကမ္ဘာတွင် တကယ်ကို ထူးချွန်သည့်
အမျိုးသားများရှိသေးကြောင်း သက်သေသာဓကပင်
ဖြစ်သည်။

ဤတွင် သရဲမျက်နှာသုသာန်ဇာကေရီကတော့
အတည်ငြိမ်ဆုံး ဖြစ်သည်။

မျက်နှာဖုံးအောက်မှ မျက်လုံးများကသာ
အလင်းရောင်ဖျော့ဖျော့ ရှိနေခဲ့လေသည်။

ဤအချိန် ပြန်လည်ဝင်စားခြင်း ရေကန်နံဘေးတွင်...

ချူထျန်းပါ့က အသိစိတ် လွတ်သွားသကဲ့သို့
မြေပြင်ပေါ်တွင် ဒူးတစ်ဖက်ထောက်ကာ
ထိုင်ချလိုက်သည်။

ချူထျန်းပါ့ဟာ ရှုံးနိမ့်ခြင်းကို မယုံနိုင်သေးပေ။

ကျွင်းရှောင်ယောက်ကတော့ ကောင်းကင်မှ
ဆင်းလာပြီးနောက် ရေကန်စပ်သို့ လျှောက်သွားကာ
အံ့ဖွယ်ကိုးပါး ပြန်လည်ဝင်စားခြင်း
အင်မော်တယ်မြက်ကို ကောက်ယူလိုက်သည်။

"နောက်ဆုံးတော့ အမိကရည်ရွယ်ချက်
ပြီးမြောက်သွားခဲ့ပြီ"

ကျွင်းရှောင်ယောက်လည်း အံ့ဖွယ်ကိုးပါး
ပြန်လည်ဝင်စားခြင်း အင်မော်တယ်မြက်ကို
သိုလှောင်ခြင်းမှော်ရတနာထဲသို့ ထည့်သိမ်းပြီးနောက်
သက်ပြင်းတစ်ချက် ချလိုက်သည်။

ဤအချိန်တွင် သင်္ချိုင်းသို့ လာရခြင်း၏

ရည်ရွယ်ချက်များ ပြီးမြောက်ခဲ့ပေပြီ။

ထိုအချိန်တွင် ရှုးသွပ်မိုက်မဲသောအကြည့်ဖြင့် ချူထျန်းပါ့ တုံ့ပြန်လာသည်။

"ဘယ်လိုဖြစ်တာလဲ... ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ၊ ငါ့မှာ လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိတဲ့ ခန္ဓာကိုယ်၊ ပြိုင်ဘက်ကင်းပြီး လွှမ်းမိုးထားတဲ့ ခန္ဓာကိုယ်တစ်ခုရှိတယ်..."

ချူထျန်းပါ့က အရူးတစ်ယောက်ကဲ့သို့ ခပ်တိုးတိုး ပြောလိုက်သည်။

ဤသွေးထွက်သံယို ဖြစ်ရပ်မှန်ကို သူလက်မခံနိုင်သေးပေ။

ကျှင်းရှောင်ယောက်၏ မျက်လုံးများမှာတော့

စာနာသနားမှု အရိပ်အမြွက်မျှပင်မရှိဘဲ လျစ်လျူရှုထားခဲ့သည်။

"အစကနေ အဆုံးထိ မင်းမှားခဲ့တယ်၊ မင်း အမှားကြီးမှားခဲ့တာပဲ"

"ငါမှားခဲ့တယ်လား၊ ငါဘယ်မှာမှားလို့လဲ"

ချူထျန်းပါ့၏ အမူအရာက ရုတ်တရက် ကြမ်းကြုတ်လာသည်။

"ငါက ဒီကမ္ဘာမှာ ခေတ်အဆက်ဆက် ပြိုင်ဘက်ကင်းလို့ ပြောနိုင်တဲ့ တစ်ဦးတည်းသောသူပဲ"

ကျွင်းရှောင်ယောက်က သူ့အင်္ကျီလက်စကို ခါယမ်းလိုက်သည်။ သူ့လေသံတွင် အကြွင်းမဲ့ လွှမ်းမိုးနိုင်စွမ်းများ စီးမျောပါဝင်သွား၏။

ငါက ဒီကမ္ဘာမှာ ခေတ်အဆက်ဆက်

ပြိုင်ဘက်ကင်းလို့ ပြောနိုင်တဲ့
တစ်ဦးတည်းသောသူပဲ....

"မင်း..."

ချူထျန်းပါ့၏ ရင်ဘတ်က ဒေါသကြောင့်
တုန်ခါသွားကာ ပါးစပ်ထဲမှ သွေးများ
အန်ထွက်လာခဲ့သည်။

သူ၏ တာအိုနှလုံးသားက ကြီးမားသော ထိုးနှက်မှုကို
ခံစားခဲ့ရပြီ။

ကျွင်းရှောင်ယောက်၏ တည်ရှိမှုက
လွှမ်းမိုးချုပ်ကိုင်ခြင်းထက် ပို၍သာလွန်သည်။

သူက ဤကမ္ဘာတွင် ခေတ်အဆက်ဆက်
ပြိုင်ဘက်ကင်းဟု ပြောနိုင်သည့်

တစ်ဦးတည်းသောသူ။

လူတစ်ယောက်က ဤစကားမျိုး ပြောဝံ့ခြင်းမှာ ဘယ်လောက်တောင် ရူးသွပ်မာနကြီးလိုက်သလဲ။

"ပြီးပြီ"

ကျွင်းရှောင်ယောက်က ချူထျန်းပါ့ကို အဆုံးသတ်ရန် သူ့လက်ဝါးကို ဆန့်ထုတ်လိုက်သည်။

ဆန့်ကျင်ဘက် ခန္ဓာနှစ်ခုက တစ်မိုးအောက်တွင် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန်ဆိုသည်မှာ လုံးဝ မဖြစ်နိုင်ပါချေ။ တစ်ဖက်ဖက်တော့ ကျဆုံးမှသာ တိုက်ပွဲလည်း ပြီးဆုံးနိုင်လိမ့်မည် ဖြစ်သည်။

"မဟုတ်ဘူး၊ ငါ လက်မခံဘူး"

ချူထျန်းပါ့ ရှုးသွပ်သွားသလို ခေါင်းခါယမ်းကာ
အော်ဟစ်လိုက်သည်။

"ဝုန်း"
ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာခဲ့၏။

ချူထျန်းပါ့လည်း သူ့အသက်မသေရေးအတွက်
မရဏခေါင်းလောင်းကို ထပ်မံ ထုတ်ဖော်လိုက်သည်။

သူ ဒုက္ခိတ ဖြစ်ခဲ့လျှင်ပင် မသေသေးသရွေ့
တစ်ကျော့ပြန်ဖြစ်ရန် အခွင့်အလမ်းရှိသေးသည်။
သူသေရင်တော့ ဘာမှ မကျန်တော့ဘဲ
ချုပ်ငြိမ်းသွားရမည် ဖြစ်သည်။

ဒါကိုမြင်တော့ ကျွင်းရှောင်ယောက် ခေါင်းခါယမ်းကာ

ပြောလိုက်သည်။

"မင်းက လက်မလျှော့သေးဘူး ထင်တယ်၊ ဒါပေမယ့်
ရလဒ်က ပြောင်းလဲမှာ မဟုတ်ဘူး"

သူဟာ ကျန်းတောက်ရှီပေးလိုက်သော မပြည့်စုံသည့်
ရှေးဟောင်းချပ်ဝတ်တန်ဆာဖြင့်
မရဏခေါင်းလောင်း၏ စွမ်းအားကိုတွန်းလှန်ရန်
အသုံးပြုခဲ့သည်။

တစ်ချိန်တည်းမှာပင် ချူထျန်းပါ့ရင်ဝကို
လက်ဝါးတစ်ချက် ရိုက်ချလိုက်၏။

"ဂျွတ် ဂျွတ်..."

အရိုးများအပါအဝင် ချူထျန်းပါ့၏
အတွင်းအင်္ဂါအားလုံးနီးပါး ကွဲကြေသွား၍
ပြိုလဲလုနီးပါး ဖြစ်သွားလေတော့သည်။

ချူထျန်းပါ့၏ ခန္ဓာကိုယ်တစ်ခုလုံးက အက်ကွဲပြီး ပြန်လည်ဝင်စားခြင်းရေကန်ထက်တွင် သွေးများ ဖြာရဲသွားရသည်။

ကျွင်းရှောင်ယောက်လည်း မျက်လုံး အရောင်လက်သွား၏။

ချူထျန်းပါ့ ကျဆုံးတော့မည်မှန်း သူသိသည်။

"အဟွတ်၊ အဟွတ်... ကျွင်းရှောင်ယောက် မင်းက ဂုဏ်ယူနေတာလား"

သေလုနီးပါး ဖြစ်လာပြီးနောက ချူထျန်းပါ့မျက်နှာတွင် ရှုးသွပ်မှု အရိပ်အယောင်များ ပေါ်လာသည်။

"ဂုဏ်ယူစရာလိုလို့လား၊ ပုရွက်ဆိတ်တစ်ကောင်ကို သတ်လိုက်တာက ဘာဂုဏ်ယူစရာ ရှိလို့လဲ"

ကျွင်းရှောင်ယောက်က ဂရုမစိုက်ဟန်ဖြင့် ပြန်ဖြေလိုက်သည်။

ဤအတွက် အောင်မြင်မှုဆိုတာ လုံးဝမရှိပေ။

"ဖူး"

ချူထျန်းပါ့ ထပ်မံ သွေးအန်လိုက်ရသည်။

သေခါနီးသည်အထိ စိတ်ချမ်းသာစရာ တစ်ခုမျှ မကြားရပါချေ။

သို့သော်လည်း သူက အန္တရာယ်ရှိဟန်ဖြင့်

ပြီးနေဆဲပင်။ သူက သွေးစွန်းနေသောနှုတ်ခမ်းဖြင့် ပြုံးကာ ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ ကောင်းကင်မှာ လူဝင်စားတွေ ရှိသေးတယ်။ တစ်နေ့ကျရင် မင်းလည်း ငါ့နာကျင်မှုကို ခံစားရလိမ့်မယ်"

"ဟမ့်၊ ကောင်းကင်ဘုံကို ဘယ်သူကကြောက်မှာလဲ"

"ဒီနတ်ဘုရားသားတော်က အနာဂတ်မှာ ကောင်းကင်တစ်ခွင်လုံးကို အုပ်စိုးလိမ့်မယ်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။

မည်သည့်အကြောင်းတရားနှင့် အကျိုးသက်ရောက်မှုကိုမှ သူမယုံပါ။

လုံလောက်သော ခွန်အား ရှိထားပါက
အရာအားလုံးကို လွှမ်းမိုးသွားနိုင်သည်။

အရာအားလုံးကို လျစ်လျူရှုထားနိုင်သော
ကျွင်းရှောင်ယောက်၏ စိတ်ဓာတ်ခိုင်မာမှုကို
မြင်လိုက်ရသောအခါ ချူထျန်းပါ့ပင်လျှောင်
တုန်လှုပ်သွားခဲ့မိသည်။

ဤလူ၏ တာအိုနှလုံးသားက လုံး၀
မတုန်လှုပ်လုနီးပါးပင်။

"ကျွင်းရှောင်ယောက်၊ ဒါကိုပြောဖို့က
စောလွန်းတယ်ကွ။ တစ်ရက်မှာ ငါ့မျိုးနွယ်ရဲ့
ကောင်းကင်အသျှင်က မင်းကို
ဖြတ်ကျော်သွားလိမ့်မယ်"

ချူထျန်းပါ့က အေးစက်စက်ဖြင့် ပြောလိုက်သည်။

အသျှင်။

ဤခေါင်းစဉ်က လူအချို့ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ မျိုးရိုးတစ်ခုမှ အသန်ဆုံးပုဂ္ဂိုလ်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

ရှေးမှတ်တမ်းများတွင် ကောင်းကင်အသျှင် အဆက်အနွယ်မှ မွေးဖွားလာသော အသျှင်များလည်း ရှိသည်။

ဎင်းတို့ မွေးဖွားလာသရွေ့ တော်ရုံမြင့်မြတ်ခန္ဓာများကို အလွယ်တကူ အနိုင်ရစေပေလိမ့်မည်။

အသျှင်တစ်ဦး မွေးဖွားလာသရွေ့
ရှေးဟောင်းမြင့်မြတ်ခန္ဓာအများစုဟာ အားနည်းချက်၊
သို့မဟုတ် အားသာချက်များ
ကျဆင်းသွားတတ်သည်။

အသျှင်မရှိသောခေတ်မှာတော့
ရှေးဟောင်းမြင့်မြတ်ခန္ဓာက များစွာ
ဝံ့ကြွားနိုင်လိမ့်မည်။

သို့ရာတွင် ထိုအသျှင်ခန္ဓာက ရှေးဟောင်းမြင့်မြတ်ခန္ဓာ
အများစုကို ဖိနှိပ်နိုင်စွမ်း ရှိသည်။

သာမန် ရှေးဟောင်းမြင့်မြတ်ခန္ဓာများကို အဆိုပါ
အသျှင်ခန္ဓာက တိုက်ရိုက် ဖိနှိပ်နိုင်ပေသည်။

"အသျှင် မွေးဖွားလာရင်ကော ဘာဖြစ်သေးလဲ၊

မင်းက အဒီအချိန်ထိ ရှင်သန်နိုင်ဦးမှာမို့လား"
ကျွင်းရှောင်ယောက်က တစ်ချက် ပြုံးလိုက်သည်။

"ဟမ့်၊ ကျွင်းရှောင်ယောက်… မင်းကော
အသက်ရှင်လျက် ထွက်သွားနိုင်မှာ သေချာလား"
ထိုအချိန် ချူထျန်းပါ့က ရုတ်တရက် ထူးဆန်းသော
အပြုံးကို ထုတ်ဖော်လာခဲ့သည်။

၎င်းက အနက်ရောင်တံဆိပ်တစ်ခုကို ရုတ်တရက်
ထုတ်ဖော်ကာ သူ့ကိုယ်ထဲမှ သွေးများနှင့် စွမ်းအင်များ
သွန်းလောင်းထည့်လိုက်၏။

"အမှောင်ဘုရင် တံဆိပ်ကို ချိုးဖြတ်၊  တံဆိပ်တုံးထု!"
ချူထျန်းပါက နောက်ဆုံး သူ့ခွန်အားကို
ကုန်ဆုံးစေကာ တံဆိပ်ကို ချိုးဖျက်ရန်
ကြိုးစားလိုက်သည်။ ထို့နောက် တံဆိပ်ကို

ပြန်လည်ဝင်စားခြင်း ရေကန်ထဲသို့ ပစ်ထည့်လိုက်၏။

တခဏချင်းမှာပဲ ကမ္ဘာကြီးတစ်ခုလုံး
ကမောက်ကမဖြစ်ကာ သင်္ချိုင်းကမ္ဘာကြီး
တုန်လှုပ်သွားတော့သည်။

--------